**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်းရှိသောသူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

အများအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၃၆)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်
၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁ ရက်၊ တနင်္လာနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (SCO SUMMIT 2025) အစည်းအဝေးအထိမ်းအမှတ် ကြိုဆိုဂုဏ်ပြုညစာစားပွဲသို့တက်ရောက်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (SCO SUMMIT 2025)အစည်းအဝေးအထိမ်းအမှတ် ကြိုဆိုဂုဏ်ပြုညစာစားပွဲသို့တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ အကြီးအကဲများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

နေပြည်တော် ဩဂုတ် ၃၁

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး(Shanghai Cooperation Organisation – SCO SUMMIT 2025)တက်ရောက်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တီယန်ကျင်းမြို့တွင်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် Tianjin Meijian Convention Center ၌ ကျင်းပပြုလုပ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping က တည်ခင်းဧည့်ခံသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး ကြိုဆိုဂုဏ်ပြုညစာစားပွဲသို့တက်ရောက်သည်။

စာမျက်နှာ ၅ ကော်လံ ၁ ☆

**မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား**

စာ – ၁၆ သို့

**စနစ်သစ်နှင့်ရွေးကောက်ပွဲ စကားဝိုင်းဆွေးနွေးပွဲ**

အင်တာဗျူး စာ – ၇ သို့

# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁ ရက်)

## နှစ်နိုင်ငံအကျိုးစီးပွားပိုမိုဖြစ်ထွန်းလာစေရေး

ကမ္ဘာပေါ်တွင်နိုင်ငံများအလိုက် စုပေါင်းဖွဲ့စည်းထားသောအဖွဲ့အစည်းများစွာရှိပေရာ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)သည်လည်း တစ်ခုပါဝင်သည်။ အဆိုပါအဖွဲ့ကို ၂၀၀၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါသက်တမ်းအားဖြင့် ၂၄ နှစ်သို့ရောက်ရှိလာပြီဖြစ်သည်။ SCO အဖွဲ့၏ဖွံ့ဖြိုးတိုးတက်မှုသည် ကမ္ဘာ့လူဦးရေထက်ဝက်နီးပါးကိုယ်စားပြုသည့် အခြေအနေအထိ ရောက်ရှိလာပြီဖြစ်သည်။ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)မှ အဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့အကြား ၂၀၂၄ ခုနှစ်အတွင်းကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၅၁၂ ဒသမ ၄ ဘီလီယံအထိရောက်ရှိခဲ့ကြောင်းသိရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping ၏ဖိတ်ကြားချက်အရ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ထိပ်သီးအစည်းအဝေး(Shanghai Cooperation Organisation – SCO SUMMIT 2025)နှင့်တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားသို့တက်ရောက်ရန် ဩဂုတ်လ ၃၀ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ရောက်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping နှင့် ဩဂုတ်လ ၃၀ ရက်ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် တီယန်ကျင်းမြို့ရှိ တီယန်ကျင်းဧည့်ဂေဟာ၌ တွေ့ဆုံဆွေးနွေးကြသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတက **"တရုတ်နှင့်မြန်မာသည် ခိုင်မာသည့်ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးရှိသည့်အိမ်နီးချင်းနိုင်ငံများဖြစ်ပြီး တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးနှင့်တည်ငြိမ်ရေးကို အမြဲထောက်ခံရပ်တည်အားပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏နိုင်ငံရေးတည်ဆောက်မှုများကိုလည်းထောက်ခံပြီး မြန်မာပြည်သူလူထုဖွံ့ဖြိုးတိုးတက်မှုနှင့် နှစ်နိုင်ငံအေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရေးကို ခိုင်မာစွာရပ်တည်လျက်ရှိကြောင်း၊ နှစ်နိုင်ငံငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်အတိုင်း ဆက်လက်ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း"**ပြောကြားခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌကပြောကြားရာတွင် **"မိမိတို့မြန်မာနိုင်ငံအနေဖြင့် ဖက်ဆစ်အား ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် စတင်တော်လှန်ခဲ့ကြောင်း၊ မြန်မာ့တပ်မတော်၏တပ်မတော်နေ့ကို ဖက်ဆစ်အားတော်လှန်ခဲ့သည့် မတ်လ ၂၇ ရက်ကိုသတ်မှတ်ခဲ့ပြီး ၂၀၂၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့၌ နှစ်(၈၀)ပြည့်အခမ်းအနားကိုကျင်းပခဲ့ကြောင်း၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးညီလာခံသည် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်မည့်အလေးထားရသောညီလာခံဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၃ ခုနှစ်၊ မေလတွင် SCO ၏ဆွေးနွေးဖက်နိုင်ငံဖြစ်လာပြီး အစည်းအဝေးများစတင်တက်ရောက်ခဲ့ကြောင်း၊ အဖွဲ့ဝင်နိုင်ငံဖြစ်လာစေရေး တရုတ်နိုင်ငံအနေဖြင့် ဆက်လက်ထောက်ခံပေးစေလိုကြောင်း၊ ယခုတွေ့ဆုံဆွေးနွေးမှုမှသည် နှစ်နိုင်ငံအကြားကောင်းမွန်သည့်ဆက်ဆံရေးကို ပိုမိုအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဟုယုံကြည်ပါကြောင်း"**ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၌ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ OBOR စီမံကိန်းနှင့် မြန်မာစီးပွားရေးစင်္ကြံ(CMEC)၌ပါဝင်သည့်စီမံကိန်းများအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝသယံဇာတများအားအကျိုးရှိစွာအသုံးပြုနိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ မန္တလေးငလျင်ကြီးနှင့်ပတ်သက်၍ အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတကာမျက်နှာစာ၌ တရုတ်နိုင်ငံ၏မြန်မာနိုင်ငံအပေါ် ထောက်ခံအားပေးရပ်တည်ချက်အပေါ်အထူးအလေးထားမှုနှင့် နှစ်နိုင်ငံအကြားဆက်ဆံရေး ပိုမိုအရှိန်မြှင့်တင်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ဒီဇင်ဘာလ ၂၈ ရက်၌ စတင်ကျင်းပမည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးနှင့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်ထားသည့်အခြေအနေများနှင့်ပတ်သက်၍ ကျယ်ပြန့်စွာဆွေးနွေးကြသည်။

မြန်မာနှင့်တရုတ်နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးသည် ၂၀၂၅ ခုနှစ် မေလတွင် ရုရှားနိုင်ငံ မော်စကိုမြို့၌ တွေ့ဆုံဆွေးနွေးစဉ် သဘောတူညီခဲ့သည့်ဆက်လက်ဆောင်ရွက်ရန်ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏နိုင်ငံရေး၌ ပြည်ပမှဝင်ရောက်စွက်ဖက်မှုကို ဆန့်ကျင်မှု၊ တရုတ်-မြန်မာမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးအတွက် တရုတ်နိုင်ငံ၏အပြုသဘောဆောင်သောရပ်တည်ချက်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ နိုင်ငံတကာမျက်နှာစာ၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် ဆက်ဆံရေးတို့၌ မြန်မာနိုင်ငံအနေဖြင့် သိက္ခာမြင့်မားစွာရပ်တည်နိုင်ရေးကိစ္စရပ်များအား ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့သည်။ နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတွေ့ဆုံမှုမှသည် နှစ်နိုင်ငံအကျိုးစီးပွားပိုမိုဖြစ်ထွန်းလာမည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ
## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုပေးပွဲအခမ်းအနားကျင်းပ

တောင်ကြီး ဩဂုတ် ၃၁

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ မြို့တော်ခန်းမ၌ ဩဂုတ်လ ၃၁ ရက်နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုပေးပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက "မြန်မာ့ကျောင်း"သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အောင်ချက်အကောင်းဆုံး မြို့နယ်သုံးမြို့နယ်၊ အောင်ချက်အကောင်းဆုံး အခြေခံပညာကျောင်း သုံးကျောင်း၊ အောင်ချက်အကောင်းဆုံး ကိုယ်ပိုင်ကျောင်းသုံးကျောင်းမှ တာဝန်ရှိသူများနှင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၆ ဘာသာဂုဏ်ထူးရှင်၊ ၅ ဘာသာဂုဏ်ထူးရှင်၊ ၄ ဘာသာဂုဏ်ထူးရှင်၊ ၃ ဘာသာဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများအသီးသီးပေးအပ်သည်။

ထို့နောက် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသား၊ကျောင်းသူများက "ဇာတိမာန်" သီချင်းဖြင့်သီဆိုဖျော်ဖြေပြီး သီဆိုဖျော်ဖြေပေးသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုငွေပေးအပ်၍ တာဝန်ရှိသူများနှင့်ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြောင်း သိရသည်။

(၄၀၅)

### သဇင်(FM)အသံလွှင့်အစီအစဉ်

၁-၉-၂၀၂၅(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Sport News |
| ၂။ | ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် |
| ၃။ | ၁၅:၀၀ | Jumping For You |
| ၄။ | ၁၆:၄၀ | I Music |
| ၅။ | ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၆။ | ၂၂ :၂၀ | Goodnight Listeners |

### MWD Education, Knowledge & Sports Channel

၁-၉-၂၀၂၅(တနင်္လာနေ့)

၁။ ၀၇:၀၀-၀၈:၃၅ Grade - 6 မြန်မာစာ၊ အင်္ဂလိပ်စာ
၂။ ၁၅:၃၀-၁၆:၁၅ Grade - 6 အင်္ဂလိပ်စာ၊ သင်္ချာ(၁)၊ သင်္ချာ(၂)
၃။ ၁၆:၁၅-၁၇:၁၅ Grade - 6 ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ
၄။ ၁၇:၁၅-၁၈:၀၀ Grade - 3 မြန်မာစာ၊ အင်္ဂလိပ်စာ
၅။ ၁၈:၀၀-၁၉:၃၀ Grade - 3 သင်္ချာ၊ လူမှုရေး၊ သိပ္ပံ

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

## အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲဖိတ်ခေါ်ခြင်း

**နေပြည်တော် ဩဂုတ် ၃၁**

၁။ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် **"သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲဆောင်ရွက်မှုများ"** ခေါင်းစဉ်ဖြင့် အလွတ်တန်းအဆင့်ဆောင်းပါးပြိုင်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပထမဆု၊ ဒုတိယဆုနှင့်တတိယဆုရရှိသူများအား နေပြည်တော်တွင်ကျင်းပပြုလုပ်မည့် အထိမ်းအမှတ်အခမ်းအနားနေ့တွင် ဂုဏ်ပြုဆုငွေနှင့်ဆုတံဆိပ်များချီးမြှင့်သွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက်များအား https://bit.ly/47Md8Ck တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး တယ်လီဖုန်းအမှတ်၊ ၀၆၇ ၃၄၀၄၀၄၉၊ ၀၆၇ ၃၄၀၄၀၇၁ သို့လည်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

## အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းပြိုင်ပွဲနှင့် ကာယဗလ ကာယကြံ့ခိုင်မှုပြိုင်ပွဲ ဆုပေးပွဲကျင်းပ




**တောင်ကြီး ဩဂုတ် ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ ပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ ဩဂုတ်လ ၃၀ ရက် ညနေပိုင်းတွင် ၂၀၂၅ ခုနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ခရိုင်များအလိုက် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းပြိုင်ပွဲနှင့် မြို့နယ်များအလိုက် ကာယဗလ၊ ကာယကြံ့ခိုင်မှုပြိုင်ပွဲ ဆုပေးပွဲကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အသင်းများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ခရိုင်များအလိုက် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းပြိုင်ပွဲနှင့် မြို့နယ်များအလိုက် ကာယဗလ၊ ကာယကြံ့ခိုင်မှု ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်တာဝန်ရှိသူတို့က ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းသုံးဦးတွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ဆုတံဆိပ်နှင့် ငွေသားဆုများအားလည်းကောင်း၊ ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းကိုးဦးတွဲ အသင်းလိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသူများကို ဆုတံဆိပ်နှင့် ငွေသားဆုများအားလည်းကောင်း၊ ၂၁ နှစ်အောက် ၅၅ ကီလိုတန်း၊ ၆၀ ကီလိုတန်း၊ ၆၅ ကီလိုတန်း၊ ၇၀ ကီလိုတန်း၊ ၇၅ ကီလိုတန်းနှင့်အထက် ကာယဗလပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ဆုတံဆိပ်နှင့် ငွေသားဆုတို့အားလည်းကောင်း အသီးသီးပေးအပ်သည်။

ထို့နောက်အမျိုးသား Athletic Physique (၁၇၀ စင်တီမီတာအထက်) ပြိုင်ပွဲ၊ အမျိုးသမီး Model Physique ပြိုင်ပွဲ၊ ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား Sport Physique (၁၇၀ စင်တီမီတာအထက်) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ဆုတံဆိပ်နှင့် ငွေသားဆုတို့အားလည်းကောင်း၊ ၂၀၂၅ ခုနှစ် ရှမ်းပြည်နယ် ကာယဗလမောင်ဆုရရှိသူအား ဆုတံဆိပ်နှင့် ငွေသားဆုအားလည်းကောင်း၊ ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (Aerobic) ပြိုင်ပွဲတွင် စုပေါင်းတံခွန်စိုက်ဖလားရရှိသော အသင်းအားလည်းကောင်း ဆုများအသီးသီး ပေးအပ်ကြောင်း သိရသည်။ (၄၀၅)

## ပန်တျာပန်း ဝေဆာလန်းသည်

- ❖ လမ်းတွေဆက်လျှောက်၊ ခရီးပေါက်ခဲ့
  ပျို့လှောက်ရှိန်ဝှန်၊ မျိုးဂုဏ်မာန်ဖြင့်
  ရွှေမှန်လျှပ်လျှပ်၊ ရွှေကလပ်ဝယ်
  ထပ်ထပ်ဝင်းပ၊ ပွဲကြီး ခ ၏
  လှပချိန်ညွှန်း၊ သသ ရွှန်းသည်
  ညွတ်ဝန်းဆပွား၊ အပေါင်းအားတည်း။
- ❖ ပဥ္စင်ညံညံ၊ ပွဲကြီးခံတိုင်း
  အဲးသံ အဲးခံ၊ ညီနောင်သံတို့
  ဝတ်ဆံပန်းပေါင်း၊ ပွင့်လာကြောင်းတည်း။
- ❖ အပေါင်းသဲသဲ၊ နံ့သာကဲ၍
  ဆင်နွှဲပြောင်မြောက်၊ ညာကြေတောက်ကာ
  စွမ်းမြောက်အင်အား၊ အပြားပြားတည်း။
- ❖ သွေးသားချစ်ခင်၊ သံယောဇဉ်မူ
  ပန်းသွင်ထုံထုံ၊ ပန်းနှယ်စုံ၏
  မြင်ရုံနှင့်မျှ၊ လှလွန်းကြရှင့်
  ပြပြစုစု၊ ယဉ်ကျေးမှုသည်
  ပြုစုမှုကောင်း၊ သည်အကြောင်းကြောင့်
  သွန်းလောင်းနှင်းရည်၊ ရေကြည်ဆွတ်ဖျန်း
  ကွန်းရိပ်နန်းဝယ်၊
  စံမြန်းရှည်ကြာ၊ ကောင်းချီးပြောသည်
  နေဖြာ လဆင်း ပုံသို့တည်း။ ။

ကိုဇော်ငွေး(ယဉ်ကျေးမှု)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁-၉-၂၀၂၅(တနင်္လာနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၈:၀၀ မျိုးချစ်တပ်မတော်
၃။ ၀၉:၀၀ Soft Skill
၄။ ၁၁:၀၀ ကမ္ဘာ့ရေးရာမှတ်သားစရာ
၅။ ၁၂:၀၀ လူတိုင်းကျန်းမာသိမှတ်စရာ
၆။ ၁၄:၀၀ မှတ်သားလိုက်နာပုံပမာ
၇။ ၁၅:၀၀ ပန်းပေါင်းစုံစွာအနုပညာ
၈။ ၁၆:၀၀ ကိုယ်လက်လှုပ်ရှားအားကစား
၉။ ၁၇:၀၀ သီချင်းလက်ဆောင်
၁၀။ ၁၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၁၁။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ
၁၂။ ၂၀:၀၀ **Sharing Knowledge**

## MWD Variety Channel

၁-၉-၂၀၂၅(တနင်္လာနေ့)

၁။ ၀၉:၄၀ စိတ်ဝင်စားဖွယ်ရာတိရစ္ဆာန်ကမ္ဘာ
၂။ ၁၀:၄၅ Countries of the World
၃။ ၁၂:၃၀ ပေး၍မကုန်ပေမွန်မြတ်လှတဲ့ပညာအမွေ
၄။ ၁၄:၃၅ သတိမမူ ဂူမမြင်

## ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံး ပန်းချီ ပြိုင်ပွဲများကျင်းပ



**မြဝတီ ဩဂုတ် ၃၁**

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကြီးမှူး၍ မြို့နယ်ပညာရေးမှူးရုံး၌ ဩဂုတ်လ ၃၀ ရက် နံနက်ပိုင်းတွင် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး၊ ပန်းချီ ပြိုင်ပွဲများကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် From Science to global action အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံးမြှင့်တင်ဆောင်ရွက်ပေးခေါင်းစဉ်ဖြင့် အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၁၉ ဦးနှင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၂၄ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၄၃ ဦးတို့က ယှဉ်ပြိုင်ကြသည်။

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲကို မြို့နယ်ပညာရေးမှူး ဦးမိုးကျော်ကကြီးကြပ်၍ တာဝန်ကျဆရာ၊ ဆရာမများက ပူးပေါင်းဆောင်ရွက်ကြပြီး ဆုရရှိသည့်ကျောင်းသား၊ ကျောင်းသူများအား စက်တင်ဘာလ ၁၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား၌ ဆုများပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ (၄၀၆)

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ဖေဖော်ဝါရီလ (တပို့တွဲလ) ရောက်လာပြီဖြစ်သော်လည်း မိုးညှင်းမြို့ဒေသမှာ အတော်ကြီး ချမ်းအေးလျက်ပင်ရှိသေးရာ တစ်အိမ်တည်း အတူတည်းခိုလျက်ရှိသော ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် ကျွန်ုပ်တို့သည် သန်းခေါင်ကျော်သည့်တိုင်အောင် အိပ်ရာသို့ မဝင်ကြသေးဘဲ မီးလင်းဖိုလေးရှေ့တွင် မျက်နှာချင်းဆိုင် ထိုင်ကာ လက်ဖက်ရည်ကြမ်းတစ်အိုးနှင့် ရေးဟောင်းနှောင်းဖြစ်များ ပြောလျက်ရှိကြ၏။ ဆီးနှင်းပေါက်များသည် အိမ်နံဘေး၌ရှိသော ဝါးရုံပင်ထက်မှ သစ်ပင်အောက်ရှိ မီးပုံပြာထဲသို့ တရှဲရှဲကျသောအသံများမှာ သန်းခေါင်ကြက်တွန်သံများကြားတွင် စည်းဝါးလိုက်ပေးသကဲ့သို့ တစ်ချက်တစ်ချက်ပေါ်ထွက်လာခြင်းကို ကြားရ၏။ "ဘယ့်နှယ်လဲ ဆရာ၊ သန်းခေါင်ကြက်တွေလည်း တွန်ကုန်ပြီ၊ ဆရာ အိပ်ပျက်နေတော့မယ်"ဟု ကျွန်ုပ်က သတိပေးသောအခါ ဆရာကြီးက "မင်း အိပ်ချင်ပြီလားကွ၊ ငါတော့ မအိပ်ချင်သေးပေါင်ကွာ၊ ငါတို့ ဒီလိုဆုံစည်းခဲတယ်ကွ"ဟု ပြောသည်နှင့် ကျွန်ုပ်သည် ၁ နာရီထိုးသည့်တိုင်အောင် ဆက်ထိုင်ပြီးမှ အိပ်ရာသို့ ဝင်ကြရပါသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးညီလာခံကြီးမှာ နေ့အချိန်တွင် စည်ကားရုံသာမက ညများတွင်လည်း ငြိမ်းချမ်းရေးညွှန့်တင်ဇာတ်ပွဲတွေ ဘာတွေနှင့် ခြိမ့်ခြိမ့်သဲလျက် တိုးမပေါက်အောင်စည်ကားလှပါဘိသည်။ ကျွန်ုပ်တို့ မြန်မာလူမျိုးအဖို့မှာ မည်သည့်ကိစ္စကို စီမံသည်ဖြစ်စေ ဇာတ်ပွဲလေးဘာလေး ထည့်ပေးသောအစီအစဉ်သည် မဆိုးလှဟု စဉ်းစားမိသည်။

ညီလာခံပြီး၍ ကျွန်ုပ်တို့လူစု ပြန်ခါနီးတွင် မိုးညှင်းမြို့ပေါ်မှသာမက ယင်းနယ်ပယ်တစ်ဝိုက်ရှိ အမျိုးသား၊ အမျိုးသမီး၊ လူငယ်များသည် အလွန်ရွှင်ပျသောမျက်နှာများဖြင့် ကျွန်ုပ်တို့အားနှုတ်ဆက်စဉ် "ဒီညီလာခံမျိုး နှစ်တိုင်း မိုးညှင်းမှာ ကျင်းပနိုင်အောင်ကြိုးစားမယ်" ဟု ပြောရှာကြသည်။ ဝမ်းနည်းဖွယ်အခြင်းအရာတစ်ခု ဖော်ပြရဦးမည်မှာ မိုးညှင်းမြို့ပေါ်ရှိ ဖဆပလ အဆွယ်အပွား လူရမ်းကားလေးများသည် ပွဲပျက်အောင် အနှောင့်အယှက်ပြုလုပ်ကြသေးသည်ဆိုရာ ကမ္ဘာ့ငြိမ်းချမ်းရေးသမားများ၏ အအုပ်အထိန်းကောင်းမှုကြောင့် သူတို့၏အကြံမအောင်မြင်ဘဲ ငြိမ်းချမ်းရေးအဖွဲ့ဆိုသည့်အလိုက် ငြိမ်းချမ်းစွာနှင့်ပင် လက်စသိမ်းနိုင်ခဲ့ကြပါပေသည်။ ဖဆပလဟူသောအမည်ကို မည်သူက မှည့်ခဲ့သည်ဖြစ်စေ၊ ထိုအချိန်တွင်ကား အနယ်နယ်အရပ်ရပ်၌ လူရမ်းကားများ သိမ်းသွင်းစုဆောင်းခြင်းအလုပ်တွင် နိုးတူးခေါ်လောက်သည့် လူစုပေတကားဟု မှတ်တမ်းတင်ထိုက်ပါပေသည်။

> **"ကျွန်ုပ်၏ဟောပြောချက်များမှာ အကြောင်းယုတ္တိတင်ပြရာ၌ ညံ့လိမ့်မည်မထင်သော်လည်း ဟောပြောနေကျဖြစ်သော နိုင်ငံရေးသမားများ၊ တရားဟောဓမ္မကထိကများ၏ လေယူလေသိမ်းမျိုးမဟုတ်သည့်အတွက်ကြောင့် ထိရောက်သင့်သလောက် ထိရောက်မှုရှိပုံမရခြင်းကိုလည်း ကျွန်ုပ်ရိပ်မိပါသည်။ ဝန်ကြီးချုပ်ဦးနုရှေ့၌ ဘာသာပြန်ဆုယူခဲ့စဉ်က မိမိအကြောင်းကို နှိမ့်ချပြောခြင်းဖြင့် အောင်မြင်ခဲ့ဖူးသော်လည်း နေရာတကာတွင် ကိုယ့်အကြောင်းပြောပြခြင်းအားဖြင့် စားသာမည်မဟုတ်ခြင်းကိုသိသည်နှင့် ထည့်မပြောဘဲ ရှက်ကြမ်းရေကျိုမှုနှင့်ပင် ကျေနပ်ခဲ့ရပါသည်. . ."**

### မုံရွာနယ်တစ်ခွင်သို့

မိုးညှင်းညီလာခံကြီးမှ မန္တလေးသို့ ပြန်ရောက်လာသောအခါ ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် ကိုဘငြိမ်းတို့အဖွဲ့သည် မုံရွာသို့ ဆက်လက်သွားရောက်၍ ငြိမ်းချမ်းရေးတရားဟောပြောရန် စီမံကြသည်တွင် ကျွန်ုပ်ကိုလည်းလိုက်ခဲ့ဖို့ ခေါ်ကြပြန်၏။ ကျွန်ုပ်မှာ ဇာတ်ပွဲနှင့်လိုက်ရသည့် ဇာတ်သမားတစ်ယောက်ကဲ့သို့ အဖွဲ့အစည်းနှင့်သွားရခြင်းအလုပ်တွင် အတော်ပျော်ပိုက်လျက်ရှိနေပြီဖြစ်သောကြောင့် တစ်ခါအပြင် နှစ်ခါမခေါ်ရဘဲ သူတို့နှင့်အတူ လိုက်သွားခဲ့ပြန်ပါသည်။ ထိုအချိန်တွင် ကိုဘငြိမ်း၊ သိန်းဖေမြင့် အစရှိသော အမတ်လောင်းများသည် မုံရွာနယ်ဘက်၌ ရွေးကောက်ပွဲအတွက် တရားပွဲများစီစဉ်လျက်ရှိရာ ကျွန်ုပ်သည် ကမ္ဘာ့ငြိမ်းချမ်းရေးတရားဟောရင်းကနေ ပမညတ အမတ်လောင်းများအတွက် ထောက်ခံဟောပြောပေးသူတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်လာခဲ့ပါလေပြီ။ ဤအပြုအမူအတွက်ကြောင့်ပင် ဖဆပလအစိုးရက ကျွန်ုပ်အပေါ်၌ အငြိုးထားပြီး ဖမ်းသည်ဟု (ဟုတ်၊ မဟုတ်ကား မဆိုနိုင်) သတင်းစာဆရာ ညိုမြက ဂါဒီယန်သတင်းစာတွင် ရေးသားခြင်းကို သက်ဆိုင်ရာနေရာ၌ ဖော်ပြပါဦးမည်။ မုံရွာနယ်တစ်ဝိုက်တွင် ကျွန်ုပ်သည် အရွှန်းအသောလေးများပါရှိသည့် ပုံတိုပတ်စလေးများညှပ်ကာ ဟောပြောတတ်သည့် ဆရာကြီးသခင်ကိုယ်တော်မှိုင်းနောက်မှ မဟောတတ်ဟောတတ်နှင့် တတ်သရွေ့ မှတ်သရွေ့လေးများနှင့် ကြဲခဲ့ရပါသေးသည်။ ကျွန်ုပ်၏ ဟောပြောချက်များမှာ အကြောင်းယုတ္တိတင်ပြရာ၌ ညံ့လိမ့်မည်မထင်သော်လည်း ဟောပြောနေကျဖြစ်သော နိုင်ငံရေးသမားများ၊ တရားဟောဓမ္မကထိကများ၏ လေယူလေသိမ်းမျိုးမဟုတ်သည့်အတွက်ကြောင့် ထိရောက်သင့်သလောက် ထိရောက်မှုရှိပုံမရခြင်းကိုလည်း ကျွန်ုပ်ရိပ်မိပါသည်။ ဝန်ကြီးချုပ်ဦးနုရှေ့၌ ဘာသာပြန်ဆုယူခဲ့စဉ်က မိမိအကြောင်းကို နှိမ့်ချပြောခြင်းဖြင့် အောင်မြင်ခဲ့ဖူးသော်လည်း နေရာတကာတွင် ကိုယ့်အကြောင်းပြောပြခြင်းအားဖြင့် စားသာမည်မဟုတ်ခြင်းကိုသိသည်နှင့် ထည့်မပြောဘဲ ရှက်ကြမ်းရေကျိုမှုနှင့်ပင် ကျေနပ်ခဲ့ရပါသည်။

### ချဲလင့်ချ်လုပ်လိုက်ပုံ

မုံရွာမှ ဆရာကြီးသခင်ကိုယ်တော်မှိုင်းတို့နှင့်အတူ မန္တလေးသို့ပြန်လာကြ၍ ဆရာကြီးတို့လူစုသည် ကျွန်ုပ်၏နေအိမ်၌တည်းခိုကြပြီး ရန်ကုန်သို့ပြန်သွားကြသည့်နောက် ရက်အနည်းငယ်အတွင်း လူထုအယ်ဒီတာချုပ် ရွှေဥဒေါင်းနှင့် လူထုဒေါ်အမာတို့ကို ဧပြီလ ၁၉ ရက်တွင် ဖမ်းလိမ့်မည်ဟူသော သတင်းတစ်ရပ် ပေါ်ထွက်လာ၍ တချို့သတင်းစာများတွင် ဖော်ပြပါရှိခြင်းကိုတွေ့လိုက်ရ၏။ ကာယကံရှင်များဖြစ်သော ဒေါ်အမာနှင့် ကျွန်ုပ်တို့ကား ဘာမျှမသိရချေ။ ဤသတင်းကား အတော်ဆန်းကြယ်၏။ သတင်းစာတိုက်အယ်ဒီတာများကို ဖမ်းသည်ဆိုလျှင် ဖမ်းပြီးသောအခါမှ လူအများသိရသော ထုံးစံရှိပါလျက် မဖမ်းမီ သုံးလေးရက်ကြိုတင်ပြီး သတင်းပြေးနေခြင်းမှာ အစဉ်အလာမဟုတ်ချေ။ ဖမ်းလိမ့်မည်ဟု သတင်းဖြစ်သည်ဆိုလျှင် တစ်ခါတစ်ရံဖြစ်နိုင်သေးသော်လည်း ရက်စွဲနှင့်တကွ အတိအကျ ကြိုတင်ဖော်ပြထားခြင်းမှာ မည်သည့်တိုင်းပြည်သတင်းစာ ရာဇဝင်တွင်မှ မကြားရဖူးချေ။ ဒေါ်အမာဆိုလျှင် ဧပြီလ ၁၉ ရက် နီးကပ်လာကတည်းက အိပ်ရာလိပ်လေးများ ပြင်ထားသည်ဆို၏။ ဘယ်အခါမဆို ခရီးထွက်ဖို့ အသင့်ရှိသော ကျွန်ုပ်အဖို့မူကား (ဖခင်၏ ဝါသနာအတိုင်းပင်)ဘာမျှပြင်စရာမလို၊ စောင့်၍ကြည့်နေ၏။ သို့နှင့် ၁၉ ရက် ရောက်လာပြီး ကျော်လွန်သွားသော်လည်း ကျွန်ုပ်တို့ကို မဖမ်းဘဲထားသေး၏။ ဤအတောအတွင်း ရန်ကုန်၌ စစ်ဆေးလျက်ရှိသော လူထုဦးလှ၏အမှုတွင် တရားခံပြသက်သေအဖြစ်နှင့် ကျွန်ုပ်အားပြထား၍ မေလ ၂ ရက်တွင် ရန်ကုန်သို့ ကျွန်ုပ်သွားရမည်ဖြစ်၏။ ထိုအချိန်တွင် ပြည်ထဲရေးဝန်ကြီး ဗိုလ်ခင်မောင်ကလေးက ကျောက်ဆည်နယ် နိုင်ငံရေးတရားပွဲတစ်ခုတွင် ဟောပြောလိုက်ပုံမှာကား ရွေးကောက်ပွဲ၌ ပမညတအမတ်လောင်းများသည် မိမိတို့ ဖဆပလအမတ်လောင်းများနှင့် ပြိုင်ဝံ့သည်ဆိုလျှင် ငွေ ၁၀၀ ကျပ်နှင့် တစ်ကျပ်၊ ၁၀၀၀ ကျပ်နှင့် တစ်ကျပ် အကျောပေးပြီး လောင်းဝံ့သည်ဟု ပြောသည်ဆို၏။ ဤတွင် ကျွန်ုပ်က လက်ရှိ အာဏာ၏ ဘုန်းရိပ်မခိုဘဲ လွတ်လွတ်လပ်လပ် သန့်သန့်ရှင်းရှင်း ရွေးကောက်ပွဲကျင်းပမည်ဆိုပါက ဖဆပလဘက်မှ ငွေကျောပေးဖို့မလိုဘဲ ပမညတအမတ်လောင်းများဘက်မှ ဆတူလောင်းစမ်းချင်သည်ဆိုသည့် ချဲလင့်ချ်လုပ်သော ဆောင်းပါးတစ်ပုဒ်ကို လူထုသတင်းစာတွင် ရေးထည့်လိုက်လေသည်။

### ပညာရှိ နှိပ်စက်ခြင်း

အထက်ပါဆောင်းပါးမှာ မေလ ၁ ရက်ထုတ် လူထုသတင်းစာတွင် ပါလေရာ မေလ ၂ ရက်တွင် လူထုဦးလှ၏အမှုအတွက် ကျွန်ုပ် ရန်ကုန်သို့ သွားရလေသည်။ အမှုချိန်းရက် နီးကပ်နေပြီဖြစ်၍ ကျွန်ုပ်သည် လေယာဉ်ပျံနှင့် သွားရလေရာ ခရီးသည်များအနက်တွင် ပြည်ထဲရေးဝန်ကြီး ဗိုလ်ခင်မောင်ကလေးကို မြင်လိုက်ရသည်။ လေယာဉ်ပျံပေါ်၌ ဗိုလ်ခင်မောင်ကလေးနှင့်ကျွန်ုပ် တစ်ချက်မျှ မျက်နှာချင်းဆိုင်လိုက်မိကြရာတွင် တစ်ယောက်နှင့်တစ်ယောက် တစ်ကြိမ်မျှမတွေ့ဆုံကြဖူးသော်လည်း တစ်ယောက်ကိုတစ်ယောက်သိကြပုံရသည်။ သူ့မျက်နှာထားကို ကြည့်ရသည်မှာ သူသည် ပမညတဘက်မှ ဆတူလောင်းရဲသည်ဆိုသော ကျွန်ုပ်၏ (ချဲလင့်ချ်) ဆောင်းပါးကို ဖတ်ခဲ့ရဟန်ရှိသည်ဟု ကျွန်ုပ် အကဲခတ်မိသည်။ ထိုညနေ၌ မိုးလေးစိပ်စိပ်ရွာလျက်ရှိစဉ် လေယာဉ်ပျံသည် မင်္ဂလာဒုံလေဆိပ်သို့ ဆိုက်ရောက်သွားလေရာ လူငယ်တစ်ယောက်သည် "ဆရာကြီးပါကလား"ဟု နှုတ်ဆက်၍ ကျွန်ုပ်၏ ပစ္စည်းလေးများကို လေယာဉ်ပျံပေါ်မှ ရုံထဲသို့ ကူညီသယ်ယူပေးပါသည်။ ရုံထဲသို့ ရောက်ကြသောအခါ (ယစ်မျိုးဘက်ကထင့်) အမှုထမ်းများသည် ထိုလူငယ်၏ပစ္စည်းများကို မွှေနှောက်ကြည့်ရှုရာတွင် ရွှေချောင်း သုံးလေးချောင်းတွေ့ကြ၏။ ဤတွင် အမှုထမ်းများသည် ကျွန်ုပ်ရော လူငယ်ကိုပါ အခန်းတစ်ခုထဲသို့ခေါ်သွားပြီး စစ်ဆေးကြ၏။

ဆက်လက်ဖော်ပြပါမည်။

## မအူပင်ခရိုင်အဆင့် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီး ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မအူပင် ဩဂုတ် ၃၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်အဆင့် (၂၆) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၃၀ ရက်က မအူပင်မြို့နယ် အမှတ်(၄)ရပ်ကွက်ရှိ တိုးရွှေဝါခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအဆင့် အသက် ၁၀-၁၅ နှစ်နှင့် အသက် ၁၅-၂၀ နှစ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကြပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မအူပင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် ပြိုင်ပွဲများတွင် ဆုရရှိသူများအား မအူပင်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မအူပင်၊ ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူမြို့နယ်တို့မှ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ချီးမြှင့်ငွေများ အသီးသီးချီးမြှင့်ပေးအပ်ကြသည်။

အဆိုပါ ခရိုင်အဆင့်(၂၆)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် မအူပင်ခရိုင်အတွင်းရှိ မအူပင်၊ ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူမြို့နယ်တို့မှ အဆိုပြိုင်ပွဲဝင် ၂၀ ဦး၊ အကပြိုင်ပွဲဝင် ခုနစ်ဦး၊ ကဗျာလွတ်အကအဖွဲ့လေးဖွဲ့၊ အရေးပြိုင်ပွဲဝင်နှစ်ဦး၊ အတီးပြိုင်ပွဲဝင် ၁၇ ဦးနှင့် အဖွဲ့လိုက်ဆိုင်းဝိုင်းတစ်ဖွဲ့ ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသည့်ပြိုင်ပွဲဝင်များက တိုင်းဒေသကြီးအဆင့် (၂၆)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။**အောင်မြင့်မြတ်(ပြန်/ဆက်)**

★ **ရှေ့ဖုံးမှအဆက်**

အဆိုပါ ကြိုဆိုဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Mr. Vladimir Putin၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr. Shri Narendra Modi တို့အပါအဝင် SCO ထိပ်သီးအစည်းအဝေးသို့တက်ရောက်ကြမည့် နိုင်ငံပေါင်း ၂၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်း ၁၀ ခုမှ အကြီးအကဲများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် SCO ထိပ်သီးအစည်းအဝေးသို့ပါဝင်တက်ရောက်ကြမည့် နိုင်ငံပေါင်း ၂၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်း ၁၀ ခုမှ အကြီးအကဲများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E.Mr. Xi Jinping နှင့်ဇနီးတို့က တစ်ဦးချင်းရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးသည်။

ယင်းနောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် SCO ထိပ်သီးအစည်းအဝေးသို့ပါဝင်တက်ရောက်ကြမည့် နိုင်ငံပေါင်း ၂၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်း ၁၀ ခုမှအကြီးအကဲများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ကြိုဆိုဂုဏ်ပြုညစာစားပွဲအခမ်းအနားကိုကျင်းပပြုလုပ်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် SCO ထိပ်သီးအစည်းအဝေးသို့ပါဝင်တက်ရောက်ကြမည့် နိုင်ငံပေါင်း ၂၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်း ၁၀ ခုမှ အကြီးအကဲများနှင့်အတူ ညစာကိုအတူတကွသုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရိုးရာယဉ်ကျေးမှုအကအဖွဲ့က တေးသီချင်းများ၊ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းသဘာဝဓာတ်ငွေ့သုံးစွဲမှု အကျိုးရှိထိရောက်စွာအသုံးပြုနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



ရန်ကုန် ဩဂုတ် ၃၁

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း သဘာဝဓာတ်ငွေ့သုံးစွဲမှုအား အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အောက်မြန်မာပြည်ရုံးခွဲ(စိမ်းလဲ့မေ)၌ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ လုပ်ငန်းများမှတာဝန်ရှိသူများ၊ သက်ဆိုင်ရာ အထွေထွေမန်နေဂျာများ၊ စက်ရုံမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်ကဏ္ဍသည် လွန်စွာအရေးကြီးကြောင်း၊ မိမိတို့နိုင်ငံ၌ လက်ရှိတွင် ပြည်တွင်းသုံး သဘာဝဓာတ်ငွေ့၏ ၈၅ ရာခိုင်နှုန်းကို လျှပ်စစ်ဓာတ်အားကဏ္ဍနှင့် ၈ ရာခိုင်နှုန်းကို စက်မှု/ကုန်ထုတ်လုပ်မှုကဏ္ဍတို့တွင် အသုံးပြုနေပြီး သယ်ယူပို့ဆောင်ရေးကဏ္ဍ၌ ၇ ရာခိုင်နှုန်းခန့် သုံးစွဲလျက်ရှိကြောင်း၊ မော်တော်ယာဉ်များတွင် CNG သုံးစွဲခြင်းသည် ဓာတ်ဆီ၊ ဒီဇယ်ဆီများသုံးစွဲခြင်းထက် ကုန်ကျစရိတ်များစွာသက်သာပြီး ကာဗွန်ထုတ်လွှတ်မှု လျော့နည်းသောကြောင့် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် CNG သုံးစွဲမှုကိုမြှင့်တင်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်သူများ ခရီးသွားလာရာတွင် ဈေးနှုန်းသက်သာစေရန် CNG ကို YBS ယာဉ်များနှင့် အငှားယာဉ်(Taxi) များအား ဦးစားပေး၍ အထူးသက်သာသောဈေးနှုန်းဖြင့်စိုက်ထုတ်ရောင်းချပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် သာကေတကမ်းလွန်ရေနံအခြေစိုက်စခန်း အထွေထွေမန်နေဂျာက ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများအတွက်အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် ပစ္စည်းများထိန်းသိမ်းဖြန့်ဖြူးပေးနေမှု အခြေအနေများကိုလည်းကောင်း၊ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဌာန အထွေထွေမန်နေဂျာက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့များအား ဖြန့်ဖြူးရောင်းချပေးနေမှု အခြေအနေများနှင့် ပြုပြင်ပြောင်းလဲဆောင်ရွက်သွားမည့် အစီအမံများကိုလည်းကောင်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဒုတိယညွှန်ကြားရေးမှူး(ထုတ်လုပ်ရေး)က သဘာဝဓာတ်ငွေ့များ လေလွင့်ဆုံးရှုံးမှုလျော့နည်းသက်သာစေရေး သဘာဝဓာတ်ငွေ့ ထိန်း/ဖြန့်စခန်းများမှ Metering စနစ်အသုံးပြု၍ ဖြန့်ဖြူးဆောင်ရွက်သွားမည့်အခြေအနေများကိုလည်းကောင်း၊ အသုံးချသုတေသနဌာန(ထောက်ကြန့်)မှသုတေသနအရာရှိချုပ်က ဓာတ်ခွဲခန်းများနှင့် စက်ပစ္စည်းများ အဆင့်မြှင့်တင်ရေး အစီအစဉ်များကိုလည်းကောင်း၊ အမှတ်(၂)နှင့် အမှတ်(၃) ရေနံဓာတ်ငွေ့ရည်စက်ရုံ(ညောင်တုန်း) စက်ရုံမှူးများက ရေနံဓာတ်ငွေ့ရည် (ပရိုပိန်း၊ ဗြူတိန်း)နှင့် နက်ဖ်သာထုတ်လုပ်ဖြန့်ဖြူးရောင်းချမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

နေပြည်တော် ဩဂုတ် ၃၁

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် စစ်သည်များ၊ စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်း မိသားစုဝင် သား/သမီးများ၊ လူရည်ချွန်ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အောင်ဇေယျခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ထူးချွန်ဆုရကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူ ကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုငွေ၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။

ဦးစွာ တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် ဂုဏ်ထူး ၅ ဘာသာဖြင့်အောင်မြင်သူ ၂ ဦး၊ ဂုဏ်ထူး ၃ ဘာသာဖြင့်အောင်မြင်သူ ၆ ဦး၊ ဂုဏ်ထူး ၂ ဘာသာဖြင့်အောင်မြင်သူ ၁ ဦး၊ ဂုဏ်ထူး ၁ ဘာသာဖြင့်အောင်မြင်သူ ၈ ဦး၊ ရိုးရိုးအောင်မြင်သူ စစ်သည် ၄ ဦး၊ လူရည်ချွန်အဖြစ် ရွေးချယ်ခံထားရသူ ၃ ဦး စုစုပေါင်း ၂၄ ဦးအား ဂုဏ်ပြုဆုငွေ၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ရာ ဆုရရှိသူများက အသီးသီးလက်ခံရယူကြသည်။

ယင်းနောက် ထူးချွန်ဆုရစစ်သည်များ၊ ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းသားတစ်ဦးမှ ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ၎င်းနောက်တိုင်းမှူးနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရ စစ်သည်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့်စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကာ ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ချောင်းဆုံမြို့နယ်၌ ကရင်ရိုးရာချည်ဖြူဖွဲ့ မင်္ဂလာကျင်းပ

ချောင်းဆုံ ဩဂုတ် ၃၁

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ မြို့နယ်အဆင့် ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို ယနေ့တွင်ကော့ကဒွဲကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားကို ကရင်အမျိုးသားသီချင်းဖြင့်ဖွင့်လှစ်ခဲ့ကြပြီး မြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်းနာယကဆရာတော်က ဩဝါဒစကားမြွက်ကြားကာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကျင်းပနိုင်ရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့မှပေးအပ်သော ရန်ပုံငွေ ငွေကျပ် ၁၀ သိန်းကို ပြည်နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်းဝင်တစ်ဦးက တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် တာဝန်ရှိသူများက ချည်ဖြူဖွဲ့မင်္ဂလာဖြစ်ပေါ်လာပုံနှင့် ချည်ဖြူဖွဲ့မင်္ဂလာပွဲတွင် ပါဝင်သောပစ္စည်းခုနစ်မျိုးအကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားသို့ ချောင်းဆုံမြို့နယ်အတွင်းရှိ ကျေးရွာခြောက်ရွာမှ ကရင်တိုင်းရင်းသားမောင်မယ်များ တက်ရောက်ကြပြီး လူကြီးမိဘများ၊ ကလေးလူငယ်များနှင့်တက်ရောက်လာကြသောဧည့်သည်များကို ချည်ဖြူဖွဲ့ပေးခဲ့ကြကြောင်း သိရသည်။

ကိုကျော်(ချောင်းဆုံ)

**စက်တင်ဘာလ ၂ ရက်တွင် လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်နိုင်**

နေပြည်တော် ဩဂုတ် ၃၁

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း၌ စက်တင်ဘာလ ၂ ရက်တွင် လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)



● **ကျောဖုံးမှအဆက်**

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံအကြား နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်မှုကဏ္ဍမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ဆောင်ရွက်ရေးနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၌ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အိန္ဒိယနိုင်ငံမှ ထောက်ခံအားပေးလျက်ရှိမှုနှင့် ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များ စေလွှတ်ပေးသွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံအား SCO အဖွဲ့ဝင်ဖြစ်စေရေး အိန္ဒိယနိုင်ငံမှ ထောက်ခံပေးလျက်ရှိမှုအခြေအနေများနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr. Shri Narendra Modi တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၃၁-၈-၂၀၂၅

| | | | |
|---|---|---|---|
| စစ်ကိုင်း | ၃ | ဒသမ | ၁၉ လက်မ |
| ငါန်းဇွန် | ၂ | ဒသမ | ၇၇ လက်မ |
| တံတားဦး | ၂ | ဒသမ | ၆၀ လက်မ |
| (လေကြောင်းမိုးလေဝသ) | | | |
| ကော့သောင်း | ၂ | ဒသမ | ၂၉ လက်မ |
| ကိုကိုးကျွန်း | ၁ | ဒသမ | ၆၉ လက်မ |
| ပေါင် | ၁ | ဒသမ | ၆၅ လက်မ |
| မြိတ် | ၁ | ဒသမ | ၅၈ လက်မ |
| ရေး | ၁ | ဒသမ | ၄၇ လက်မ |
| လပွတ္တာ | ၁ | ဒသမ | ၃၄ လက်မ |
| မြစ်ငယ် | ၁ | ဒသမ | ၁၈ လက်မ |

# ကိုရီးယားသမ္မတနိုင်ငံ ကြိုးတံတားကြီးများတည်ဆောက်ခြင်းနှင့်ထိန်းသိမ်းစောင့်ရှောက်ခြင်းနည်းစနစ်များ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် ကိုယ်စားလှယ်အဖွဲ့ သွားရောက်လေ့လာ

နေပြည်တော် ဩဂုတ် ၃၁

ဆောက်လုပ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည်မြန်မာ-ကိုရီးယား နှစ်နိုင်ငံ ချစ်ကြည်ရေး(ဒလ)တံတား တည်ဆောက်ခြင်းစီမံကိန်းနှင့် စပ်လျဉ်း၍ သံမဏိကြိုးဆိုင်း(Cable Stayed)တံတားကြီးများ၏တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း နည်းစနစ်များကို သွားရောက်လေ့လာရန် ဩဂုတ်လ ၂၅ ရက် ညနေပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့သို့ လေကြောင်းခရီးဖြင့်ထွက်ခွာပြီး လေ့လာခြင်းအစီအစဉ်များ ပြီးဆုံးသဖြင့် ဩဂုတ်လ၃၀ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့သို့ ရောက်ရှိနေစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ)တံတားကို တာဝန်ယူတည်ဆောက်နေသည့် ကုမ္ပဏီနှင့် တံတား၏အရည်အသွေးစစ်ဆေး၍ တည်ဆောက်မှု အကြံပေးအင်ဂျင်နီယာအဖြစ် ဆောင်ရွက်နေသော ကုမ္ပဏီတို့ကို တွေ့ဆုံ၍ မြန်မာ-ကိုရီးယား နှစ်နိုင်ငံ ချစ်ကြည်ရေး(ဒလ)တံတား တည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းများဆောင်ရွက်စဉ် တွေ့ကြုံရသည့်အခြေအနေများ၊ အားနည်းချက်၊ အားသာချက်များ၊ တံတားတည်ဆောက်ခြင်းပြီးစီးပြီး ရေရှည်တည်တံ့ခိုင်မြဲစေရန် ဆက်လက်ဆောင်ရွက်သွားရမည့် ထိန်းသိမ်းခြင်းနည်းစနစ်များကို ရင်းနှီးပွင့်လင်းစွာအပြန်အလှန်ဆွေးနွေးကြသည်။

ဆက်လက်၍ ကိုရီးယားသမ္မတနိုင်ငံ တစ်ဝန်းရှိ တံတားကြီးများကို စောင့်ကြည့်ထိန်းသိမ်းခြင်းဆောင်ရွက်နေသည့် မုတ်ခ်ပို (Mokpo)မြို့ရှိ Korea Authority of Land & Infrastructure Safety(KALIS) ရုံးချုပ်အဆောက်အအုံသို့ သွားရောက်၍ တံတားများ အရွယ်အစားအလိုက် အမျိုးအစားသတ်မှတ်ခြင်း၊ Super Bridge အဖြစ် သတ်မှတ်ထားသော သံမဏိကြိုးဆိုင်း (Cable Stayed)တံတားကြီးများ၏ ရေရှည်တည်တံ့စေရေးအတွက် ပုံမှန်ဆောင်ရွက်ရသည့် ထိန်းသိမ်းခြင်းနည်းစနစ်များ၊ နည်းပညာအကူအညီဖြင့် စောင့်ကြည့်ခြင်း၊ စစ်ဆေးခြင်း၊ အချက်အလက်များ ဖြန့်ဝေပေးခြင်းတို့ဖြင့် ထိန်းသိမ်းဆောင်ရွက်ပေးနေသည့် လုပ်ငန်းစဉ်များကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ သိရှိလိုသည်များကို မေးမြန်းဆွေးနွေး၍ တံတားကြီးများ တည်ဆောက်ရေးလုပ်ငန်းခွင်များသို့ သွားရောက်၍ တည်ဆောက်စဉ်ကာလနှင့် တည်ဆောက်ပြီးကာလတို့တွင်စောင့်ကြည့်ထိန်းသိမ်းမှုနည်းစနစ်များ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ သံမဏိကြိုးဆိုင်း တံတားကြီးများတည်ဆောက်ခြင်းဆိုင်ရာ ဒီဇိုင်းနည်းပညာများတွင် စောင့်ကြည့်ထိန်းသိမ်းခြင်းနည်းပညာများကို တစ်ပါတည်းထည့်သွင်းဆောင်ရွက်သည့် အခြေအနေများကို လေ့လာကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အန်ယန်း(Anyang)မြို့ရှိ Anyang Smart City Intregration Centre သို့ သွားရောက်လေ့လာရာ တာဝန်ရှိသူများက အန်ယန်းမြို့ကိုSmart City အဖြစ် ၁၀ စုနှစ်တစ်ခုအထိ အချိန်ယူ၍တည်ဆောက်ခဲ့သည့်အခြေအနေ၊ တိုးတက်လာသည့် AI နည်းပညာအသုံးပြု၍ ခေတ်မီသော စမတ်မြို့တော်အဖြစ် ဆောင်ရွက်ထားသည့်အခြေအနေ၊ မြို့တွင်းရှိ လူမှုပတ်ဝန်းကျင်စောင့်ကြည့်ကင်မရာစနစ်များ အသုံးပြု၍ ဘေးကင်းလုံခြုံမှုနှင့် အခြားလိုအပ်ချက်များ ပံ့ပိုးဆောင်ရွက်ပေးနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။



ထို့နောက် ဟန်မြစ်ကိုအခြေခံ၍ ဆိုးလ်မြို့ကို ခေတ်မီသော မြို့တစ်မြို့အဖြစ် အကောင်အထည်ဖော် တည်ဆောက်ထားသည့်အခြေအနေ၊ ကိုရီးယားနန်းတော်ဟောင်းကို ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ထိန်းသိမ်းဆောင်ရွက်ထားရှိသည့် အခြေအနေ၊ ရှေးဟောင်းအဆောက်အအုံများ ခေတ်မီနည်းပညာများဖြင့် ရှေးမူမပျက် ပြင်ဆင်ထားရှိသည့် အခြေအနေတို့ကို လိုက်လံကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အဝေးပြေးလမ်းမကြီးများနှင့် မြို့တွင်းလမ်းများတွင် ဒီဇိုင်းပြုလုပ်တည်ဆောက်ထားရှိသည့်အခြေအနေများ၊ လမ်းပခုံးနှင့် ပလက်ဖောင်းများ၊ လမ်းညွှန်နှင့် လမ်းအမှတ်အသားများ ဆောင်ရွက်ထားသည့် အခြေအနေများကို လမ်းမကြီးများတစ်လျှောက် လေ့လာကြသည်။

ယင်းနောက်မြန်မာနိုင်ငံနှင့်ရင်းနှီးမြှုပ်နှံမှုဆက်စပ်လုပ်ကိုင်နေသော ကိုရီးယားကုမ္ပဏီများနှင့်တွေ့ဆုံ၍မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာတည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေ၊ လမ်း၊ တံတားနှင့် မြို့ပြဖွံ့ဖြိုးမှုကဏ္ဍတွင် တည်ဆောက်ရေးနည်းပညာဆိုင်ရာများ မျှဝေဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဩဂုတ် ၃၁

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

## ၃၁-၈-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၉၂၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# စနစ်သစ်နှင့် ရွေးကောက်ပွဲ စကားဝိုင်းဆွေးနွေးပွဲ

**မေး။ လာမယ့် အထွေထွေရွေးကောက်ပွဲက အရင်ကျင်းပခဲ့တဲ့ရွေးကောက်ပွဲတွေနဲ့ မတူဘူးလို့လည်းသိရပါတယ်။ ဘာတွေမတူတာလဲ၊ ဘယ်လိုကွဲပြားခြားနားစွာ ကျင်းပမှာလဲဆိုတာ ဆရာက ဦးစွာရှင်းလင်းတင်ပြပေးစေလိုပါတယ် ခင်ဗျာ။**


**အဖွဲ့ဝင် (၁)။** ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို အတည်ပြုပြဋ္ဌာန်းပြီးတဲ့နောက်မှာ အထွေထွေရွေးကောက်ပွဲ သုံးကြိမ်၊ ကြားဖြတ်ရွေးကောက်ပွဲ သုံးကြိမ် ကျင်းပခဲ့ပါတယ်။ အဲဒီကျင်းပခဲ့တဲ့ ရွေးကောက်ပွဲ ခြောက်ကြိမ်စလုံးမှာ ရွေးကောက်ပွဲစနစ်အနေနဲ့ မဲအများဆုံးရသူ အနိုင်ယူစနစ်လို့ခေါ်တဲ့ ( FPTP ) စနစ်ကို အသုံးပြုခဲ့ပါတယ်။ ရွေးကောက်ပွဲကျင်းပနည်းကတော့ ရုံးပိတ်ရက်တစ်ရက်မှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ တစ်ပြိုင်နက်တည်း ကျင်းပတာဖြစ်ပါတယ်။ မဲပေးနည်းကတော့ မဲပုံးထဲကို မဲလက်မှတ်ထည့်ပြီးတော့ မဲပေးတဲ့နည်းကို အသုံးပြုခဲ့တာဖြစ်ပါတယ်။ ယခုကျွန်တော်တို့ ကျင်းပမယ့် အထွေထွေရွေးကောက်ပွဲမှာတော့ ကျွန်တော် ခုနကတင်ပြခဲ့တဲ့ ရွေးကောက်ပွဲစနစ်၊ ရွေးကောက်ပွဲကျင်းပနည်းနဲ့ မဲပေးနည်းစနစ်တွေဟာ ယခင်ကနဲ့ မတူဘဲ ပြောင်းလဲဆောင်ရွက်မှုရှိတာတွေကို မဲဆန္ဒရှင်ပြည်သူများကို အသိပေးတင်ပြလိုတာဖြစ်ပါတယ်။

**မေး။ ဟုတ်ကဲ့ပါဆရာရေ။ အရင်တုန်းကရွေးကောက်ပွဲပုံစံတွေနဲ့မတူဘဲ ပြောင်းလဲသွားမယ်ဆိုတာ ဘယ်လိုတွေပြောင်းလဲသွားမယ်ဆိုတာကိုလည်း ဆရာက ဆက်လက်ပြီး ရှင်းပြပေးစေလိုပါတယ် ခင်ဗျာ။**

**အဖွဲ့ဝင် (၁)။** ရွေးကောက်ပွဲစနစ် (Electoral System) နဲ့ပတ်သက်ပြီး ဦးစွာတင်ပြပါမယ်။ ယခင်ကျင်းပတဲ့ ရွေးကောက်ပွဲတွေမှာ FPTP စနစ်အသုံးပြုတယ်ဆိုတာက ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲအားလုံးမှာ အသုံးပြုခဲ့တာဖြစ်ပါတယ်။ ယခုကျင်းပမယ့် ရွေးကောက်ပွဲမှာတော့ ပြည်သူ့လွှတ်တော်တစ်ခုတည်းမှာပဲ FPTP စနစ်ကို အသုံးပြုမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွေမှာတော့ ( Mixed Member proportional system) လို့ခေါ်တဲ့ ရောနှောထားတဲ့ ကိုယ်စားလှယ်အချိုးကျစနစ်ကို အသုံးပြုမှာဖြစ်ပါတယ်။ အတိုကောက်အားဖြင့် (MMP) စနစ်လို့ခေါ်ဆိုရမှာဖြစ်ပါတယ်။

**မေး။ ဟုတ်ကဲ့ပါ ဆရာ။ ဒါဆိုရင် FPTP စနစ်ဆိုတာ အရင်ကလည်း လုပ်ခဲ့တယ်။ အရင်က ကျွန်တော်တို့ ကိုယ်တိုင်ရော၊ ပြည်သူတွေရော မဲပေးခဲ့တယ်ဆိုတော့ ဒီစနစ်က ပြည်သူတွေလည်း မစိမ်းဘူးလို့ ပြောရမှာဖြစ်ပါတယ်။ ဆရာခုနကပြောခဲ့တဲ့ MMP စနစ်ကိုတော့ ကျွန်တော်တို့အခုမှပဲ ကြားဖူးတာဖြစ်ပါတယ်။ ဒါကြောင့် ပရိသတ်တွေသိရှိအောင်လည်း ဆရာ ဆက်လက်ပြီးတော့ ရှင်းပြပေးစေလိုပါတယ်ခင်ဗျာ။**

**အဖွဲ့ဝင် (၁)။** ဟုတ်ကဲ့။ MMP စနစ်နဲ့ ပတ်သက်ပြီး အလွယ်ဆုံးအရှင်းဆုံးဖြစ်အောင်တင်ပြပါမယ်။ MMP စနစ်ဆိုတာကတော့ မတူညီတဲ့ရွေးကောက်ပွဲစနစ်နှစ်မျိုးကိုရောနှောထားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့သုံးမယ့် MMP စနစ်ဆိုတာကတော့ FPTP စနစ်နဲ့ PR စနစ်ကို ပေါင်းစပ်ထားပါတယ်။ MMP စနစ်အရ ဘယ်လိုရောနှောပေါင်းစပ်ထားသလဲဆိုရင် အမျိုးသားလွှတ်တော်ဖွဲ့စည်းရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေက ကိုယ်စားလှယ် ၁၂ဦးကျစီ ရွေးကောက်တင်မြှောက်ရာမှာခြောက်ဦးကို FPTP စနစ်နဲ့ ရွေးကောက်တင်မြှောက်မှာဖြစ်ပြီး




တော့ ကျန်ခြောက်ဦးကို PR စနစ်နဲ့ ရွေးကောက်တင်မြှောက်ခြင်းဖြစ်ပါတယ်။ FPTP စနစ်နဲ့ ကိုယ်စားလှယ်ခြောက်ဦး ရွေးကောက်တင်မြှောက်နိုင်ဖို့အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုလုံးကို မဲဆန္ဒနယ်ခြောက်နယ်ပိုင်းခြားသတ်မှတ်ပြီးတော့ တစ်နယ်စီကနေပြီးတော့ ကိုယ်စားလှယ်တစ်ဦးကျစီကို FPTP စနစ်နဲ့ ရွေးကောက်တင်မြှောက်ပေးမှာ ဖြစ်ပါတယ်။ ကျန် PR ကိုယ်စားလှယ်ခြောက်ဦးကို ရွေးကောက်တင်မြှောက်နိုင်ဖို့အတွက်တော့ အဆိုပါ FPTP မဲဆန္ဒနယ်မှာ နိုင်ငံရေးပါတီအသီးသီးကရတဲ့ဆန္ဒမဲတွေကို သတ်မှတ်ထားတဲ့ PR မဲဆန္ဒနယ်အလိုက် အချိုးကျကိုယ်စားပြုစနစ်နဲ့ တွက်ချက်ပြီးတော့ ကိုယ်စားလှယ်ခြောက်ဦးကို ထပ်မံရွေးကောက်တင်မြှောက်ခြင်းပဲဖြစ်ပါတယ်။

အလားတူပဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဖွဲ့စည်းရန်အတွက် မြို့နယ် တစ်မြို့နယ်စီက ကိုယ်စားလှယ်နှစ်ဦးကျစီ ရွေးကောက်တင်မြှောက်ရာမှာလည်း တစ်ဦးကို FPTP စနစ်နဲ့ ရွေးကောက်တင်မြှောက်မှာဖြစ်ပြီးတော့ ကျန်တစ်ဦးကို PR စနစ်နဲ့ ရွေးကောက်တင်မြှောက်ရမှာဖြစ်ပါတယ်။ FPTP စနစ်နဲ့ ကိုယ်စားလှယ်တစ်ဦးကို ရွေးကောက်တင်မြှောက်နိုင်ဖို့အတွက် သက်ဆိုင်ရာမြို့နယ် တစ်မြို့နယ်လုံးကို FPTP မဲဆန္ဒနယ်တစ်နယ်အဖြစ် သတ်မှတ်ပြီးတော့ ကိုယ်စားလှယ်တစ်ဦးကို ရွေးကောက်တင်မြှောက်ရမှာဖြစ်ပါတယ်။ နောက်ကိုယ်စားလှယ်တစ်ဦးကို ရွေးကောက်တင်မြှောက်နိုင်ဖို့အတွက်ကတော့ နီးစပ်ရာမြို့နယ်တွေကို ပေါင်းပြီးတော့ PR မဲဆန္ဒနယ် သတ်မှတ်ပြီးတော့ သက်ဆိုင်ရာမြို့နယ်တိုင်းမှာ နိုင်ငံရေးပါတီအသီးသီးက ရရှိတဲ့ ဆန္ဒမဲတွေအပေါ်မှာ အချိုးကျစနစ်နဲ့တွက်ချက်ပြီးတော့ ကိုယ်စားလှယ်တစ်ဦးစီကို ထပ်မံရွေးကောက်တင်မြှောက်ပေးမှာဖြစ်ပါတယ်။ MMP စနစ်အရ အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွေမှာ မဲဆန္ဒနယ်တွေ ဘယ်လိုသတ်မှတ်မယ်။ ကိုယ်စားလှယ်လောင်းတွေကို ဘယ်လိုအဆင့်ဆင့် ရွေးကောက်တင်မြှောက်တယ်ဆိုတာကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများမှာ အသေးစိတ်ပြဋ္ဌာန်းထားမှာဖြစ်ပါတယ်။ MMP စနစ်ကို အသုံးပြုခြင်းအားဖြင့် FPTP စနစ်အရ မဲအများဆုံးမရလို့ ကိုယ်စားလှယ်မရနိုင်တဲ့ ပါတီငယ်တွေဟာ အချိုးကျကိုယ်စားပြုစနစ်အရ ကိုယ်စားလှယ်နေရာတွေရရှိမှာဖြစ်ပါတယ်။ FPTP စနစ် တစ်မျိုးတည်းသာကျင့်သုံးမယ်ဆိုရင်နိုင်သူအကုန်ယူဆိုတဲ့အတိုင်းပဲ ကိုယ်စားလှယ်နေရာအများစု ဒါမှမဟုတ် ကိုယ်စားလှယ်နေရာအားလုံးကို မဲအများဆုံးရတဲ့ပါတီကြီးတွေက ယူသွားမှာဖြစ်ပြီးတော့ လွှတ်တော်ထဲမှာ ပါတီကြီးတွေကပဲ ကြီးစိုးသွားမှာဖြစ်ပါတယ်။ ဒါကို PR စနစ်နဲ့ထိန်းလိုက်တော့ ပါတီငယ်လေးတွေလည်း သူတို့ရတဲ့ဆန္ဒမဲတွေ အလဟဿမဖြစ်ဘဲနဲ့ အချိုးကျကိုယ်စားပြုစနစ်အရ ကိုယ်စားလှယ်နေရာတွေရရှိပြီးတော့ လွှတ်တော်ထဲကို ရောက်ရှိနိုင်မှာဖြစ်ပါတယ်။

**မေး။ ဟုတ်ကဲ့ပါဆရာ။ ဒါဆိုရင် ဒီ MMP စနစ်ဆိုတာက ပါတီငယ်လေးတွေ အားထားရတဲ့ ရွေးကောက်ပွဲစနစ်လို့ပြောနိုင်တာပေါ့နော် ဆရာ။**

**အဖွဲ့ဝင် (၁)။** မှန်ပါတယ်။ ကျွန်တော်တို့ရည်ရွယ်တာကလည်း လွှတ်တော်ထဲကို နိုင်ငံရေးပါတီက ကိုယ်စားလှယ်တွေ အချိုးကျကျ မျှမျှတတရောက်ရှိစေချင်တဲ့ဆန္ဒရှိပါတယ်။ လွှတ်တော်ထဲကို ဒေသခံတိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်တွေ ရောက်ရှိပြီးတော့ မိမိပြည်နယ်အကျိုးကို ဆောင်ရွက်စေချင်တာလည်း ဖြစ်ပါတယ်။ အထူးသဖြင့် တိုင်းရင်းသားပါတီငယ်လေးတွေအတွက် စဉ်းစားပြီးတော့ ဆောင်ရွက်ထားခြင်းဖြစ်ပါတယ်။

**မေး။ ဟုတ်ကဲ့ပါဆရာ ။ ဒါဆို ပြည်သူ့အသံ လွှတ်တော်အသံဆိုတဲ့အတိုင်းပဲ ပါတီငယ်လေးတွေကကျတော့ သူတို့မှာ MMP စနစ်နဲ့ ပတ်သက်ပြီးတော့ ပါဝင်မှာဖြစ်တဲ့အတွက်ကြောင့် လွှတ်တော်ထဲမှာ သူတို့ဝင်ရောက်မယ်။ သူတို့ရဲ့ အသံတွေကို ပြည်သူတွေသိအောင်ပြောနိုင်မယ်ဆိုရင် တကယ့်ကိုကောင်းတဲ့စနစ်လို့လည်းပြောလို့ရပါတယ် ဆရာရေ။ ဒါဆိုရင် ဒီပြောင်းလဲသွားမယ့် ရွေးကောက်ပွဲစနစ်က ပြည်သူ့လွှတ်တော်က FPTP၊ အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်က FPTP နဲ့ PR ရောထားတဲ့ MMP စနစ်လို့လည်း ပြောနိုင်တာပေါ့နော် ဆရာ။**

**အဖွဲ့ဝင် (၁)။** မှန်ပါတယ်။ ဒါပေမဲ့ ချွင်းချက်တော့ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အမျိုးသားလွှတ်တော်မှာပါတဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မှာပါတဲ့ တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်တွေအတွက်ကတော့ ကိုယ်စားလှယ် တစ်ဦးစီသာ ရွေးကောက်တင်မြှောက်ရမှာဖြစ်တဲ့အတွက် FPTP စနစ်ကိုသာ အသုံးပြုသွားမှာဖြစ်ပါတယ်၊ ဒါကလည်း ကျွန်တော်တို့အသုံးပြုတဲ့ MMP စနစ်မှာ အစိတ်အပိုင်းတစ်ခုအနေနဲ့ ပါရှိနေမှာဖြစ်ပါတယ်။

**မေး။ ဒါဆိုရင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဆိုတာကိုတော့ ကျွန်တော်တို့ သိနေပါတယ်။ ဒါပေမဲ့ တိုင်းရင်းသားမဲဆန္ဒနယ်ဆိုတာကိုလည်း နည်းနည်းလေး မရှင်းလင်းဘူးဖြစ်နေပါတယ်ဆရာ။ ဒါကို ထပ်မံပြီးတော့ အသေးစိတ်ရှင်းလင်းတင်ပြပေးပါဦးဆရာ။**

**အဖွဲ့ဝင် (၁)။** ဟုတ်ကဲ့ပါ။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို တိုင်းဒေသကြီးခုနစ်ခု၊ ပြည်နယ်ခုနစ်ခုနဲ့ ဖွဲ့စည်းထားပါတယ်။ တိုင်းရင်းသားလူမျိုးတွေဟာ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုတည်းမှာပဲ သီးသီးသန့်သန့် နေထိုင်ကြတာမဟုတ်ပါဘူး။ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုလုံးမှာ အတူတကွ လက်ပွန်းတတီး ရောနှောပြီးတော့ နေထိုင်ခဲ့ကြတာဖြစ်ပါတယ်။ ဥပမာအားဖြင့် ရှမ်းပြည်နယ်မှာဆိုရင် ရှမ်းတိုင်းရင်းသားတွေပဲနေထိုင်တာ မဟုတ်ပါဘူး။ ဗမာ၊ ကချင်၊ ကရင်၊ ကယားစတဲ့ တိုင်းရင်းသားတွေလည်း နေထိုင်ကြပါတယ်။ အလားတူပဲ ရန်ကုန်တိုင်းဒေသကြီး ဆိုရင်လည်း ဗမာတိုင်းရင်းသားပဲနေထိုင်တာမဟုတ်ဘဲနဲ့ မွန်၊ ကရင်၊ ရခိုင်၊ ရှမ်း စတဲ့ တိုင်းရင်းသားတွေ နေထိုင်ကြတာဖြစ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေမှာ ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရရှိပြီးသောလူမျိုး သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုရရှိပြီးတဲ့ လူမျိုးမှအပ ကျန်တိုင်းရင်းသားလူမျိုးတွေဟာ မြန်မာနိုင်ငံလူဦးရေရဲ့ သုည ဒသမ ၁ ရာခိုင်နှုန်းနဲ့ အထက်ရှိတယ်ဆိုရင် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်တွေ တစ်ဦးစီရရှိတာဖြစ်ပါတယ်။ ဒါကလည်း သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်တွေမှာ တိုင်းရင်းသားတွေအရေးကိစ္စတွေ တင်ပြနိုင်ဖို့ဖြစ်ပါတယ်။ အဆိုပါ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်တွေအတွက် မဲဆန္ဒနယ်ကတော့ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုလုံးဖြစ်ပါတယ်။

**မေး။ ဟုတ်ကဲ့ပါဆရာရေ။ သဘောပေါက်ပါပြီ ဆရာ။ ဒါဆိုရင် အခြား တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ အခြေချနေထိုင်ကြတဲ့ တိုင်းရင်းသားတွေအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းပေးထားတဲ့ မဲဆန္ဒနယ်ပေါ့နော်ဆရာ။ နောက်ထပ်စနစ်အကြောင်းကိုလည်း ဆရာက ရှင်းလင်းတင်ပြပေးစေချင်ပါတယ်ခင်ဗျာ။**

**အဖွဲ့ဝင်(၂)။** ကျွန်တော်ပထမဆုံး မဲပေးတဲ့စနစ် Voting System နဲ့ပတ်သက်ပြီးထပ်ပြီးတော့ပြောပြပေးချင်ပါတယ်။ လာမယ့်ရွေးကောက်ပွဲမှာဆိုလို့ရှိရင် ကျွန်တော်တို့ မဲပေးရမယ့်စနစ်က ယခင်ရွေးကောက်ပွဲတွေလိုမျိုး မဲလက်မှတ်တွေသုံးပြီးတော့မှ မဲပေးရမယ့်ပုံစံ မဟုတ်တော့ပါဘူး။ မဲပေးစက်ကို အသုံးပြုပြီးတော့မှ ခလုတ်နှိပ်ပြီး မဲပေးရမှာဖြစ်ပါတယ်၊ ဒီမဲပေးစက်နဲ့ မဲပေးကြတဲ့အခါကျ အသုံးပြုမယ့် မဲပေးစက်နဲ့ပတ်သက်ပြီး သိထားဖို့လိုပါလိမ့်မယ်။ မဲပေးစက်ကိုတော့ Electronic Voting Machines (EVMs) လို့ခေါ်ပါတယ်။ နောက်ပြီး EVMs ကိုမှ အမည်နာမခေါ်တွင်တာကတော့ Myanmar Electronic Voting Machines လို့ သတ်မှတ်ခေါ်တွင်ထားတာဖြစ်ပါတယ်။ MEVMs ရဲ့ ဖွဲ့စည်းတည်ဆောက်ပုံလေး ကျွန်တော်တင်ပြလိုပါတယ်။ သူ့မှာ အစိတ်အပိုင်းသုံးခုနဲ့ တည်ဆောက်ထားပါတယ်။ ပထမဆုံး အစိတ်အပိုင်းကတော့

စာမျက်နှာ ၈ သို့ ➲

➲ စာမျက်နှာ ၇ မှအဆက်

ထိန်းချုပ်စက် (Control Unit) လို့ခေါ်ပါတယ်။ ဒီစက်ကိုတော့ မဲရုံအဖွဲ့ဝင်တစ်ဦးကနေပြီးတော့မှ ကိုင်တွယ်ရတဲ့စက်ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် မဲပေးမယ့်သူတစ်ယောက်ရောက်လာရင် ဒီထိန်းချုပ်စက်ပေါ်က အချက်ပြတဲ့ခလုတ်ကိုနှိပ်ပြီးမှ ကိုင်တွယ်ရတဲ့စက်ဖြစ်ပါတယ်။ အဲဒီစက်မှာဆိုလို့ရှိရင် စုစုပေါင်း မဲပေးထားတဲ့ အရေအတွက်တွေကို ကြည့်လို့ရမယ်။ ခလုတ်တွေပါမယ်။ စက်ရဲ့ အဖွင့်အပိတ်ခလုတ်တွေ၊ နောက်ပြီးတော့မှ တခြားအရေးကြီးတဲ့ ခလုတ်တွေ ပါဝင်မှာဖြစ်ပါတယ်။ ဒါကတော့ ဒီထိန်းချုပ်စက် အပိုင်းပါ။ ဒုတိယအစိတ်အပိုင်းကတော့ ဆန္ဒပြုစက် (Ballot Unit) လို့ခေါ်ပါတယ်၊ ဒီစက်ကတော့ မဲပေးမယ့် မဲဆန္ဒရှင် ပြည်သူကနေပြီးတော့မှ မဲပေးရမယ့်စက်ဖြစ်ပါတယ်။ ဒီစက်ကိုတော့ မဲရုံထဲမှာဆိုလို့ရှိရင် ဆန္ဒပြုခန်းလို့ခေါ်တဲ့နေရာမှာထားပါတယ်။ မဲဆန္ဒရှင်ပြည်သူတစ်ယောက်ကနေ ဒီဆန္ဒပြုစက်ကိုသုံးပြီး မဲပေးရမှာဖြစ်ပါတယ်။ ဒီဆန္ဒပြုစက်မှာဆိုရင် ခလုတ် ၁၆ ခုပါပါတယ်။ ခလုတ် ၁၆ ခုရဲ့ ဘယ်ဘက်ခြမ်းမှာဆိုလို့ရှိရင် ရွေးကောက်ပွဲမှာပါဝင်ယှဉ်ပြိုင်မယ့် လွှတ်တော်ကိုယ်စားလှယ်လောင်းတွေရဲ့အမည်တွေပါမယ်။ နောက်ပြီးသူတို့ကိုယ်စားပြုတဲ့ပါတီတွေရဲ့ အမည်တွေပါမယ်။ အဲဒီပါတီတွေရဲ့ အမှတ်တံဆိပ် Logo တွေပါမှာဖြစ်ပါတယ်။ သူ့ရဲ့ညာဘက်အပေါ်မှာကတော့ မဲပေးဖို့အတွက် အချက်ပြပေးမယ့် မီးလုံးလေးတစ်လုံးလည်းပါဝင်မှာဖြစ်ပါတယ်။ ဒါကတော့ ဆန္ဒပြုစက်နဲ့ ပတ်သက်တဲ့ဖွဲ့စည်းတည်ဆောက်ပုံပါ။ နောက်ဆုံးအစိတ်အပိုင်းဖြစ်တဲ့ မဲပေးချက်ဖော်ပြတဲ့စက်ပါ။ (Verification Unit)အပေါ်ပိုင်းမှာ printer တစ်လုံး၊ အောက်ဘက်မှာကတော့ မဲပုံးတစ်ပုံးပေါ့။ အဲဒီနှစ်ခုကိုတွဲဆက်ပြီး တည်ဆောက်ထားတဲ့စက်ဖြစ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူတစ်ယောက်က ဆန္ဒပြုစက်မှာရှိတဲ့ခလုတ်ကို နှိပ်ပြီးမဲပေးလိုက်မယ်ဆိုလို့ရှိရင် သူနှိပ်ပြီးမဲပေးလိုက်တဲ့အတိုင်း ဆန္ဒပြုစက်က ခလုတ်မှာဖော်ပြထားတဲ့ လွှတ်တော်ကိုယ်စားလှယ်ရဲ့အမည်၊ ကိုယ်စားပြုပါတီရဲ့ အမည်၊ ပြီးရင် အဲဒီ Logo တံဆိပ် အတိုင်း ခုနက printer လေးက စာရွက်ဖြတ်ပိုင်းလေးက ထုတ်ဖော်ပြသပေးမှာဖြစ်ပါတယ်။ အဲဒီစာရွက်ဖြတ်ပိုင်းလေးက သုံးစက္ကန့်ဖော်ပြပေးပါတယ်။ မဲဆန္ဒရှင်ပြည်သူက သူပေးလိုက်တဲ့အတိုင်း မှန်၊ မမှန် ကြည့်လို့ရပါတယ်။ ပြီးပြီဆိုလို့ရှိရင် စာရွက်ဖြတ်ပိုင်းလေးက အောက်ကမဲပုံးလေးထဲကို အလိုအလျောက်ကျဆင်းသွားမှာဖြစ်တယ်။

**မေး။ ဒါကတော့ ခုနကဆရာပြောတဲ့ Voting System ပေါ့နော်၊ ဒီစနစ်ကိုဆရာပြောပြပေးသွားတာဖြစ်ပါတယ်၊ သုံးပိုင်းရှိတယ်လို့ ဆရာပြောသွားတယ်။ Control ရယ်၊ ဆန္ဒပြုတဲ့စက်ရယ်၊ နောက်မဲပေးချက်ဖော်ပြစက်ရယ်ဆိုတော့ တကယ်လွယ်လွယ်လေးပါ။ ဆရာပြောသွားတဲ့ပုံစံဆိုရင် ကျွန်တော်နားထောင်ရင်းနဲ့ တကယ်မှတ်မိပါတယ်။ ဒါဆိုရင် မဲပေးမယ့်သူ ကျွန်တော်တို့က မဲပေးစက်ရှေ့မှာ မတ်တတ်လေးရပ်မယ်။ ပြီးရင် ခလုတ်နှိပ်မယ် ဒါဆိုရင်ပြီးပြီပေါ့ ဆရာ။**

**အဖွဲ့ဝင် (၂)။** ဟုတ်ကဲ့။ အသုံးပြုရတာ လွယ်ပါတယ်ခင်ဗျာ။ ဒါပေမဲ့ အဲဒီမဲပေးစက်နဲ့ မဲပေးရင်တော့ သတိပြုရမယ့်အပိုင်းလေးတွေတော့ ရှိပါတယ်။ မဲဆန္ဒရှင်ပြည်သူတစ်ယောက်က မဲပေးဖို့ မဲရုံထဲဝင်လာပြီး ဆန္ဒပြုခန်းရှေ့ရောက်တာနဲ့ မဲပေးစက်နဲ့ တစ်ခါတည်း ဆန္ဒပြုလို့မရသေးပါဘူး။ စက္ကန့်ပိုင်းလောက် သူစောင့်ရပါသေးတယ်။ သူကအချက်ပြပေးတဲ့အသံပေါ့။ ထိန်းချုပ်စက်ကိုင်တဲ့ မဲရုံဝန်ထမ်းကနေပြီးတော့ အချက်ပြပေးတဲ့ အသံ၊ အချက်ပြပေးတဲ့ ခလုတ်ကိုနှိပ်ပေးလိုက်တာကို သူစောင့်ရပါမယ်။ အဲလိုနှိပ်ပေးလိုက်ပြီဆိုတဲ့အခါကျရင် ခုနကဆန္ဒပြုခန်းထဲမှာရှိနေတဲ့ ဆန္ဒပြုစက်ရဲ့ အပေါ်ထောင့်က မီးလုံးလေးဟာ လင်းပါတယ်။ အသံလည်းကြားရပါတယ်။ အဲဒါမှသာလျှင် ဆန္ဒပြုတဲ့ မဲဆန္ဒရှင်က သူနှစ်သက်တဲ့ ခလုတ်တစ်ခုကို နှိပ်ပြီးတော့ မဲပေးနိုင်မှာဖြစ်ပါတယ်။

နောက်တစ်ခုကကျတော့ မဲဆန္ဒရှင်ပြည်သူက ခလုတ်ကို တစ်ကြိမ်ပဲနှိပ်ရမှာဖြစ်ပါတယ်။ သူက မနှိပ်ခင်မှာသူပေးချင်တဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်ကို သေချာရွေးမယ်။ ခလုတ်ကိုတစ်ခါနှိပ်ပါမယ်။ နှစ်ကြိမ်သုံးကြိမ်နှိပ်လို့မရပါဘူး။ ဒုတိယအကြိမ်၊ တတိယအကြိမ် ခလုတ်နှိပ်တာကိုလည်း မဲပေးစက်က လက်ခံမှာမဟုတ်ပါဘူး။

**မေး။ ခုနဆရာပြောတဲ့ မဲပေးတာလွယ်လွယ်လေးပဲ။ သို့သော်လည်း ဆောင်ရန်၊ ရှောင်ရန်၊ သတိပြုရမယ့် အချက်လေးပေါ့ဆရာ။ ဒါဆိုရင် ရပ်လိုက်မယ် ခဏလေးစက္ကန့်ပိုင်းလောက် ခဏတော့စောင့်ရမယ်။ ပြီးသွားရင် ခုနကဆရာပြောတဲ့ အချက်ပေးသံတွေပေါ့နော်။ အချက်ပေးသံစောင့်မယ်၊ အချက်ပေးသံကြားမှ မီးလုံးလေးလင်းမှပေါ့နော်။**

**အဖွဲ့ဝင် (၂)။** ဟုတ်ပါတယ်။ မီးလုံးလင်းမှ ခလုတ်နှိပ်ရမှာပါ။

**မေး။ ဟုတ်ကဲ့ပါ။ ပြည်သူများလည်း ဆရာရှင်းပြတဲ့အတိုင်း တကယ့်ကိုလွယ်လွယ်ကူကူ မဲပေးမယ့် အခြေအနေတွေကိုလည်း သိရှိနိုင်မယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်ခင်ဗျာ။ ဟုတ်ကဲ့ပါဆရာ။ ဒါဆိုရင် ခက်ခဲတဲ့အလုပ် မဟုတ်တဲ့အတွက်လည်း မဲဆန္ဒရှင်အနေနဲ့ကလည်း လွယ်လွယ်ကူကူမဲပေးနိုင်မယ်လို့လည်း ယုံကြည်ပါတယ် ဆရာ။**

**အဖွဲ့ဝင် (၂)။** ဟုတ်ကဲ့။ လွယ်ကူပါတယ်ခင်ဗျာ။ ကျွန်တော်တို့ ဒီစက်ကိုမတီထွင်ခင်ကတည်းက ကျွန်တော်တို့မြန်မာနိုင်ငံနဲ့ကိုက်ညီမယ့်၊ မြန်မာပြည်သူလူထုနဲ့ကိုက်ညီတဲ့ ပုံစံဒီဇိုင်းကို တီထွင်ပြီးတော့ ထုတ်လုပ်ထားတာဖြစ်ပါတယ်။ ဒီမဲပေးစက်ကို အသုံးပြုပြီးတော့ ရွေးကောက်ပွဲမှာ သုံးမယ်ဆိုလို့ရှိရင် မဲပေးရမယ့် မဲဆန္ဒရှင်ပြည်သူတွေက မဲပေးရတာ နားလည်ရလွယ်ကူတယ်။ ပြီးရင် မြန်လည်းမြန်တယ်။ မဲရလဒ်တွေက တိကျမှန်ကန်မှုရှိတယ်။ နောက်တစ်ခုအရေးကြီးဆုံးက ပယ်မဲမရှိတော့တာ။ ကျွန်တော်တို့ မဲလက်မှတ်တွေ အသုံးပြုတဲ့ ရွေးကောက်ပွဲတွေမှာ တော်တော်တွေ့ကြုံရတဲ့ကိစ္စပါ။ ပယ်မဲမရှိတော့ပါဘူး။

နောက်တစ်ခုကကျတော့ ကျွန်တော်တို့ရေရှည်မှာ ကုန်ကျစရိတ်သက်သာပါတယ်။ မဲမသမာမှုတွေ လုပ်လို့မရတော့ပါဘူး။ အဲဒီအကျိုးကျေးဇူးတွေ ကျွန်တော်တို့ရရှိမှာဖြစ်ပါတယ်။

**မေး။ ဟုတ်ကဲ့ဆရာ။ ဒါဆို MEVM System ကတော့ မဲပေးတဲ့ အရေအတွက်ကလည်း လွယ်ကူမယ်။ ရိုးရှင်းမယ်။ တိကျသေချာမယ်။ ပြီးသွားတော့ ပွင့်လင်းမြင်သာမှုရှိတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ တကယ့်ကိုအကျိုးရှိမယ့် System တစ်ခုလည်းဖြစ်ပါတယ်ဆရာရေ။ ဟုတ်ကဲ့ပါ။ ဆက်လက်ပြီးတော့လည်း နောက်ဆုံးစနစ်တစ်ခုကိုလည်း သွားကြရအောင်ပါ။ ဒါကိုဆက်လက်ပြီးတော့ ဆရာက ရှင်းလင်းတင်ပြပေးစေလိုပါတယ်ခင်ဗျ။**

**အဖွဲ့ဝင် (၁)။** ဟုတ်ကဲ့။ နောက်ဆုံးစနစ်ကတော့ ရွေးကောက်ပွဲကျင်းပနည်းဖြစ်ပါတယ်။ သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေတွေအရ ရွေးကောက်ပွဲကို ဖြစ်နိုင်ရင် ရုံးပိတ်ရက်မှာ နေ့ချင်းပြီးဆောင်ရွက်ဖို့ ပြဋ္ဌာန်းထားပါတယ်။ ဒါပေမဲ့ ဖြစ်နိုင်ရင်လို့စကားခံထားတဲ့အတွက် လိုအပ်ရင်တစ်ရက်ထက်ပိုပြီး ဆောင်ရွက်နိုင်တယ်လို့ ယူဆရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ကျင်းပမယ့် ရွေးကောက်ပွဲကိုအပိုင်းခွဲပြီးတော့ ကျွန်တော်တို့ ကျင်းပသွားမှာဖြစ်ပါတယ်။ အပိုင်းဘယ်နှပိုင်းခွဲပြီးဆောင်ရွက်မယ်။ ဘယ်ရက်တွေမှာ ကျင်းပမယ်ဆိုတာကို ကျွန်တော်တို့ ကြိုတင်ထုတ်ပြန်ကြေညာပေးသွားမှာ ဖြစ်ပါတယ်။

**မေး။ ဟုတ်ကဲ့ပါဆရာရေ။ ဒါဆိုရင် အပိုင်းလိုက်ကျင်းပသွားမယ်ဆိုတော့ တစ်ပိုင်းနဲ့တစ်ပိုင်းကပေါ့နော်ဆရာ အချိန်ဘယ်လောက်ယူရမလဲဆိုတာကိုလည်း ရှင်းလင်းတင်ပြပေးစေလိုပါတယ်ခင်ဗျာ။**

**အဖွဲ့ဝင် (၁)။** အပိုင်းတစ်ပိုင်းနဲ့တစ်ပိုင်းကြားမှာတော့ အကြမ်းဖျင်းအားဖြင့် အချိန်တစ်ပတ်လောက် ယူရမှာဖြစ်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ မဲပေးစက်တွေကို ရွှေ့ပြောင်းအသုံးပြုမှာဖြစ်ပါတယ်။ မဲပေးစက်တွေမှာ ဝင်ရောက်ယှဉ်ပြိုင်တဲ့ပါတီအသီးသီးနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းတွေရဲ့ အချက်အလက် SD Card ကို ကျွန်တော်တို့ Install လုပ်ဖို့ရှိပါတယ်။ Ballot Unit တွေပေါ်မှာ ကိုယ်စားလှယ်လောင်းများရဲ့အမည်စာရင်းကို Sticker နဲ့ ကပ်ဖို့ရှိပါတယ်။ အဲ့ဒီအပြင် မဲပေးစက်တွေကို ရွှေ့ပြောင်းပို့ဆောင်ဖို့အတွက် အချိန်လိုအပ်တဲ့အတွက် တစ်ပိုင်းနဲ့တစ်ပိုင်းကြားမှာ တစ်ပတ်လောက်ခြားပြီး ဆောင်ရွက်ဖို့ စီစဉ်ထားရှိတာဖြစ်ပါတယ်။

**မေး။ ဟုတ်ကဲ့ပါဆရာရေ။ ကျွန်တော်တို့ မကြာခင်မှာကျင်းပတော့မယ့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးအတွက်ကို ပြည်သူတွေသိရှိစေဖို့ရည်ရွယ်ပြီးတော့ စနစ်သစ်နှင့် ရွေးကောက်ပွဲဆိုတဲ့ခေါင်းစဉ်နဲ့ ဒီကနေ့မှာ ဆွေးနွေးပေးခဲ့တာဖြစ်ပါတယ်။ ဆရာတို့ ဆွေးနွေးပေးခဲ့တဲ့အတိုင်းပဲ ဒီရွေးကောက်ပွဲက အရင်ရွေးကောက်ပွဲတွေနဲ့ မတူဘူး။ တစ်မူထူးခြားတဲ့ စနစ်သုံးခု အကြောင်းကိုလည်း ကျွန်တော်တို့သိရပါပြီ။ ပြီးသွားတော့ မဲဆန္ဒရှင်တွေအတွက်တန်ဖိုးရှိတဲ့ အချက်အလက်တွေလည်း ဖြစ်ပါတယ်ခင်ဗျာ။ ဆက်လက်ပြီး ဆရာ့အနေနဲ့ ဘာတွေများထပ်မံဖြည့်စွက်ပြောကြားချင်တာများ ရှိပါသေးလဲခင်ဗျာ။**

**အဖွဲ့ဝင်(၁)။** ယခုလို တင်ဆက်ရတဲ့ ရည်ရွယ်ချက်ကတော့ မဲဆန္ဒရှင်ပြည်သူများကို ရွေးကောက်ပွဲစနစ်၊ မဲပေးစနစ်နဲ့ ကျင်းပနည်းစနစ်တွေနဲ့ ပတ်သက်ပြီး ယခင်ရွေးကောက်ပွဲတွေနဲ့မတူကွဲပြားခြားနားတဲ့ အချက်တွေကို အသိပေးတင်ပြချင်လို့ပဲဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ကတော့ ပြောင်းလဲဆောင်ရွက်မယ့် စနစ်သစ်၊ နည်းသစ်တွေနဲ့အညီ လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ မဲဆန္ဒရှင်ပြည်သူများအနေနဲ့ မကြာခင်ကျင်းပတော့မယ့် အထွေထွေရွေးကောက်ပွဲကြီးမှာ ပါဝင်ဆင်နွှဲလာရောက်မဲပေးကြဖို့ တိုက်တွန်းဖိတ်ခေါ်အပ်ပါတယ်။

**မေး။ ဟုတ်ကဲ့ပါဆရာရေ။ ဒီနေ့ ဆွေးနွေးပွဲမှာ လာရောက်ဆွေးနွေးပေးကြတဲ့ ဆရာတို့ကိုလည်း ကျွန်တော်တို့ရဲ့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားကနေ အထူးပဲ ကျေးဇူးတင်ပါတယ်ခင်ဗျာ။**

**အဖွဲ့ဝင် (၁)။** ဟုတ်ကဲ့။ ကျွန်တော်တို့ကလည်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားကို အထူးပဲကျေးဇူးတင်ရှိပါတယ်။ ။

သက်ပိုင်စိုး (MRTV)

# မွေးမြူရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရေးနှင့် အသားထုတ်လုပ်မှုကဏ္ဍမြှင့်တင်နိုင်ရေး အားပေးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၃၁

နေပြည်တော်ကောင်စီနယ်မြေအတွင်း မွေးမြူရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရေးနှင့် အသားထုတ်လုပ်မှုကဏ္ဍမြှင့်တင်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ မွေးမြူရေးတောင်သူများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယနေ့တွင် ဥတ္တရသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့အတွင်းရှိပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ရန်ကုန်မန္တလေးအမြန်လမ်း ၂၁၆ မိုင် ၅ ဖာလုံရှိ အဆင့်မြင့် နို့စားနွားမွေးမြူရေးခြံတွင် Holstein Friesian နို့စားနွားမျိုးများကို အလုံပိတ်အအေးပေးစနစ်ဖြင့် မွေးမြူထားရှိမှု၊ နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်ဖြန့်ဖြူးပေးနေမှုကိုကြည့်ရှုစစ်ဆေးပြီး နို့စားနွားများကို ယူနစ်အလိုက် တိုးချဲ့မွေးမြူရေး၊ တစ်နိုင်မွေးမြူသူတောင်သူများကို မွေးနည်းစနစ်နှင့် မျိုးကောင်းမျိုးသန့်များဖြန့်ဖြူးနိုင်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် တောင်ညိုကျေးရွာရှိ ပုဂ္ဂလိကဥစားကြက်မွေးမြူရေးခြံတွင်ဥစားကြက်ကောင်ရေ ၈၅၀၀ မွေးမြူထားရှိမှုနှင့် ဒေသတွင်း ကြက်ဥဖြန့်ဖြူးပေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ ဒုတိယဝန်ကြီးက ထုတ်လုပ်မှုကုန်ကျစရိတ်လျော့နည်းသက်သာစေရေး၊ သင့်တင့်သောဈေးနှုန်းဖြင့် ဖြန့်ဖြူးနိုင်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ပုဗ္ဗသီရိမြို့နယ် လယ်သာကျေးရွာရှိ စမ်းဝတီသဘာဝမြေဩဇာနှင့် နို့စားနွားမွေးမြူရေးခြံသို့သွားရောက်၍ သဘာဝမြေဩဇာ၊ Compound ဓာတ်မြေဩဇာများထုတ်လုပ်နေမှု၊ တစ်နှစ်လျှင် ၅၀ ကီလိုအိတ် ၁၀၉၅၀၀ ဖြန့်ဖြူးပေးနေမှုနှင့် နို့စားနွား ၂၂ ကောင် မွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ လယ်ယာဘေးထွက်ပစ္စည်းများမှ တိရစ္ဆာန်အစာဖြည့်ဆည်းပေးခြင်းနှင့် တိရစ္ဆာန်အညစ်အကြေးမှ သဘာဝမြေဩဇာအဖြစ် အသုံးပြုခြင်းပါဝင်သည့် လည့်ပတ်သုံးစွဲနည်းစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး တောင်သူမှ တောင်သူတိုးချဲ့ပညာပေးရေး၊ မွေးမြူရေးကိုအခြေခံသည့် ခေတ်မီကုန်ချောထုတ်လုပ်မှု အားကောင်းလာစေရေးဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# မြန်မာနိုင်ငံ၏ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာကြိုးပမ်းဆောင်ရွက်မှုများ

သျှင်မင်း

**အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scams)နှင့် လောင်းကစားမှု (Online Gambling)**

အွန်လိုင်းလိမ်လည်မှု (Online Scams) နှင့် လောင်းကစားမှု (Online Gambling)များ အပါအဝင် ယင်းတို့နှင့်ဆက်စပ်ဖြစ်ပေါ်လာတဲ့ လူကုန်ကူးမှု (Trafficking in Person)၊ လူမှောင်ခိုမှု(People Smuggling)၊ ရာဇဝတ်မှုကျူးလွန်ရန်အလို့ငှာ အဓမ္မလုပ်အားခိုင်းစေမှု (Forced Criminality)၊ ငွေကြေးခဝါချမှု (Money Laundering) စတဲ့ နိုင်ငံဖြတ်ကျော်မှုခင်းများဖြစ်ပွားမှုဟာ ဒေသတွင်းနိုင်ငံများမှာ မြင့်တက်လျက်ရှိပါတယ်။ အဲ့ဒီလုပ်ငန်းတွေကို ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ နယ်စပ်ဒေသများမှာ အခြေချလုပ်ကိုင်နေကြတာကို တွေ့ရှိရပါတယ်။ တရားမဝင်လုပ်ငန်းများဖြစ်တဲ့အတွက် အလုပ်သမားလိုအပ်ချက်များရှိတာကြောင့် လူမှုကွန်ရက်များ၊ Social Media များအပါအဝင် နည်းလမ်းမျိုးစုံအသုံးပြုပြီး မက်မောလောက်တဲ့လုပ်ခလစာများနဲ့ မက်လုံးပေးပြီး စည်းရုံးခေါ်ဆောင်နေကြတာကိုလည်း တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံအတွင်း Online Scams လုပ်ငန်းလုပ်ကိုင်နေတဲ့ နယ်မြေအများစုမှာ တရားဥပဒေစိုးမိုးရေးနဲ့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ လုပ်ငန်းစဉ်များဆောင်ရွက်ရန် အခက်အခဲနဲ့ကန့်သတ်ချက်များကြုံတွေ့နေရပါတယ်။ အဲ့ဒီအခက်အခဲတွေအပေါ် ဝိသမလောဘသားများက အခွင့်ကောင်းယူပြီး ကျူးလွန်နေကြခြင်းဖြစ်ပါတယ်။ အထက်ပါ နိုင်ငံဖြတ်ကျော်မှုခင်းများကို ဦးစီးဆောင်ရွက်နေသူတွေဟာ နိုင်ငံခြားသားများဖြစ်ပြီး တရုတ်နိုင်ငံသားအများစုနဲ့ အခြားနိုင်ငံခြားသားများကို ပြစ်မှုကျူးလွန်ရန် အသုံးချကြောင်း တွေ့ရှိရပါတယ်။ ပြစ်မှုကျူးလွန်ရာမှာ အသုံးချခံနေရတဲ့ နိုင်ငံခြားသားမှာ ၎င်းတို့မိသားစုဝင်များနဲ့ ၎င်းတို့မူရင်းနိုင်ငံမှတာဝန်ရှိသူတွေကို ဆက်သွယ်ပြီး မြန်မာနိုင်ငံအတွင်းမှာ အခက်အခဲများနဲ့ ရင်ဆိုင်နေရတာကြောင့် ကယ်တင်ပေးရန်အကူအညီတောင်းခံကြပါတယ်။ သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူတွေက မြန်မာနိုင်ငံမှ တာဝန်ရှိသူများထံ ဆက်သွယ်ပြီး ဆက်လက်အကူအညီတောင်းခံကြပါတယ်။

**နိုင်ငံခြားသားများကို ရှာဖွေကူညီကယ်တင်ပေးမှုနှင့် ပြန်လည်လွှဲပြောင်းပေးမှု**

၂၀၂၂ ခုနှစ်မှစတင်ပြီး မြန်မာနိုင်ငံအတွင်းရှိ နယ်စပ်ဒေသများ အထူးသဖြင့် ကရင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်တို့ရှိ နယ်စပ်ဒေသများသို့ ရောက်ရှိနေပြီး အခက်အခဲများကြုံတွေ့နေရတဲ့ နိုင်ငံခြားသားများကို ရှာဖွေကူညီကယ်တင်ပေးနိုင်ပါရန် အကူအညီတောင်းခံစာများကို သံတမန်လမ်းကြောင်း၊ အင်တာပိုလ်ရဲဆက်သွယ်ရေးလမ်းကြောင်းနဲ့ ရဲဆက်ဆံရေးအရာရှိလမ်းကြောင်း စတဲ့လမ်းကြောင်းအသီးသီးမှ လက်ခံရရှိခဲ့ပါတယ်။ အကူအညီတောင်းခံမှုများအနေနဲ့ သံတမန်လမ်းကြောင်းမှ **၅၉၅** ကြိမ်၊ အင်တာပိုလ်ရဲဆက်သွယ်ရေးလမ်းကြောင်းမှ **၁၄၉** ကြိမ်နဲ့ ရဲဆက်ဆံရေးအရာရှိလမ်းကြောင်းမှ **၈၇** ကြိမ်ဖြစ်ပါတယ်။ နိုင်ငံပေါင်း **၄၄** နိုင်ငံမှ အကူအညီတောင်းခံခြင်းဖြစ်ပြီး ရှာဖွေကူညီကယ်တင်ပေးရမယ့် လူဦးရေအနေဖြင့် **၅၇၆၄ ဦး (အမျိုးသား ၄၇၀၈ ၊ အမျိုးသမီး ၁၀၅၆)** ဖြစ်ပါတယ်။ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၅ ရက်အထိ **၂၁၃၆ ဦး (အမျိုးသား ၁၅၇၆ ၊ အမျိုးသမီး ၅၆၀)**ကို ရှာဖွေကယ်တင်နိုင်ခဲ့ပြီး **၂၁၀၅ ဦး ( အမျိုးသား ၁၅၅၀ ၊ အမျိုးသမီး ၅၅၅)** ကို သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ပြန်လည်လွှဲပြောင်းပေးခဲ့ပြီး ဖြစ်ပါတယ်။ လွှဲပြောင်းပေးရန်ကျန်ရှိတဲ့ **၃၁ ဦး (အမျိုးသား ၂၆၊ အမျိုးသမီး ၅)** ကိုလည်း လုပ်ထုံးလုပ်နည်းနဲ့အညီ အမြန်ဆုံးဆက်လက်လွှဲပြောင်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။

ရှာဖွေကယ်တင်ရရှိသူများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် သက်ဆိုင်ရာဌာနများနဲ့ပူးပေါင်းစိစစ်ခဲ့ရာ အများစုဟာ မိမိကိုယ်ကျိုးစီးပွားအတွက် အလုပ်လုပ်ကိုင်ရန် ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံနဲ့ တရုတ်နိုင်ငံ စတဲ့အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံအချို့ကိုဖြတ်သန်းပြီး မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာကြသူများဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒါပေမဲ့ နိုင်ငံတော်အစိုးရအနေနဲ့ လူသားချင်းစာနာထောက်ထားမှု၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှုကာ ပြည်တွင်းဥပဒေနဲ့အညီ အရေးယူဆောင်ရွက်ခြင်းမပြုဘဲ သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ပြည်နှင့်လွှဲပြောင်းပေးလျက်ရှိပါတယ်။

**မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေးဗဟိုကော်မတီဖွဲ့စည်းမှု**

ယင်းလုပ်ငန်းစဉ်များအား ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံတော်အစိုးရက **“မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်မှုကြောင့်ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ဥပဒေနဲ့အညီ အမြန်ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေး ဗဟိုကော်မတီ”** ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၈ ရက်မှာ ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းကော်မတီ၊ လုပ်ငန်းဆပ်ကော်မတီနဲ့ အတွင်းရေးမှူးရုံးအဖွဲ့တို့ကို ဆက်လက်ဖွဲ့စည်းကာ လုပ်ငန်းတာဝန်များဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေတဲ့နိုင်ငံခြားသားတွေကို ရှာဖွေကူညီကယ်တင်ကာ သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များနဲ့စပ်လျဉ်းပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသော လုပ်ငန်းကော်မတီနဲ့ ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများက တာဝန်ရှိသူတွေအကြား ညှိနှိုင်းအစည်းအဝေးများကိုလည်း နေပြည်တော်နဲ့ ရန်ကုန်မြို့တို့မှာ ကျင်းပခဲ့ပြီးဖြစ်ပါတယ်။

> **အွန်လိုင်းလိမ်လည်မှု (Online Scams) နဲ့ လောင်းကစားမှု (Online Gambling) များ အပါအဝင် ယင်းတို့နဲ့ဆက်စပ်ဖြစ်ပေါ်လာတဲ့ ရာဇဝတ်မှုများနဲ့ နိုင်ငံဖြတ်ကျော်မှုခင်းများကို ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေး၊ ထိရောက်စွာအရေးယူရေး စတဲ့လုပ်ငန်းစဉ်များအနက် တားဆီးနှိမ်နင်းရေးနဲ့ ဥပဒေနဲ့အညီထိရောက်စွာ အရေးယူရေးလုပ်ငန်းစဉ်ကို တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများပူးပေါင်းကာ ဆောင်ရွက်လျက်ရှိ. . .**

**ဗဟိုကော်မတီမှ ပြည်နှင်လွှဲပြောင်းပေးခဲ့သည့် နိုင်ငံခြားသား အရေအတွက်**

မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်ပြီး အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scams) နဲ့ လောင်းကစားမှု (Online Gambling) ကျူးလွန်ကြတဲ့ နိုင်ငံခြားသားများ အပါအဝင် မြန်မာနိုင်ငံအတွင်း တရားမဝင်ဝင်ရောက်နေထိုင်သူများကို ဖော်ထုတ်ဖမ်းဆီးပြီး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးလျက်ရှိရာမှာ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၅ ရက်မှ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၅ ရက်အထိ နိုင်ငံခြားသား **၆၇၄၇၃ ဦး (အမျိုးသား ၅၄၃၅၆ ဦး ၊ အမျိုးသမီး ၁၁၄၃၄ ဦး ၊ ကျား/မ မခွဲနိုင်သူ ၁၆၈၃ ဦး)**ကို ပြန်လည်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါတယ်။

မိမိတို့ မြန်မာနိုင်ငံသားများဟာလည်း အကြောင်းအမျိုးမျိုးကြောင့် ဒေသတွင်း နိုင်ငံအချို့ရှိ အွန်လိုင်းလိမ်လည်မှုနဲ့ အွန်လိုင်းလောင်းကစားလုပ်ငန်းများသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် လိမ်လည်စည်းရုံးပို့ဆောင်ခံရတဲ့ ဖြစ်စဉ်များလည်း ဖြစ်ပွားလျက်ရှိပါတယ်။ ၂၀၂၂ ခုနှစ်မှ လက်ရှိအချိန်အထိ ဖိလစ်ပိုင်နိုင်ငံမှာ အခက်အခဲများ ကြုံတွေ့ခဲ့တဲ့ မြန်မာနိုင်ငံသား စုစုပေါင်း **၈၇ ဦး (အမျိုးသား ၃၈ ၊ အမျိုးသမီး ၄၉)** နဲ့ ကမ္ဘောဒီးယားနိုင်ငံမှာ အခက်အခဲများကြုံတွေ့ခဲ့တဲ့ မြန်မာနိုင်ငံသား **၄၄ ဦး (အမျိုးသား ၂၅ ၊ အမျိုးသမီး ၁၉)**ကို မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါတယ်။

**အွန်လိုင်းအသုံးပြုလိမ်လည်မှုနှင့် လောင်းကစားမှုများအား တားဆီးနှိမ်နင်းရေးဆိုင်ရာလုပ်ငန်းအဖွဲ့ (Online Scams and Gambling Action Task Force – OSGATF) ဖွဲ့စည်းဆောင်ရွက်နေမှု**

အွန်လိုင်းအသုံးပြု လိမ်လည်မှုနဲ့ လောင်းကစားမှုတွေကို ကြိုတင်ကာကွယ်ရေး၊ စုံစမ်းဖော်ထုတ်ရေး၊ တားဆီးနှိမ်နင်းရေး၊ ဥပဒေနဲ့အညီ အရေးယူနိုင်ရေး၊ လူကုန်ကူးခံရသူများနဲ့ အဓမ္မစေခိုင်းခံရသူများကို ရှာဖွေကူညီကယ်တင်ပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ နေရပ်သို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေးတို့အတွက် မြန်မာ–တရုတ်–ထိုင်းသုံးနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်ရန် **“အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scams) နဲ့ လောင်းကစားမှု (Online Gambling) များအား တားဆီးနှိမ်နင်းရေးဆိုင်ရာလုပ်ငန်းအဖွဲ့ (Online Scams and Gambling Action Task Force – OSGATF)”** ကို ၂၀၂၅ ခုနှစ် မတ်လ ၂၅ ရက်မှာ ဖွဲ့စည်းခဲ့ပါတယ်။

**မြန်မာ–တရုတ် နှစ်နိုင်ငံပူးပေါင်း၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်အတွင်း Online Scams မှုခင်းများအား တားဆီးနှိမ်နင်းအရေးယူမှု**

မြန်မာ – တရုတ် နှစ်နိုင်ငံပူးပေါင်းပြီး မြန်မာနိုင်ငံ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့မှာရှိတဲ့ Online Scams လုပ်ငန်းတွေကို တားဆီးနှိမ်နင်းလျက်ရှိရာ ပူးပေါင်းစစ်ဆင်ရေးသုံးကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ပထမအကြိမ်စစ်ဆင်ရေးကို ၂၀၂၄ ခုနှစ် မတ်လ ၂၈ ရက်မှ ၃၁ ရက်အတွင်း ဆောင်ရွက်ခဲ့ပြီး တရုတ်နိုင်ငံသား ၃၅၂ ဦး (အမျိုးသား ၃၃၇၊ အမျိုးသမီး ၁၅)၊ ဒုတိယအကြိမ်စစ်ဆင်ရေးကို ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၃ ရက်မှ ၂၆ ရက်အတွင်း ဆောင်ရွက်ခဲ့ပြီး တရုတ်နိုင်ငံသား ၃၁၃ ဦး (အမျိုးသား ၃၀၂ ၊ အမျိုးသမီး ၁၁)၊ တတိယအကြိမ် စစ်ဆင်ရေးကို ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၁ ရက်မှ ၃၀ ရက်အတွင်း ဆောင်ရွက်ခဲ့ပြီး တရုတ်နိုင်ငံသား ၂၅၆ ဦး (အမျိုးသား ၂၅၂၊ အမျိုးသမီး ၄) တို့ကိုလုပ်ထုံးလုပ်နည်းနဲ့အညီ အရေးယူကာ တရုတ်နိုင်ငံကို ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါတယ်။

**မြန်မာ–တရုတ်–ထိုင်းသုံးနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု**

မြန်မာ–ထိုင်း နှစ်နိုင်ငံနယ်စပ် မြဝတီဒေသမှာရှိတဲ့ နယ်မြေများအတွင်းကို တရားမဝင်နယ်စပ်ဖြတ်ကျော်ခိုးဝင်ပြီး Online Scams၊ Online Gambling လုပ်ငန်းများလုပ်ကိုင်နေမှုတွေကို ပူးပေါင်းတိုက်ဖျက်ဖို့အတွက် မြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနနဲ့ ထိုင်းနိုင်ငံ တော်ဝင်ရဲအဖွဲ့တို့ပါဝင်တဲ့ မြန်မာ–တရုတ်–ထိုင်း သုံးနိုင်ငံစစ်ဆင်ရေးကိုလည်း ၂၀၂၃ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဇွန်လ ၁၆ ရက်အထိ ဆောင်ရွက်ခဲ့ကြပါတယ်။ အဲ့ဒီစစ်ဆင်ရေးအောင်မြင်မှုတွေအရ စစ်ဆင်ရေးကာလကို ၂၀၂၃ ခုနှစ် ဇွန်လမှ ၂၀၂၄ ခုနှစ် ဇွန်လအထိ ထပ်တိုးဆောင်ရွက်ခဲ့ကြပါတယ်။ စစ်ဆင်ရေးကာလအတွင်းမှာ မြန်မာ–ထိုင်း နှစ်နိုင်ငံနယ်စပ် မြဝတီဒေသမှ ရှာဖွေကယ်တင်ရရှိခဲ့တဲ့ တရုတ်နိုင်ငံသား **၉၃၆** ဦးကို ထိုင်းနိုင်ငံ မဲဆောက်မြို့မှတစ်ဆင့် တရုတ်နိုင်ငံကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၂၉ ရက်မှ မတ်လ ၂ ရက်အတွင်း ပြည်နှင်လွှဲပြောင်းနိုင်ရေးအတွက် မြန်မာ – တရုတ် – ထိုင်းသုံးနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။ ဒါ့အပြင် မြန်မာ–တရုတ်–ထိုင်းသုံးနိုင်ငံအကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို ကရင်ပြည်နယ် မြဝတီမြို့မှာတစ်ကြိမ်၊ ထိုင်းနိုင်ငံ မဲဆောက်မြို့မှာ နှစ်ကြိမ် စုစုပေါင်း သုံးကြိမ် ပြုလုပ်ခဲ့ပါတယ်။ ဝန်ကြီးအဆင့်အစည်းအဝေးကိုတော့ ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာတစ်ကြိမ်၊ မြန်မာနိုင်ငံ နေပြည်တော်မှာ တစ်ကြိမ် စုစုပေါင်းနှစ်ကြိမ် ကျင်းပခဲ့ပြီးဖြစ်ပါတယ်။

မြဝတီဒေသအတွင်း အခက်အခဲဖြစ်နေသူတွေကို ရှာဖွေကူညီကယ်တင်ဆောင်ရွက်ခဲ့ရာမှာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ ဩဂုတ်လ ၂၄ ရက်အထိ မြန်မာနိုင်ငံအတွင်းကို တရားမဝင် ဝင်ရောက်လာတဲ့ နိုင်ငံခြားသား စုစုပေါင်း **၉၃၆၉ ဦး**ကို ရှာဖွေကယ်တင်နိုင်ခဲ့ပါတယ်။ ၎င်းတို့ထဲက **၉၂၀၅ ဦး**ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံတွေကို လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနဲ့အညီ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါတယ်။ ကျန်ရှိတဲ့ နိုင်ငံခြားသား **၁၆၄ ဦး**ကို လွှဲပြောင်းပေးနိုင်ဖို့အတွက် သက်ဆိုင်ရာနိုင်ငံတွေနဲ့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လက်ရှိမှာ ၎င်းတို့ကို မြဝတီမြို့၌ ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိပါတယ်။

**ပြည်တွင်း၌ တားဆီးနှိမ်နင်းရေးဆောင်ရွက်မှု**

နယ်စပ်ဒေသများသာမက ပြည်တွင်းမှာလည်း Online Scams တားဆီးနှိမ်နင်းရေးကို ထိထိရောက်ရောက်ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဩဂုတ်လ ၂၄ ရက်အထိ ရှမ်းပြည်နယ်အတွင်း အွန်လိုင်းလိမ်လည်မှုလုပ်ကိုင်တဲ့ နိုင်ငံခြားသားများ ဖမ်းဆီးရမိမှု **၇၃ ကြိမ်** ရှိခဲ့ပြီး နိုင်ငံခြားသားစုစုပေါင်း **၂၂၇၇ ဦး (အမျိုးသား ၂၁၆၄ ၊ အမျိုးသမီး ၁၁၃)** ဖမ်းဆီးရမိခဲ့ပါတယ်။ ဖမ်းဆီးရမိတဲ့ နိုင်ငံခြားသားများအနက် **၂၀၆၈ ဦး (အမျိုးသား ၂၀၂၇ ၊ အမျိုးသမီး ၄၁)** ကို သက်ဆိုင်ရာနိုင်ငံများရဲ့ ပြည်တွင်းဥပဒေများနဲ့အညီ **စာမျက်နှာ ၁၀ သို့** ❑

❑ စာမျက်နှာ ၉ မှအဆက်

အရေးယူနိုင်ရေးအတွက် ပြန်လည်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသူ **၂၀၉ ဦး (အမျိုးသား ၁၃၇၊ အမျိုးသမီး ၇၂ )**ကိုလည်း အမြန်ဆုံးလွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ဖမ်းဆီးရမိမှုဖြစ်စဉ်များမှာ မြန်မာနိုင်ငံသားတရားခံ စုစုပေါင်း **၄၉၄ ဦး (အမျိုးသား၂၄၁ ၊ အမျိုးသမီး ၂၅၃)** ပါဝင်ပြီး ၎င်းတို့ကို မြန်မာနိုင်ငံရဲ့ ပြည်တွင်းဥပဒေနဲ့အညီအမှုဖွင့်၍ ထိထိရောက်ရောက်အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ယင်းကဲ့သို့ အရေးယူဆောင်ရွက်ရာမှာ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ၊ လောင်းကစားဥပဒေ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ၊ လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေ စတဲ့ ဥပဒေများနဲ့ အရေးယူဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အခုအခါ ဆိုက်ဘာနယ်ပယ်အပါအဝင် ယင်းနဲ့ဆက်စပ်ဖြစ်ပွားတဲ့ ရာဇဝတ်မှုများကို ထိထိရောက်ရောက် အရေးယူနိုင်ရန်ရည်ရွယ်ပြီး ဆိုက်ဘာလုံခြုံရေးဥပဒေကို နိုင်ငံတော်အစိုးရက ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှာ ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။

ဒါ့အပြင် လေကြောင်းခရီးနဲ့ ဝင်ရောက်လာတဲ့ နိုင်ငံခြားသားအချို့ဟာ မြန်မာနိုင်ငံမှာ တရားဝင်မှတ်ပုံတင်ထားတဲ့ ကုမ္ပဏီအချို့ရဲ့ ဗီဇာထောက်ခံစာများကို အသုံးပြုကြောင်း စိစစ်တွေ့ရှိရလို့ အဲ့ဒီကုမ္ပဏီများ၊ ကုမ္ပဏီပိုင်ရှင်နဲ့ ဒါရိုက်တာများကို အမည်မည်းစာရင်း (Black List) ရေးသွင်းပြီး အရေးယူဆောင်ရွက်ခဲ့ပါတယ်။

**ကြိုတင်ကာကွယ်ရေးဆောင်ရွက်ချက်များ**

မြန်မာနိုင်ငံအနေနဲ့ အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scams) နဲ့ လောင်းကစားမှု (Online Gambling)များ တားဆီးနှိမ်နင်းရေးဆိုင်ရာအချက်အလက်များ၊ မြန်မာနိုင်ငံအတွင်း အခက်အခဲကြုံတွေ့နေတဲ့ နိုင်ငံခြားသားတွေကို ရှာဖွေကူညီကယ်တင်မှုနဲ့ သက်ဆိုင်ရာနိုင်ငံများသို့ လုပ်ထုံးလုပ်နည်းနဲ့အညီ ပြည်နှင်လွှဲပြောင်းပေးမှုဆိုင်ရာ အချက်အလက်များ၊ အောင်မြင်မှုရလဒ်တွေကို နိုင်ငံပိုင်သတင်းစာနဲ့ မီဒီယာတွေမှာ ကျယ်ကျယ်ပြန့်ပြန့်ထည့်သွင်းဖော်ပြခြင်း၊ Online Scams နဲ့ Online Gambling တို့ရဲ့ ဆိုးကျိုးများနဲ့ သတင်းပို့တိုင်ကြားမှုစနစ်များကို ပြည်သူလူထုနားလည်သိရှိနိုင်ဖို့အတွက် အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများဟာ နိုင်ငံဖြတ်ကျော်တဲ့ သဘောသဘာဝရှိတာကြောင့် အဆိုပါပြဿနာရပ်ကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အလို့ငှာ မူလနိုင်ငံများ၊ ဖြတ်သန်းနိုင်ငံများနဲ့ ခရီးဆုံးနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ အဲ့ဒီလို ပူးပေါင်းဆောင်ရွက်ရာမှာ Common and Shared Responsibility "မူ" ကို အခြေပြုကြရမှာဖြစ်ပါတယ်။

အွန်လိုင်းလိမ်လည်မှု (Online Scams) နဲ့ လောင်းကစားမှု (Online Gambling) များအပါအဝင် ယင်းတို့နဲ့ဆက်စပ်ဖြစ်ပေါ်လာတဲ့ ရာဇဝတ်မှုများနဲ့ နိုင်ငံဖြတ်ကျော်မှုခင်းများကို ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေး၊ ထိရောက်စွာအရေးယူရေး စတဲ့လုပ်ငန်းစဉ်များအနက် တားဆီးနှိမ်နင်းရေးနဲ့ ဥပဒေနဲ့အညီ ထိရောက်စွာအရေးယူရေးလုပ်ငန်းစဉ်ကို တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများပူးပေါင်းကာ ဆောင်ရွက်လျက်ရှိပါတယ်။ ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်မှာ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုကလည်း အလွန်အရေးကြီးပါတယ်။ လူမှုကွန်ရက်များ၊ Social Media များအပါအဝင် နည်းလမ်းမျိုးစုံ အသုံးပြုပြီး မက်မောလောက်တဲ့လုပ်ခလစာများနဲ့ မက်လုံးပေးပြီး စည်းရုံးခေါ်ဆောင်နေကြတာကိုလည်း သတိပြုကြဖို့နဲ့ Scammer တွေရဲ့ ပစ်မှတ်မဖြစ်စေဖို့၊ သားကောင် (Victims) များအဖြစ် မကျရောက်စေဖို့ ပြည်သူများအကြား သတင်းအချက်အလက်အပြန်အလှန်မျှဝေဖလှယ်ခြင်းများပြုလုပ်သင့်ပါကြောင်း တိုက်တွန်းအပ်ပါတယ်။ ။

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အထည်ဆေးရေးနည်းနှင့် ပန်းချီပုံရိုက်အခြေခံသင်တန်းဆင်း




ပခုက္ကူ ဩဂုတ် ၃၁

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ ဩဂုတ်လ ၃၀ ရက် ညနေပိုင်းတွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အထည်ဆေးရေးနည်းနှင့် ပန်းချီပုံရိုက်အခြေခံသင်တန်းဆင်းပွဲကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပခုက္ကူမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာယုက သင်တန်းဖွင့်လှစ်ပေးရခြင်းရည်ရွယ်ချက်များနှင့် သင်တန်းမှ တစ်ဆင့်ရရှိမည့် အကျိုးကျေးဇူးများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက သင်တန်းဆင်း အောင်လက်မှတ်များနှင့် သင်တန်းထွက်ကုန်ချောပစ္စည်းများပေးအပ်သည်။

အဆိုပါသင်တန်းတွင် သင်တန်းသူ ၂၀ ဦးတက်ရောက်ကြပြီး အထည်ဆေးရေးနည်းနှင့် ပန်းချီပုံရိုက်နည်းဘာသာရပ်များကို ဩဂုတ်လ ၁၅ ရက်မှ ၂၉ ရက်အထိ ၁၅ ရက်ကြာ စာတွေ့လက်တွေ့စနစ်တကျသင်ကြားပို့ချပေးကြောင်းသိရသည်။

ဘာမီသာ(ပခုက္ကူ)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအားတိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝူဟန်တက္ကသိုလ်မှ ဒုတိယအဓိပတိနှင့်တွေ့ဆုံဆွေးနွေး

## နှစ်နိုင်ငံအကြား နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ရင်းရင်းနှီးနှီးဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝူဟန်တက္ကသိုလ်၏ ဒုတိယအဓိပတိ ပါမောက္ခ Prof. Gong Wei ဦးဆောင်သောတာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝူဟန်တက္ကသိုလ်၏ ဒုတိယအဓိပတိ ပါမောက္ခ Prof. Gong Wei က အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်စဉ်။

**နေပြည်တော်  ဩဂုတ်  ၃၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် တီယန်ကျင်းမြို့ရှိ Tangla Hotel ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝူဟန်တက္ကသိုလ်၏ ဒုတိယအဓိပတိ ပါမောက္ခ Prof. Gong Wei ဦးဆောင်သော တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ခရီးစဉ်တွင်လိုက်ပါလာသည့် ကော်မရှင်အဖွဲ့ဝင်များ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် တပ်မတော်အဆင့်မြင့်အရာရှိကြီးများတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင်ဂြိုဟ်တုနည်းပညာဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံအတွက် နည်းပညာတတ်ကျွမ်းသည့် လူသားအရင်းအမြစ်များမွေးထုတ်ပေးနိုင်ရေး ဝူဟန်တက္ကသိုလ်မှ ကူညီဆောင်ရွက်ပေးနိုင်သည့်အခြေအနေများ၊ ဝူဟန်တက္ကသိုလ်၏ သမိုင်းကြောင်းနှင့် နိုင်ငံတကာမှကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားလျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံအကြား နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ ဝူဟန်တက္ကသိုလ်၏ ဒုတိယအဓိပတိက အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရန်ကုန်မြို့ရှိ သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံများ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၃၁

လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့အတွင်းရှိသဘာဝဓာတ်ငွေ့နှင့်စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဦးတင်အောင်စန်းသည် တာဝန်ရှိသူများနှင့်အတူ အလုံမြို့နယ်ရှိ Myanmar Ahlone Power Plant Co.,Ltd. နှင့် Toyo Thai Power Myanmar Co.,Ltd. တို့မှ လည်ပတ်မောင်းနှင်လျက်ရှိသည့် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံများသို့သွားရောက်၍ ရှင်းလင်းဆောင်တွင် သက်ဆိုင်ရာကုမ္ပဏီတို့မှ တာဝန်ရှိသူများက ဓာတ်အားပေးစက်ရုံဆိုင်ရာ အချက်အလက်များ၊ ဓာတ်အားပေးစက်ရုံများ၏ ဓာတ်ငွေ့ရရှိသုံးစွဲမှု၊ ဓာတ်အားပေးစက်များမောင်းနှင်၍ နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပို့လွှတ်ပေးနေမှုနှင့် ဓာတ်အားပေးစက်များ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းဆိုင်ရာ အခြေအနေများကိုရှင်းလင်းတင်ပြရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ ကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံတွင်သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံများ၏ စက်တပ်ဆင်အင်အားသည် လျှပ်စစ်ထုတ်လုပ်ရေးကဏ္ဍရှိ စုစုပေါင်းတပ်ဆင်အင်အား၏ ၄၀ ရာခိုင်နှုန်းခန့်ရှိပြီး ရေအားလျှပ်စစ်ထုတ်လုပ်ရေးကဏ္ဍပြီးလျှင် ဒုတိယမြောက် အများဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်မှလိုအပ်နေသည့် လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းနိုင်ရေးအတွက် ဓာတ်အားထုတ်လုပ်မှုပြတ်တောက်မှုမရှိစေရေး၊ သတ်မှတ်စက်စွမ်းရည်ပြည့် မောင်းနှင်နိုင်ရေးနှင့် ဓာတ်အားပေးစက်များ စဉ်ဆက်မပြတ် မောင်းနှင်လည်ပတ်ထုတ်လုပ်နိုင်ရန်အတွက် စက်များပြုပြင်ထိန်းသိမ်းရေးကို စနစ်တကျစီမံချက်ရေးဆွဲဆောင်ရွက်ကြစေလိုကြောင်း၊ စက်များ ချွတ်ယွင်းမှုဖြစ်ပေါ်ပါက အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်နိုင်ရေးအတွက် လိုအပ်သည့် စက်အရန်ပစ္စည်းများ ထားရှိဆောင်ရွက်စေလိုကြောင်း၊ လျှပ်စစ်ဓာတ်အားပမာဏများစွာ အသုံးပြုသည့် စက်ရုံ၊ အလုပ်ရုံများနှင့် စီးပွားရေးလုပ်ငန်း အများအပြားရှိသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း စဉ်ဆက်မပြတ် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံများမှဓာတ်အား တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် Myanmar Ahlone Power Plant ၁၈၃ မဂ္ဂါဝပ် နှင့် Toyo Thai Power Myanmar ၁၂၁ မဂ္ဂါဝပ် စက်ရုံများ၏ Gas Turbine နှင့် Steam Turbine တို့မှ ဓာတ်အားထုတ်လုပ်လျက်ရှိသည့် အခြေအနေများနှင့် ဓာတ်အားထုတ်လုပ်မှု ထိန်းညှိခန်း(Control Room)အတွင်း နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံဝန်ထမ်းများကို အမှတ်တရသစ်သီးခြင်းများ ပေးအပ်သည်။

ထို့နောက်သာကေတမြို့နယ်ရှိ U Energy Thaketa Power Co.,Ltd. နှင့် MaxPower (Thaketa) Co.,Ltd. တို့မှ လည်ပတ်မောင်းနှင်လျက်ရှိသည့် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံများသို့ ရောက်ရှိရာ ဓာတ်အားပေးစက်ရုံရှိ ရှင်းလင်းဆောင်၌ သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများက ဓာတ်အားပေးစက်ရုံအသီးသီး၏ လက်ရှိထုတ်လုပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းနှင့်တာဝန်ရှိသူတို့က ဖြည့်စွက်ရှင်းလင်းတင်ပြရာ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌက လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့် သဘာဝဓာတ်ငွေ့အပြည့်အဝရရှိရေး သက်ဆိုင်ရာဌာနများက ပေါင်းစပ်ဆောင်ရွက်ကြရန်၊ သဘာဝဓာတ်ငွေ့သည် ဈေးနှုန်းကြီးမြင့်သောစွမ်းအင်အရင်းအမြစ်ဖြစ်သည့်အတွက် လေလွင့်မှုနည်းပါးစေရန် ဓာတ်အားပေးစက်များ စက်စွမ်းရည်ကောင်းမွန်စေရေး အလေးထားဆောင်ရွက်ကြရန်နှင့် လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးအတွက်အလေးထားဆောင်ရွက်ကြရန် မှာကြားပြီး စက်ရုံဝန်ထမ်းများကို အမှတ်တရသစ်သီးခြင်းများ ပေးအပ်သည်။

ဆက်လက်၍ U Energy Thaketa Power ၏ Gas Turbine နှင့် Steam Turbine တို့မှ ၁၁၉ ဒသမ ၇၃ မဂ္ဂါဝပ်ထုတ်လုပ်သည့် စက်ရုံနှင့် MaxPower (Thaketa)၏ Gas Engine ၁၆ လုံးဖြင့် ၅၃ ဒသမ ၆ မဂ္ဂါဝပ် ထုတ်လုပ်သည့်စက်ရုံများ၏ စက်ရုံတည်ဆောက်ထားရှိမှု၊ လက်ရှိထုတ်လုပ်လျက်ရှိသည့်အခြေအနေများနှင့် ဓာတ်အားထုတ်လုပ်မှုထိန်းညှိခန်း(Control Room) အတွင်း နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြပြီး လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံများဖြစ်သည့် အလုံမြို့နယ်ရှိ Myanmar Ahlone Power Plant၊ Toyo Thai Power Myanmar နှင့်သာကေတမြို့နယ်ရှိ U Energy Thaketa Power Plant နှင့် MaxPower (Thaketa) စက်ရုံတို့သည် အမျိုးသားဓာတ်အား ကွန်ရက်ဖြင့်ချိတ်ဆက်၍ ရန်ကုန်မြို့အတွင်း လျှပ်စစ်ဓာတ်အား ၄၂၈ မဂ္ဂါဝပ် ထုတ်လုပ်ဖြန့်ဝေလျက်ရှိကြောင်းသိရသည်။

မြဝတီ

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် တပ်မတော်(လေ)မှ စစ်သည်နှင့် စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်

နေပြည်တော် ဩဂုတ် ၃၁

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် တပ်မတော်(လေ)မှ စစ်သည်နှင့် စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် လေတပ်စခန်း၌ ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်များ၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်မြင်ခဲ့ကြသည့် စစ်သည်၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် (၅)ဘာသာဂုဏ်ထူးရှင် ၃ ဦး၊ (၄)ဘာသာဂုဏ်ထူးရှင် ၉ ဦး၊ (၃)ဘာသာဂုဏ်ထူးရှင် ၂၀ ဦး၊ (၂)ဘာသာဂုဏ်ထူးရှင် ၂၅ ဦး၊ (၁)ဘာသာဂုဏ်ထူးရှင် ၃၁ ဦးနှင့်တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် စစ်သည် ၁ ဦးတို့ကို ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)




ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သူတစ်ဦးအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# သာကေတဓာတ်အားပေးစက်ရုံရှိ ဝန်ထမ်းများနှင့် ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း တွေ့ဆုံမှာကြား

နေပြည်တော် ဩဂုတ် ၃၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် သာကေတမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ သာကေတသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံသို့သွားရောက်ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ယခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် ကျင်းပမည်ဖြစ်၍ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများအားလုံး စနစ်တကျမဲပေးနိုင်ရေး စီမံဆောင်ရွက်သွားရန်နှင့် မိမိဒေသ၊ မိမိမြို့နယ်အကျိုးကို ဆောင်ရွက်နိုင်မည့်သူအား ရွေးချယ်မဲပေးသွားရန်၊ ဝန်ထမ်းများ ဝန်ထမ်းအိမ်ရာလိုင်းခန်းများ၌ နေထိုင်ရာတွင်လည်း စည်းလုံးညီညွတ်စွာ မိသားစုသဖွယ် နေထိုင်သွားကြရန်နှင့် မိမိတို့နေထိုင်ရာ ဝန်ထမ်းအိမ်ရာများ



ပျက်စီးမှုမရှိစေရေး စနစ်တကျထိန်းသိမ်းပြုပြင်ဆောင်ရွက်သွားရန်၊ ဓာတ်အားပေးစက်ရုံဝင်းအတွင်း မြေလွတ်မြေရိုင်းများရှိပါက သီးပင်စားပင်များ စိုက်ပျိုးသွားရန်၊ ဝန်ထမ်းများငွေကြေးသုံးစွဲမှုကို ခြိုးခြံချွေတာ၍ လျှပ်စစ်မီးနှင့်ရေသုံးစွဲမှုကိုလည်း ချွေတာသုံးစွဲသွားရန်မှာကြားပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ဒုတိယနေ့ဆက်လက်ကျင်းပ



ရန်ကုန် ဩဂုတ် ၃၁

" လူငယ်စွမ်းအား ပြည့်အင်အားဖြင့် ရှေ့သို့လှမ်းချီမြန်မာပြည်" ဆောင်ပုဒ်ဖြင့် ကျင်းပသည့် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ဒုတိယနေ့ကို ယနေ့တွင် ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ၌ ဆက်လက်ကျင်းပသည်။

ဦးစွာ တိုင်းရင်းသားလူငယ်များက ကချင်ရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူငယ်ကျောင်းသား၊ ကျောင်းသူများက "လန်းဆန်းနိုးထ ဉာဏ်စမ်းအစီအစဉ်"အဖြစ် ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေးဆိုင်ရာ Energizer Quiz များကို ပါဝင်ဖြေကြားကြသည်။

ထို့နောက် ဆွစ်ဇာလန်နိုင်ငံ (SUPDI) မှ တွဲဖက်ပါမောက္ခ Mr. Lorenzo Maria Pacini က **"ပြောင်းလဲနေသော ကမ္ဘာနှင့် မြန်မာ-ပထဝီစီးပွားရေး"** ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် ပထဝီစီးပွားရေးအပေါ် အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ အချုပ်အခြာအာဏာပိုင်နိုင်ငံများအတွက် ပထဝီစီးပွားရေး၏ အရေးပါပုံနှင့် နိုင်ငံ့စီးပွားရေးအပေါ် သက်ရောက်မှုများ၊ ပထဝီစီးပွားရေးကို ရှုထောင့်ပေါင်းစုံမှလေ့လာသုံးသပ်ကြည့်ခြင်း၊ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးတို့ ဆက်နွှယ်တည်ရှိနေမှု၊ အစိုးရများအနေဖြင့် ပထဝီစီးပွားရေးဆိုင်ရာ အကျိုးရလဒ်များအတွက် ကုန်သွယ်ရေးမူဝါဒများ ချမှတ်ဆောင်ရွက်ခြင်း၊ အချို့သောအခြေအနေတွင် နိုင်ငံရေးထက် စီးပွားရေးကဏ္ဍကို ဦးစားပေး အကောင်အထည်ဖော်ခြင်း၊ ဘေးကင်းလုံခြုံသော နိုင်ငံ့စီးပွားရေးစနစ်များဖော်ဆောင်ခြင်း၊ အကျိုးစီးပွားအတွက် နိုင်ငံရေးရာ Superpower များ တည်ဆောက်ခြင်းနှင့် Superpower များကို ဟန်ချက်ညီအောင်ထိန်းညှိခြင်း၊ အကျိုးတူမိတ်ဖက်နိုင်ငံများစုဖွဲ့ခြင်း၊ ကမ္ဘာ့စီးပွားရေးလမ်းကြောင်းပေါ်မှ ဒေါ်လာငွေကြေးဈေးကွက်၊ အင်အားကြီးနိုင်ငံများအနေဖြင့် နိုင်ငံရေးအရ အားသာမှုကိုအသုံးပြု၍ ကမ္ဘာ့စီးပွားရေးကိုလွှမ်းမိုးထားနိုင်ရန် ကြိုးပမ်းမှုများ၊ အစိုးရများအနေဖြင့် ကာလတို၊ ကာလလတ်၊ ကာလရှည် စီးပွားရေးလမ်းပြမြေပုံများရေးဆွဲခြင်းနှင့် အနာဂတ်နိုင်ငံ့စီးပွားရေးအတွက် အစီအမံများကြိုတင်ချမှတ်ဆောင်ရွက်ခြင်း စသည့်အကြောင်းအရာများကို သုံးသပ်ဆွေးနွေးသည်။

ဆွေးနွေးသုံးသပ်ချက်များနှင့်စပ်လျဉ်း၍ လူငယ်ကျောင်းသား၊ ကျောင်းသူများက အာရှဒေသတွင် တွေ့မြင်လာနိုင်သည့် နိုင်ငံရေးသီအိုရီများ၊ နိုင်ငံတစ်နိုင်ငံ၌ စီးပွားရေးတည်ငြိမ်မှုရှိစေရန်နှင့် ငွေကြေးစနစ်ခိုင်မာအားကောင်းစေရန် ထိန်းချုပ်ဆောင်ရွက်သင့်သည့်အချက်များ၊ တစ်ကမ္ဘာလုံးရင်ဆိုင်တွေ့ကြုံရနိုင်သည့် ပထဝီစီးပွားရေးစိန်ခေါ်မှု၊ Digital Currency နှင့် ပတ်သက်ပြီး စဉ်းစားဆောင်ရွက်သင့်သည့် အချက်များ၊ ပထဝီစီးပွားရေးအရ တရုတ်နိုင်ငံ၏ငွေကြေးဈေးကွက်အခြေအနေ၊ ငွေကြေးဖောင်းပွမှုကို Crypto Currency က ဖြေရှင်းပေးနိုင်မည့်အလားအလာ၊ ပထဝီစီးပွားရေးအရ AI နှင့် Digital Currency တို့၏ ပံ့ပိုးပေးနိုင်မှု၊ ပြောင်းလဲလာသည့်ကမ္ဘာကြီးတွင် မြန်မာလူငယ်များအနေဖြင့် ရင်ဆိုင်တွေ့ကြုံနိုင်သည့်စိန်ခေါ်မှုများ၊ အိန္ဒိယနိုင်ငံ၏ အရှေ့မျှော်မူဝါဒနှင့် မြန်မာနိုင်ငံ၏ ပထဝီစီးပွားရေးဆိုင်ရာ မျှော်မှန်းချက် စသည့်အကြောင်းအရာများကို မေးခွန်းများမေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် Mr. Lorenzo Maria Pacini က "မြန်မာ၊ စီးပွားရေးနှင့် ဗဟုဝင်ရိုးကမ္ဘာ" ခေါင်းစဉ်ဖြင့်ဆွေးနွေးရာတွင် မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း၌ ပထဝီစီးပွားရေးအရ မဟာဗျူဟာမြောက်တည်ရှိနေမှု၊ ကုန်သွယ်မှုလမ်းကြောင်းများနှင့် ဈေးကွက်အခြေအနေ၊ စီးပွားရေးရာမူဝါဒများနှင့် အခွန်စနစ်၊ အိမ်နီးချင်းနိုင်ငံများ၏ ပထဝီစီးပွားရေးအရတည်ရှိနေမှုအပေါ် လေ့လာသုံးသပ်ခြင်း၊ နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးအရ လွတ်လပ်စွာရပ်တည်နိုင်မှုကို ထိန်းသိမ်းကာကွယ်ခြင်း၊ နိုင်ငံရေး၊ စီးပွားရေးအရ အားသာချက်နှင့် အကျိုးရလဒ်များရရှိစေရန် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ခြင်း၊ ငွေကြေးမူဝါဒနှင့် ဈေးကွက်ဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့်ဆည်းခြင်း၊ မဟာမိတ်နိုင်ငံများနှင့် အကျိုးတူမူဝါဒများထားရှိခြင်း၊ နိုင်ငံရေး၊ စီးပွားရေးအရ အမြတ်ထုတ်မှုများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် လုံခြုံအေးချမ်းမှုရှိသော ဝန်းကျင်ကောင်းဖန်တီးခြင်း စသည့်အကြောင်းအရာများကို သုံးသပ်ဆွေးနွေးသည်။

ဆွေးနွေးသုံးသပ်ချက်များနှင့်စပ်လျဉ်း၍ လူငယ်ကျောင်းသား၊ ကျောင်းသူများက တရုတ်နိုင်ငံ၏ စီးပွားရေးရာမူဝါဒများ၊ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ရရှိလာနိုင်မည့် အကျိုးရလဒ်များ၊ လုပ်ပိုင်ခွင့်အခွင့်အာဏာကို နိုင်ငံအခြေအနေနှင့်ကိုက်ညီစေရန်စီမံခန့်ခွဲခြင်း၊ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့၏ စီးပွားရေးရာမူဝါဒအရ မြန်မာနိုင်ငံအပေါ် သက်ရောက်လာနိုင်သည့် အခြေအနေ၊ မြန်မာနိုင်ငံနှင့်လိုက်လျောညီထွေရှိသည့် စီးပွားရေးရာမူဝါဒများ ချမှတ်ရာတွင် လိုအပ်ချက်များ စသည့် အကြောင်းအရာများကို မေးခွန်းများမေးမြန်းဆွေးနွေးကြသည်။

ဆက်လက်၍ ပြောင်းလဲနေသောကမ္ဘာ့အစီအစဉ်တွင်မြန်မာနိုင်ငံ၏ပထဝီစီးပွားရေးအခန်းကဏ္ဍအပေါ် လူငယ်များအမြင်၊ လူငယ်များအတွက်ဒေသဆိုင်ရာချိတ်ဆက်မှုနှင့် ကုန်သွယ်မှုအခွင့်အလမ်းများ၊ ဗဟုဝင်ရိုးစီးပွားရေးအတွက် ဆန်းသစ်မှုနှင့် အရည်အချင်းများ၊ ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုဟန်ချက်ညီစေခြင်း၊ စီးပွားရေးတွင် အားလုံးပါဝင်နိုင်ရေး လူငယ်အခြေပြုဖြေရှင်းနည်းလမ်းများစသည့်ခေါင်းစဉ်များကို အဖွဲ့များခွဲ၍ ဆွေးနွေးကြသည်။

ထို့နောက် အဖွဲ့များမှ လူငယ်ကိုယ်စားလှယ်တစ်ဦးစီက ခေါင်းစဉ်အလိုက် ဆွေးနွေးသုံးသပ်ချက်များကို ပြန်လည်စုစည်းတင်ပြပြီး ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက လူငယ်အဖွဲ့များကို ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် စီးပွားရေးသုတေသီ ဦးဇော်ဦးက အနှစ်ချုပ်သုံးသပ်တင်ပြပြီး တိုင်းရင်းသားလူငယ်များက ရခိုင်တိုင်းရင်းသားရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်ကြကာ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# မြိတ်မြို့နယ် စစ်တုရင်ကော်မတီ အလွတ်တန်းနှင့် လူငယ်စစ်တုရင်အားကစားပြိုင်ပွဲကျင်းပ

မြိတ် ဩဂုတ် ၃၁


တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်စစ်တုရင်ကော်မတီမှကြီးမှူး၍ အလွတ်တန်းနှင့် လူငယ်စစ်တုရင်အားကစားပြိုင်ပွဲကို ယမန်နေ့က အလယ်ကျွန်းရပ်ကွက် ပိတောက်ရွှေဝါလမ်း (နောက်လယ် ၁၁ လမ်း) သာထက်ကောင်းစံမူလတန်းကြိုကျောင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ မြိတ်မြို့နယ်အတွင်းမှ စစ်တုရင်အားကစားသမား အမျိုးသား၊ အမျိုးသမီး ၁၈ နှစ်အောက် ပြိုင်ပွဲဝင် ခုနစ်ဦး၊ ၁၈ နှစ်အထက်ပြိုင်ပွဲဝင် ၂၁ ဦး စုစုပေါင်း ၂၈ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို နှစ်ရက်တာကျင်းပလျက်ရှိပြီး ပြိုင်ပွဲများတွင် ဆုရရှိသူများကို ဆုများချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

"တနင်္သာရီတိုင်းဒေသကြီးမှာ မျိုးဆက်သစ် လူငယ်စစ်တုရင်အားကစားသမားတွေ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေဖို့ အခြေခံပညာကျောင်းတွေမှာ စစ်တုရင်အားကစားနည်းကို သင်ကြားပေးနိုင်ရင် ပိုကောင်းမှာပါ။ စစ်တုရင်အားကစားပြုလုပ်ခြင်းဖြင့် ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်လာမယ်၊ အတွေးအခေါ်ပိုင်းဆိုင်ရာ တိုးတက်လာမယ်၊ စိတ်ပိုင်းဆိုင်ရာတည်ငြိမ်မှုရှိလာမယ်"ဟု မြိတ်မြို့နယ် စစ်တုရင်ကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးကပြောသည်။

ယင်းပြိုင်ပွဲကို မျိုးဆက်သစ်လူငယ်အားကစားသမားများပေါ်ထွန်းလာစေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စစ်တုရင်ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)



◆ စာမျက်နှာ ၁၅ မှအဆက်

ပြောကြားရာတွင် မိမိတို့နိုင်ငံတွင်လက်ရှိအချိန်၌ မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် EV ကားများကိုလက်ရှိအချိန်တွင် တင်သွင်းခွင့်ပေးထားပြီး SKD စနစ်ဖြင့်ထုတ်လုပ်ရောင်းချခွင့်ပြုထားကြောင်း၊ နောင်အနာဂတ်တွင် ယခုထက်ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အခွန်အခများလျှော့ချနိုင်ရေးအတွက်လည်း ထည့်သွင်းစဉ်းစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့ရှိသီလဝါစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံထုတ်လုပ်ခြင်းနှင့် မြန်မာလုပ်ငန်းရှင်များနှင့် ပူးပေါင်းထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ ပြန်လည်တင်ပို့ခြင်းများကို ဆောင်ရွက်နိုင်ကြောင်း၊ မိမိအနေဖြင့် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် လောင်စာဆီသုံးစွဲသည့် မော်တော်ယာဉ်များလျှော့ချပြီး လျှပ်စစ်ကားများ အသုံးပြုမှုတိုးမြှင့်နိုင်ရေးသည် မိမိ၏ရည်မှန်းချက်ဖြစ်ကြောင်း၊ ထို့ကြောင့် တရုတ်နိုင်ငံမှ EV ကားထုတ်လုပ်သူများအနေဖြင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

သတ္တုတူးဖော်မှုအဆင့်မြှင့်တင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် သဘာဝသယံဇာတပစ္စည်းများအား ကုန်ကြမ်းအဖြစ် ပြည်ပနိုင်ငံများသို့ တင်ပို့ခြင်းကို ခွင့်မပြုထားသော်လည်း ကုန်ချောအဖြစ်ထုတ်လုပ်၍ တင်ပို့ခြင်းကို ခွင့်ပြုပေးထားကြောင်း၊ သယံဇာတများထုတ်ယူမှုကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်သွားရန်လိုကြောင်း၊ မြန်မာနိုင်ငံတွင် သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လိုပါက မြန်မာနိုင်ငံသို့ လာရောက်ဆွေးနွေးသွားရန် ဖိတ်ခေါ်ပါကြောင်း။

စွမ်းအင်ကဏ္ဍနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်းများအတွက်လည်း လာရောက်ဆွေးနွေးနိုင်ကြောင်း၊ မိမိအနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှုကို ပထမဦးစားပေးအနေဖြင့် ဆောင်ရွက်လျက်ရှိပြီး Waste To Energy ကိုလည်း ဒုတိယဦးစားပေးအနေဖြင့်စိတ်ဝင်စားကြောင်း၊ သို့သော် ထုတ်လုပ်မှုအတွက် ကုန်ကျစရိတ်ကိုထည့်သွင်းတွက်ချက်ရန်လိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ ဆန်၊ ပဲ၊ ပြောင်း စသည့်သီးနှံများကို အဓိကထားတင်ပို့လျက်ရှိကြောင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ-တရုတ်စီးပွားရေးလုပ်ငန်းရှင်များပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်း၍ လုပ်ငန်းများမြန်ဆန်စွာဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့တွေ့ဆုံပွဲအခမ်းအနား၌ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထားဆွေးနွေးသွားကြသည်ကိုတွေ့ရကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် နယ်နိမိတ်ချင်းထိစပ်နေသည့် အိမ်နီးချင်းကောင်းနိုင်ငံ၊ ဆွေမျိုးပေါက်ဖော်နိုင်ငံများဖြစ်ကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုမှတစ်ဆင့် နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း၊ မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်နိုင်ရန်အတွက် ကုန်သွယ်မှုများတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးထုတ်ကုန်များကို အဓိကထားထုတ်လုပ်သည့်နိုင်ငံတစ်ခုဖြစ်ပြီး တရုတ်နိုင်ငံသို့တင်ပို့နိုင်သည့် လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်များရှိကြောင်း၊ မိမိတို့နိုင်ငံတွင် အရည်အသွေးကောင်းမွန်သည့် ပေါ်ဆန်းမွှေးကဲ့သို့ ဆန်အမျိုးအစားများလည်းရှိကြောင်း။

ယနေ့ တွေ့ဆုံဆွေးနွေးမှုများသည် အောင်မြင်သည့်တွေ့ဆုံဆွေးနွေးမှုပင်ဖြစ်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီးနှင့်တွေ့ဆုံဆွေးနွေးခဲ့ချိန်၌လည်း အောင်မြင်မှုရှိသည့် တွေ့ဆုံဆွေးနွေးမှုများရရှိခဲ့ကြောင်း၊ မိမိတို့အနေဖြင့် တရုတ်နိုင်ငံအတွက် လိုအပ်သည့်ပစ္စည်းများကို မြန်မာနိုင်ငံမှတင်ပို့၍ရနိုင်ကြောင်း၊ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများမှာ ကာလရှည်ကြာရှိပြီဖြစ်ပြီး လက်ရှိအချိန်တွင် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်နေခြင်းဖြစ်သဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် စိတ်ပါဝင်စားပါက မြန်မာနိုင်ငံသို့လာရောက်၍ဆွေးနွေးဆောင်ရွက်နိုင်ကြောင်း၊ လျင်မြန်စွာအကောင်အထည်ဖော်နိုင်ပြီး နှစ်ဖက်အကျိုးဖြစ်ထွန်းမှုများကို ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့်မြန်မာ-တရုတ်စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့ဖွဲ့စည်း၍ ပူးပေါင်းဆောင်ရွက်ရန်ပြောကြားခဲ့ခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတစ်ခုဖြစ်ပြီး မိမိရောက်ရှိသည့်အချိန်တိုင်း တိုးတက်ပြောင်းလဲမှုများရှိသည်ကိုမြင်တွေ့ရကြောင်း၊ မိမိတို့အနေဖြင့်လည်း မြန်မာနိုင်ငံအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မိတ်ဆွေနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုများလိုအပ်သဖြင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ အစွမ်းကုန်မြှင့်တင်ဆောင်ရွက်နိုင်ရေး အဆွေတော်တို့၏ ကြိုးပမ်းဆောင်ရွက်မှုများကို လိုအပ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံမှ ဖိတ်ခေါ်ပါကြောင်း၊ တရုတ်-မြန်မာချစ်ကြည်ရင်းနှီးမှုပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့်ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် တရုတ်-မြန်မာရင်းနှီးမြှုပ်နှံမှုနှင့်စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)မှ တည်ခင်းဧည့်ခံသည့်နေ့လယ်စာကို အတူတကွသုံးဆောင်ကြသည်၊ နေ့လယ်စာသုံးဆောင်အပြီးတွင် မြန်မာ့ရိုးရာအစားအစာတစ်ခုဖြစ်သည့် လက်ဖက်သုပ်သုပ်နည်းအား တာဝန်ရှိသူများက သရုပ်ပြသကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲကို ကျင်းပပြုလုပ်ရာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ဆင်ဟွာသတင်းအေဂျင်စီတို့အကြား သတင်းဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် တရုတ်နိုင်ငံ အသေးစားနှင့် အလတ်စားလုပ်ငန်းများအသင်း (CASME)တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာနားလည်မှုစာချွန်လွှာ၊ မြန်မာ-အိန္ဒိယ-တရုတ်ပူးပေါင်းဆောင်ရွက်ရေးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအသင်း (MICA) နှင့် တရုတ်နိုင်ငံ အသေးစားနှင့်အလတ်စားလုပ်ငန်းများအသင်း(CASME) တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာနားလည်မှုစာချွန်လွှာ၊ ရွှေသံလွင် ဟိုးလ်ဒင်းကုမ္ပဏီလီမိတက်နှင့် China Harbor Engineering Co.,Ltd.(CHEC) တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာနားလည်မှုစာချွန်လွှာ၊ Royal Green Ocean Co., Ltd. နှင့် Jiangxi Longzheng Technology Development Co., Ltd. တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာနားလည်မှုစာချွန်လွှာ၊ Yunnan Baoshan Hengyi Industrial Group Co., Ltd. (HYIG)နှင့် Transland Public Co., Ltd. (TPC) တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာနားလည်မှုစာချွန်လွှာ၊ Platypus Public Co., Ltd. နှင့် China Enerever Solutions (Shanghai) Co., Ltd. တို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာတို့အား ပြည်ထောင်စုဝန်ကြီးများနှင့် သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများက အသီးသီးလက်မှတ်ရေးထိုးခဲ့ကြကြောင်းသတင်းရရှိသည်။ (၁၀၀)

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲ ၅၂၀၅၁ ဧက စိုက်ပျိုးမည်

ပွင့်ဖြူ ဩဂုတ် ၃၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲ ၅၂၀၅၁ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲ ၅၂၀၅၁ ဧက စိုက်ပျိုးရန်လျာထားပြီး သတ်မှတ်လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် အောက်တိုဘာလပထမပတ်တွင် စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း၊ တောင်သူများ သီးနှံအထွက်နှုန်းတိုးတက်ကောင်းမွန်စေရန် မျိုးကောင်းမျိုးသန့်စိုက်ပျိုးနိုင်ရေးနှင့် စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်မှာ ကုလားပဲ ၅၂၀၅၁ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ သတ်မှတ်ထားတဲ့ စိုက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကုလားပဲအပါအဝင် ပဲမျိုးစုံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့ လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာတွင် ကုလားပဲစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း - ၈၊ ရေဆင်း-၁၁ မျိုးများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်နှင့်အညီစိုက်ပျိုးနိုင်ရေး၊ မြေဩဇာနှင့် သွင်းအားစုများ စနစ်တကျသုံးစွဲရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့်တောင်သူအသိပညာပေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။

ကုလားပဲကို အထွက်နှုန်းနှင့် အရည်အသွေးတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက တောင်သူများ၏လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

■ ကျောဖုံးမှအဆက်

ပွဲကစားချိန် ၁၃ မိနစ်တွင် Stallion Laguna အသင်း ထောင့်ကန်ဘောကန်ခွင့်ရရှိပြီး တိုက်စစ်မှူး MCKENNA DAVIDSON က ဦးဆောင်ဂိုးသွင်းယူသွားခဲ့သည်။

ဒုတိယပိုင်းတွင် ISPE အသင်းသည် ကစားသမားလေးဦးအထိအပြောင်းအလဲလုပ်ပြီး တိုက်စစ်ကိုထပ်မြှင့်လာခဲ့ရာ ပွဲကစားချိန်မိနစ် ၅၀ တွင် လင်းမြင့်မိုရ်၏ တင်ပို့မှုကို စန္ဒာလင်းကအမှားအယွင်းမရှိကန်သွင်းပြီး ချေပဂိုးသွင်းယူနိုင်ခဲ့သည်။ ပွဲကစားချိန် ၇၉ မိနစ်တွင် ယွန်းဝတီလှိုင်၏ ပေးပို့မှုကို စန်းသော်သော်ကခေါင်းတိုက်သွင်းခဲ့သည့်အတွက် ၂ ဂိုး ၁ ဂိုးရလဒ်ဖြင့် ပြိုင်ပွဲကတစ်ဖန်အလှည့်အပြောင်းဖြစ်ခဲ့သည်။ ISPE အသင်းသည် လက်ကျန်မိနစ်အထိ တစ်သင်းလုံးကစားအားမလျှော့ဘဲ ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ ပွဲကစားချိန် ၈၉ မိနစ်တွင် သန်းသန်းနွယ်၏ပေးပို့မှုမှ အသင်းခေါင်းဆောင် ခင်မာလာထွန်းက တစ်ဂိုးထပ်မံသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ISPE အသင်းက Stallion Laguna အသင်းကို ၃ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ISPE အသင်းသည် အုပ်စုတွင်း၌ ဂူအမ်ကလပ် Bank of Guam Strykers အသင်းအား ၉ ဂိုးပြတ်ဖြင့်လည်းကောင်း၊ မွန်ဂိုလီးယားကလပ် Khovd Western အသင်းအား ၈ ဂိုးပြတ်ဖြင့်လည်းကောင်း၊ ယနေ့ပြိုင်ပွဲတွင် ဖိလစ်ပိုင်ကလပ် Stallion Laguna အသင်းအား ၃ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း သုံးပွဲကစား သုံးပွဲနိုင် ရမှတ် ကိုးမှတ်ဖြင့် အုပ်စုပထမနေရာမှ အာရှချန်ပီယံလိဂ်ပြိုင်ပွဲကို ဝင်ရောက်ကစားခွင့်ရရှိသွားပြီဖြစ်ကြောင်းသိရသည်။ **ဝန်းရံခ**

## တနင်္ဂနွေနေ့ဘောလုံးပွဲရလဒ်များ

| အင်္ဂလန်ပရီးမီးယားလိဂ် | | | | | စပိန်လာလီဂါ | | | | |
|---|---|---|---|---|---|---|---|---|---|
| ဘရိုက်တန် | ၂ | - | ၁ | မန်စီးတီး | ဂီရိုနာ | ၀ | - | ၂ | ဆီဗီလာ |
| နော်တင်ဟမ် | ၀ | - | ၃ | ဝက်စ်ဟမ်း | ရီးယဲလ် | ၂ | - | ၁ | မာယော့ကာ |
| လီဗာပူး | ၁ | - | ၀ | အာဆင်နယ် | ဆဲလ်တာဗီဂို | ၁ | - | ၁ | ဗီလာရီးယဲလ် |

◆ **စာမျက်နှာ ၁၇ မှအဆက်**

တရုတ်-မြန်မာနှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်၊ အာဆီယံ-တရုတ်လွတ်လပ်သော ကုန်သွယ်မှုဒေသဆိုင်ရာသဘောတူစာချုပ်(ACFTA)နှင့်မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေပါ အကာအကွယ်ပေးရေးနှင့်လွယ်ကူချောမွေ့စေရေးအစီအမံများကြောင့် မိမိတို့နှစ်နိုင်ငံအကြားအပြင် ဒေသတွင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကိုပါ ခိုင်ခိုင်မာမာတိုးမြှင့်ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း။







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာများကို တာဝန်ရှိသူများက လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်စဉ်။

တရုတ်နိုင်ငံက ဦးစီးဆောင်ရွက်နေသည့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း(Belt and Road Initiative-BRI)မှာ မြန်မာနိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိသည်ကိုပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၇ ခုနှစ်က ကျင်းပခဲ့သည့် ပထမအကြိမ် ရပ်ဝန်းနှင့် ပိုးလမ်းမအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြား ပိုးလမ်းမကြီးစီးပွားရေးရပ်ဝန်းနှင့် (၂၁)ရာစုရေကြောင်းပိုးလမ်းမကြီး ကနဦးအစီအစဉ်မူဘောင်အတွင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကိုလက်မှတ်ရေးထိုးခဲ့ခြင်းဖြင့် အဆိုပါစီမံကိန်းတွင် ပါဝင်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းတွင်ကုန်းလမ်းနှင့်ရေကြောင်းလမ်းနှစ်သွယ်ဖြင့် ပိုးလမ်းမစီမံကိန်းဆိုပြီး မဏ္ဍိုင်နှစ်ရပ်ပါရှိပြီး ပထမမဏ္ဍိုင်တွင် တရုတ်နှင့် ဥရောပနိုင်ငံများ စီးပွားရေး ချိတ်ဆက်မှု ပိုးလမ်းမသစ် (Silk Road Economic Belt) နှင့် ဒုတိယမဏ္ဍိုင်တွင် အရှေ့တောင်အာရှ အာဖရိက၊ ဥရောပနိုင်ငံတို့နှင့် ရေကြောင်းဆိုင်ရာဆက်သွယ်မှု ပိုးလမ်းမ (Maritime Silk Road) ဆိုပြီး သတ်မှတ်ထားရှိကြောင်း။

အဆိုပါစီမံကိန်းမှာ အပြည်ပြည်ဆိုင်ရာ စင်္ကြံ ၆ ခုပါရှိပြီး မြန်မာနိုင်ငံအနေဖြင့် ကုန်းလမ်းနှင့်ရေလမ်း (၂)မျိုးလုံးအသုံးပြုနိုင်သည့် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ(BCIM) စီးပွားရေးစင်္ကြံနှင့် တရုတ်-အင်ဒိုချိုင်းနားကျွန်းဆွယ် စီးပွားရေးစင်္ကြံတို့တွင် ပါဝင်ပတ်သက်လျက်ရှိကြောင်း။

အဆိုပါစီမံကိန်း ၆ ခုမှာ မန္တလေး-မူဆယ်ရထားလမ်းစီမံကိန်းလည်း အပါအဝင်ဖြစ်ပြီး မိမိတို့အနေဖြင့် စီမံကိန်းကိုအမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါမီးရထားလမ်း စီမံကိန်းသည် နှစ်နိုင်ငံကုန်သွယ်ရေးအတွက် အရေးပါသည့်ကဏ္ဍတစ်ခုဖြစ်သည့်အပြင် BRI စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တစ်စိတ်တစ်ပိုင်းအဖြစ် အထောက်အကူပြုနေကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံလုံးအတွက် များစွာအထောက်အကူပြုသည့် စီမံကိန်းဖြစ်သည့်အတွက် အဆိုပါစီမံကိန်းကို အမြန်ဆုံးပြီးမြောက်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း။

တရုတ်နိုင်ငံက ကြီးမှူးဆောင်ရွက်နေသည့် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်(Global Development Initiatives-GDI)တွင် ပါဝင်သည့် ဦးစားပေးနယ်ပယ် ၈ ခုတွင် မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် ကဏ္ဍများစွာ ပါဝင်နေခြင်းကြောင့် မိမိတို့မြန်မာနိုင်ငံသည် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရန် အခွင့်အလမ်းများစွာရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တရုတ်မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် လုပ်ငန်းလည်ပတ်လုပ်ဆောင်ရန် လွယ်ကူချောမွေ့စေရန်ရည်ရွယ်ပြီး ကုန်သွယ်မှု၊ နယ်စပ်ငွေလွှဲပြောင်းပေးချေမှုနှင့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရာတွင် ယွမ်-ကျပ် တိုက်ရိုက်ငွေပေးချေမှုစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးဂိတ်များမှတစ်ဆင့် ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတို့ကို ယခုထက်ပိုမိုတိုးမြှင့်သွားလိုကြောင်း၊ ထို့ကြောင့် မိမိတို့၏ မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအတွက် အကျိုးခံစားခွင့်များနှင့်အခွန်ကင်းလွတ်သက်သာခွင့်များကို သိသာစွာ ပံ့ပိုးပေးထားသည့်အပြင် မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံကြသူများ၊ ကုန်သွယ်မှုဆောင်ရွက်သူများအတွက် နစ်နာမှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

လာမည့် ဒီဇင်ဘာလတွင်မြန်မာနိုင်ငံ၌ လွတ်လပ်ပြီးတရားမျှတသည့် အထွေထွေရွေးကောက်ပွဲပြုလုပ်မည်ဖြစ်ပြီး နိုင်ငံရေးတည်ငြိမ်မှုများ ပိုမိုအားကောင်းလာစေမည် ဖြစ်ကြောင်း၊ တည်ငြိမ်မှုရှိလာသည်နှင့်အမျှ စီးပွားရေးဆောင်ရွက်မှု အခွင့်အလမ်းများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ မြေပေါ်၊ မြေအောက်၊ ရေသယံဇာတများ၊ လူသားအရင်းအမြစ်များနှင့် တရုတ်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းလိုက်ပါက နှစ်နိုင်ငံအတွက် သိသာသည့် ရလဒ်ကောင်းများဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အာဆီယံတို့ကဲ့သို့သော စီးပွားရေးဈေးကွက်ကြီးမားသည့် နိုင်ငံများနှင့်လည်း နီးကပ်စွာ မဟာဗျူဟာအချက်အချာကျကျ တည်ရှိနေခြင်းကြောင့် ကမ္ဘာ့နိုင်ငံများအားလုံး၊ အထူးသဖြင့် တရုတ်နိုင်ငံကဲ့သို့သော အိမ်နီးချင်းနိုင်ငံများနှင့် ခင်မင်ရင်းနှီးသည့် ဆက်ဆံရေးကို ထိန်းသိမ်းထားရှိကြောင်း။

မိမိအနေဖြင့် ယခုကဲ့သို့ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် နှစ်နိုင်ငံအကြား များစွာအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုအလားအလာများကို မျှဝေဆွေးနွေးခွင့် ရရှိသည့်အတွက်အထူးပင်ဝမ်းမြောက်မိကြောင်း၊ မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအတွက် ယုံယုံကြည်ကြည်ဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်အပ်ကြောင်း၊ ယခုတွေ့ဆုံဆွေးနွေးပွဲမှတစ်ဆင့် နှစ်နိုင်ငံအကြား ဆက်ဆံရေးရေရှည်တည်တံ့ခိုင်မြဲပြီး အနာဂတ်တွင် ပိုမိုကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

## မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့်ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင် များက သိရှိလိုသည်များနှင့် လိုအပ်ချက်များအား အသီးသီးဆွေးနွေးပြောကြား

ထို့နောက် တက်ရောက်လာကြသည့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များနှင့်ရင်းနှီးမြှုပ်နှံထားသည့်တရုတ်နိုင်ငံကုမ္ပဏီများမှ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် မြန်မာနိုင်ငံမှချမှတ်ထားသည့် ပို့ကုန်သွင်းကုန်မူဝါဒများအားသိရှိလိုမှု၊ မြန်မာနိုင်ငံ၌ EV ကားများ တပ်ဆင်ထုတ်လုပ်နေမှုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုများ ထပ်မံတိုးချဲ့ဆောင်ရွက်လိုမှုနှင့် အခွန်နှုန်းထားများအားသိရှိလိုမှု၊ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် စွန့်ပစ်အမှိုက်များအသုံးပြု၍ စွမ်းအင်ထုတ်လုပ်ခြင်းလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်လိုမှု၊ မြန်မာနိုင်ငံ၏ သတ္တုတူးဖော်ရေးလုပ်ငန်းများ အဆင့်မြှင့်တင်နိုင်ရေးနှင့် စွမ်းအင်ထုတ်လုပ်ရေးကဏ္ဍမြှင့်တင်နိုင်ရေးလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်လိုမှု၊ သယံဇာတများထုတ်ယူသုံးစွဲခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ဆောင်ရွက်လိုမှုများနှင့်ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရာတွင်ကြုံတွေ့နေရသည့် အခက်အခဲများအပေါ် မြန်မာနိုင်ငံအစိုးရမှ ဖြေရှင်းပေးနိုင်မည့်အခြေအနေများ၊ ကုမ္ပဏီများအလိုက်မှ မြန်မာနိုင်ငံတွင်လာရောက် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် မြန်မာနိုင်ငံမှ ချမှတ်ထားသည့်ပို့ကုန်သွင်းကုန်မူဝါဒများအားသိရှိလိုမှု၊ နှစ်နိုင်ငံစီးပွားဆက်သွယ်မှုလမ်းကြောင်းများအား ယခုထက်ပိုမိုပွင့်လန်းလာစေရေး ဆောင်ရွက်နိုင်ရန်လိုအပ်မှု၊ ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေးလုပ်ငန်းများဆောင်ရွက်ပေးရန်လိုအပ်မှု၊ တရုတ်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ မြန်မာနိုင်ငံနှင့် နိုင်ငံသားတို့အတွက် အကျိုးကျေးဇူးများစွာကို ဖော်ဆောင်ပေးနိုင်မည့်အခြေအနေများ၊ ယခုကဲ့သို့တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၏ သိရှိလိုသည်များ မေးမြန်းမှုအပေါ်အချိန်ပေး၍ လက်ခံဖြေကြားဆွေးနွေးပေးသည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအား အထူးပင်ကျေးဇူးတင်ရှိသည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးကြသည်။

## သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးများက အသီးသီး ပြန်လည်ဆွေးနွေးပြောကြား

ထိုကဲ့သို့ တရုတ်နိုင်ငံမှ ကုမ္ပဏီများ၏ မေးမြန်းဆွေးနွေးမှုများနှင့်ပတ်သက်၍ ခရီးစဉ်တွင်လိုက်ပါလာသည့် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက်မှ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဆွေးနွေး ပြောကြားရာတွင် မြန်မာနိုင်ငံ၌ EV ကားများအား SKD စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်လျက်ရှိမှု၊ EV ကားများ၏ သွင်းကုန်လိုင်စင်နှင့်ပတ်သက်၍လည်း အခွန်ကင်းလွတ်ခွင့်ပေးထားမှု၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအကာအကွယ်ပေးရေးလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိမှု၊ စွမ်းအင်နှင့်ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှု၊ လျှပ်စစ်စွမ်းအားနှင့်ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ ဆွေးနွေးဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ အသီးသီးရှင်းလင်းဆွေးနွေးပြောကြားကြသည်။

## ဆွေးနွေးမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြောကြား

ဆွေးနွေးမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေး **စာမျက်နှာ ၁၄ သို့** ◆

# မြန်မာ-တရုတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

❖ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအများဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံပေါင်း ၅၃ နိုင်ငံအနက် အဆင့် ၂ နေရာတွင်ရှိ . . .

❖ ယခုအခါ မြန်မာ-တရုတ် နယ်စပ်ဒေသ မတည်ငြိမ်မှုများကြောင့် ယူနန်စီးပွားရေးကိုလည်း ထိခိုက်လျက်ရှိသည်ကိုတွေ့ရှိရ၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံနယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်နိုင်မည်ဆိုပါက ကုန်စည်စီးဆင်းမှုများ ယခင်ထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံ၊ အရှေ့မြောက်ဒေသမှတစ်ဆင့် ယူနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ချုံချင့် မြူနီစပယ်ဒေသ၊ ကွမ်ရှီးပြည်နယ်၊ နန်နင်းမြို့အထိ ကုန်သွယ်ရေးလမ်းကြောင်းအား တိုးချဲ့ဆောင်ရွက်သွားနိုင်မည်ဖြစ် . . .

❖ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့်လုံခြုံရေးကို ဦးစွာအလေးထား ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ် . . .

နေပြည်တော် ဩဂုတ် ၃၁

မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတွေ့ဆုံပွဲကို ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တီယန်ကျင်းမြို့၊ Tangla Hotel၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာကြသည့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များနှင့်ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

### မြန်မာ-တရုတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆွေးနွေးပြောကြား

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် မိုင်ပေါင်း ၁၃၀၀ ကျော် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့်အတွက် နှစ်နိုင်ငံအကြား စီးပွားရေး၊ လူမှုရေး၊ နယ်စပ်ကုန်သွယ်ရေး၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးတို့သည် အရေးကြီးသည့်အခန်းကဏ္ဍမှပါဝင်နေကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ဘက်စုံလွှမ်းခြုံသည့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(Myanmar-China Comprehensive Strategic Cooperative Partnership)ကို နှစ်နိုင်ငံအကြား စတင်နိုင်ခဲ့ပြီး စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှု အလားအလာကောင်းများကို နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏတို့သည် သိသာထင်ရှားစွာ တိုးတက်လာခဲ့ကြောင်း။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအများဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံပေါင်း ၅၃ နိုင်ငံအနက်







မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များနှင့် လိုအပ်ချက်များအား ရင်းနှီးပွင့်လင်းစွာမေးမြန်းဆွေးနွေးကြစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များက တက်ရောက်လာကြသည့် တရုတ်-မြန်မာရင်းနှီးမြှုပ်နှံမှုနှင့်စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)မှ တည်ခင်းဧည့်ခံသည့်နေ့လယ်စာကို အတူတကွသုံးဆောင်ကြစဉ်။

အဆင့် ၂ နေရာတွင်ရှိကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ကုန်သွယ်မှုတန်ဖိုးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စုစုပေါင်း အမေရိကန်ဒေါ်လာသန်း ၈၀၀၀ ကျော်၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စုစုပေါင်း အမေရိကန်ဒေါ်လာသန်း ၇၇၀၀ ကျော်နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ ဇူလိုင်လအထိ စုစုပေါင်း အမေရိကန်ဒေါ်လာသန်း ၃၀၀၀ ကျော်ရှိသည့်အတွက် နှစ်နိုင်ငံအကြားကုန်သွယ်မှုခိုင်မာအားကောင်းနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံက တရုတ်နိုင်ငံကို ဆန်၊ ပဲမျိုးစုံနှင့် နှမ်း စသည့်စိုက်ပျိုးရေးထွက်ကုန်များ၊ ရေထွက်ပစ္စည်းများ၊ ကျွန်း၊ သစ်မာကုန်ကြမ်းများနှင့် သစ်အခြေခံအချောထည်ထုတ်ကုန်များကို အဓိကတင်ပို့လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် တန်ဖိုးမြင့်သစ်အခြေခံထုတ်ကုန်များအဖြစ်ထုတ်လုပ်ပြီး ပြည်တွင်းပြည်ပ ဈေးကွက်များကို ဖြန့်ဖြူးတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ယခုထက်ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း။

မိမိတို့နှစ်နိုင်ငံသည် နယ်နိမိတ်ချင်းထိစပ်နေသည့်အတွက် ကုန်သွယ်မှုပြုလုပ်ရာတွင် နယ်စပ်ဂိတ်များသည် အရေးပါသောကဏ္ဍမှ ပါဝင်နေကြောင်း၊ နယ်စပ်ဒေသကုန်သွယ်ရေးသည် နှစ်နိုင်ငံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးကို တိုက်ရိုက်အထောက်အကူပြုနေခြင်းကြောင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းပြီး ကုန်သွယ်ရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်စေရန်တတ်နိုင်သရွေ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်လိုအပ်သည်ကို ပြောကြားလိုကြောင်း။

ယခုအခါ မြန်မာ-တရုတ် နယ်စပ်ဒေသမတည်ငြိမ်မှုများကြောင့် ယူနန်စီးပွားရေးကိုလည်း ထိခိုက်လျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံနယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်နိုင်မည်ဆိုပါက ကုန်စည်စီးဆင်းမှုများ ယခင်ထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံ၊ အရှေ့မြောက်ဒေသမှတစ်ဆင့် ယူနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ချုံချင့်မြူနီစပယ်ဒေသ၊ ကွမ်ရှီးပြည်နယ်၊ နန်နင်းမြို့အထိ ကုန်သွယ်ရေးလမ်းကြောင်းအား တိုးချဲ့ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါကုန်သွယ်ရေးလမ်းကြောင်းသည် တရုတ်-မြန်မာ နှစ်နိုင်ငံလုံးအတွက် အဓိကကုန်သွယ်ရေးလမ်းကြောင်းဖြစ်လာမည့်အပြင် တရုတ်နိုင်ငံ၊ အရှေ့တောင်ပိုင်းဒေသ၊ အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများမှ မြန်မာနိုင်ငံကို ပေါင်းကူးတံတား (Landbridge) အနေဖြင့် အသုံးပြုပြီး အာဆီယံနိုင်ငံများကိုလည်း စီးပွားရေးဆိုင်ရာ ကုန်သွယ်ချိတ်ဆက်မှုများလုပ်ဆောင်လာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို ဦးစွာအလေးထားပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တရုတ်နိုင်ငံ၏ အကူအညီဖြင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးနှင့်ကျန်းမာရေးကဏ္ဍ၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်၊ စိုက်ပျိုးရေး၊ စက်မှုနှင့်ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍများတွင် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်နိုင်ငံအကြား ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း၊ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိတွင် မူဆယ်-မန္တလေး မီးရထားလမ်းသစ်ဖောက်လုပ်ရေးစီမံကိန်းနှင့် မန္တလေး-ကျောက်ဖြူမီးရထားလမ်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

မန္တလေး-မူဆယ် မီးရထားလမ်းသည် တရုတ်-မြန်မာနယ်စပ် မူဆယ်မြို့မှ မြန်မာနိုင်ငံအလယ်ပိုင်းရှိ ကုန်သွယ်ရေးအချက်အချာဖြစ်သည့် မန္တလေးမြို့ကို ချိတ်ဆက်ဖောက်လုပ်မည့် အမြန်ရထားလမ်းဖြစ်ပြီး တရုတ်နိုင်ငံတွင် ဆောက်လုပ်လျက်ရှိသည့် ပေကျင်း-ကူမင်း-ရွှေလီ အမြန်ရထားလမ်းပိုင်းနှင့် ချိတ်ဆက်မည်ဖြစ်ကြောင်း၊ မူဆယ်မြို့သည် တရုတ်-မြန်မာ ကုန်သွယ်ရေးတွင် အရေးပါဆုံးသော နယ်စပ်ဂိတ်တည်ရှိရာမြို့ဖြစ်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးတန်ဖိုးပေါင်း အမေရိကန်ဒေါ်လာသန်း ၃၂၀၀ ကျော်ရှိသည့်အနက် သန်း ၂၀၀၀ ကျော်သည်မူဆယ်-ရွှေလီနယ်စပ်ဂိတ်မှ ကုန်စည်စီးဆင်းမှုဖြင့်ရရှိခြင်းဖြစ်ကြောင်း၊ ထို့ပြင် အဆိုပါမီးရထားလမ်းစီမံကိန်းသည် တရုတ်နိုင်ငံ၏ ကုန်းတွင်းပိုင်းရှိ ပင်လယ်ထွက်ပေါက်မရှိသည့် တောင်ပိုင်းပြည်နယ်များကို မြန်မာနိုင်ငံမှတစ်ဆင့် ပင်လယ်ထွက်ပေါက်ရရှိစေနိုင်သော အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ကြောင်း၊ မူဆယ်-မန္တလေး ရထားလမ်းသည် ကျောက်ဖြူ-ကူမင်း မီးရထားလမ်းစီမံကိန်းကို အကောင်အထည်ဖော်ခြင်း၏ ပထမခြေလှမ်းဖြစ်ပြီး ကျောက်ဖြူ-ကူမင်း မီးရထားလမ်းစီမံကိန်း၏ အဓိကကျသည့်အစိတ်အပိုင်းတစ်ရပ်လည်းဖြစ်ကြောင်း၊ မန္တလေး-ကျောက်ဖြူ ရထားလမ်းစီမံကိန်းသည် တရုတ်နိုင်ငံအတွက် အိန္ဒိယသမုဒ္ဒရာထွက်ပေါက်အဖြစ် ပုံပေါ်လာနိုင်မည့်အလားအလာရှိသော အခွင့်အလမ်းကောင်းများဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြားတွင် နယ်နိမိတ်ချင်းထိစပ်တည်ရှိနေသည့်အတွက် ကုန်သွယ်မှုများပြုလုပ်ရန် အခွင့်အလမ်းများစွာရှိသည့် နိုင်ငံဖြစ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသည် တောင်အာရှ၊ အရှေ့တောင်အာရှနှင့် တရုတ်နိုင်ငံတို့ ဆုံဆည်းရာနေရာတွင် ပထဝီအနေအထားအရ အချက်အချာကျကျတည်ရှိလျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်မှုအနေဖြင့်လည်း လမ်းဆုံနေရာတွင် တည်ရှိနေပြီး တရုတ်နိုင်ငံအတွက် အိန္ဒိယသမုဒ္ဒရာထွက်ပေါက်ကို ဖန်တီးပေးနိုင်မည့်နိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် အခြေခံအဆောက်အအုံကဏ္ဍများသည် တရုတ်နိုင်ငံအတွက် အလားအလာကောင်းများရှိသည်ကိုအသိပေးပြောကြားလိုကြောင်း။

ထို့ပြင် အဆိုပါမီးရထားလမ်းစီမံကိန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ပြီး ကုန်သွယ်နိုင်မည်ဆိုပါက မိမိတို့နှင့် ပထဝီအနေအထားအရ အလှမ်းဝေးကွာသော်လည်း နှစ်နိုင်ငံလုံးနှင့်ဆက်ဆံရေးကောင်းမွန်လျက်ရှိသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအထိ ကုန်သွယ်မှုပြုလုပ်နိုင်မည့် အလားအလာကောင်းများရှိသည်ကိုလည်း တွေ့ရှိရကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်ရုရှားနိုင်ငံတို့ အလယ်တွင် တည်ရှိလျက်ရှိရာ မြန်မာ-တရုတ်-ရုရှား သုံးနိုင်ငံပူးပေါင်းပြီး ကုန်သွယ်ရေးကဏ္ဍကို တိုးချဲ့ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်း ကုန်စည်စီးဆင်းမှုကိုလည်း များစွာအထောက်အကူပြုနိုင်သည့် အခွင့်အလမ်းကောင်းများ ထွက်ပေါ်လာနိုင်ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံသည် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership-RCEP) သဘောတူစာချုပ်ကို အတည်ပြုခဲ့သည့် ပထမဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို RCEP သဘောတူစာချုပ်တွင် ၂၀၂၂ ခုနှစ်၊ မေလ ၁ ရက်တွင် စတင်အသက်ဝင်ခဲ့သည်ကို အတည်ပြုပေးခဲ့ကြောင်း၊ RCEP သဘောတူစာချုပ်အပြင်

❖ **မိမိတို့မြန်မာနိုင်ငံသည် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် အခွင့်အလမ်းများစွာရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်၊ မိမိတို့၏ မိတ်ဖက် စီးပွားရေးလုပ်ငန်းရှင်များအတွက် အကျိုးခံစားခွင့်များနှင့် အခွန်ကင်းလွတ်သက်သာခွင့်များကို သိသာစွာပံ့ပိုးပေးထားသည့်အပြင် မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံကြသူများ၊ ကုန်သွယ်မှုဆောင်ရွက်သူများအတွက် နစ်နာမှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ် . . .**

❖ **မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အာဆီယံတို့ကဲ့သို့သော စီးပွားရေးဈေးကွက်ကြီးမားသည့် နိုင်ငံများနှင့်လည်း နီးကပ်စွာ မဟာဗျူဟာအချက်အချာကျကျတည်ရှိနေခြင်းကြောင့် ကမ္ဘာ့နိုင်ငံများအားလုံး၊ အထူးသဖြင့် တရုတ်နိုင်ငံကဲ့သို့သော အိမ်နီးချင်းနိုင်ငံများနှင့် ခင်မင်ရင်းနှီးသည့်ဆက်ဆံရေးကို ထိန်းသိမ်းထားရှိ . . .**

❖ **မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအတွက် ယုံယုံကြည်ကြည်ဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်အပ် . . .**

**စာမျက်နှာ ၁၅ သို့** ◆

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing addresses Myanmar-China economic cooperation promotion meeting



Senior General Min Aung Hlaing delivers address at the Myanmar-China Economic Cooperation Promotion forum.

NAY PYI TAW August 31

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing delivered an address at the Myanmar-China economic cooperation promotion meeting at Tangla Hotel in Tianjin of the People's Republic of China at 9 am Chinese standard time today.

Also, present at the meeting were members of the high-level Myanmar delegation, the Ambassador of the People's Republic of China to Myanmar, the Ambassador of Myanmar to China, the president of the Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI) and members, Chinese businesspersons wishing to invest in Myanmar, economists and officials.

**Discussions on promotion of Myanmar-China economic cooperation**

First, the Senior General said that as Myanmar and China share a border of more than 1,300 miles, economic and social relations, border trade, infrastructure development, improved transport connectivity, and stability and peace in border areas play an important role between the two countries. In 2011, the Myanmar-China Comprehensive Strategic Cooperative Partnership was launched, and since then, prospects for economic and trade cooperation have been promising, with significant growth in bilateral trade and investment volumes.

China is Myanmar's largest trading partner and ranks second among the 53 countries investing in Myanmar. The value of bilateral trade between the two countries reached over US$-8 billion in the 2023–2024 financial year, over US$-7.7 billion in the 2024–2025 financial year, and more than US$-3 billion up to July of the 2025–2026 financial year, showing that trade relations remain strong. Myanmar mainly exports agricultural products such as rice, various pulses and sesame, as well as fishery products, teak and hardwood raw materials, and basic wood-based finished products to China. Efforts are being made to produce higher value-added wood-based products for distribution and export to both domestic and international markets. In this regard, there is a desire to further expand bilateral trade and investment between the two countries.

As the two countries share a common border, border gates play an important role in trade. Since border trade directly contributes to the socio-economic development of the peoples of both nations, it is necessary to work together as much as possible to ensure stability and peace in the border regions and to allow trade activities to resume smoothly.

At present, instability in the Myanmar-China border region is also affecting Yunnan's economy. If the border gates between the two countries can be reopened, not only will the flow of goods increase beyond previous levels, but trade routes can also be expanded from northeastern Myanmar into Yunnan Province, Sichuan Province, Chongqing Municipality, and Nanning City of Guangxi Province. This trade corridor would become a key route for both Myanmar and China, while also serving as a land bridge linking China's southeastern, central, and southern regions with Myanmar and further connecting to ASEAN countries for economic and trade activities. Therefore, priority must be given to cooperation in ensuring peace, stability, and security in the border regions of both countries.

With China's assistance, projects are being implemented in Myanmar for socio-economic development in the sectors of education and health, electricity and energy, agriculture, industry, and transport and communications for infrastructural development. Joint projects between the two countries include the Kyaukpyu deep-sea port project, the Myitsone hydropower project, and the oil and natural gas pipeline project. At present, work is also underway on the Muse–Mandalay new railway construction project and the Mandalay–Kyaukpyu railway project.

The Mandalay–Muse railway is a high-speed rail project that will link Muse, a border town on the China–Myanmar frontier, with Mandalay, Myanmar's central commercial hub. It will also connect with the Beijing–Kunming–Ruili high-speed rail line currently under construction in China. Muse is the most important border gate city in China–Myanmar trade. In the 2023–2024 financial year, the total value of border trade between the two countries exceeded US$-3.2 billion, of which more than US$-2 billion was through the Muse–Ruili border gate. Moreover, this railway project will provide China's landlocked southern provinces with an outlet to the sea through Myanmar. The Muse–Mandalay railway is the first phase of the Kyaukpyu–Kunming railway project and represents a key component of it. The Mandalay–Kyaukpyu railway project, in turn, holds the potential to become China's gateway to the Indian Ocean, offering promising opportunities ahead.

Myanmar shares borders with the most populous China, Bangladesh, and India, making it a country with many opportunities for trade. In addition, Myanmar occupies a strategically important geographical position at the junction of South Asia, Southeast

See Page - 19 ●●

●● From Page - 18

Asia, and China. It also lies at a crossroads of transport routes and has the potential to provide China with access to the Indian Ocean. Therefore, it should be noted that the transport and infrastructure sectors offer promising prospects for China.

The Senior General stated that if the railway projects can be successfully implemented, there are good prospects for trade to be conducted as far as the Russian Federation, which, although geographically distant, has good relations with both nations. He added that as China is located between Myanmar and Russia, if the three nations cooperate to expand the trade sector, good opportunities can emerge that will greatly support regional goods flow.

Additionally, he stated that Myanmar was one of the first countries to ratify the Regional Comprehensive Economic Partnership (RCEP) agreement, and that China had confirmed it came into effect for Myanmar on May 1, 2022. He added that due to the RCEP agreement, the China-Myanmar bilateral investment agreement, the ASEAN-China Free Trade Area Agreement (ACFTA), and protective and facilitative measures in Myanmar's investment law, he believes the two nations will be able to strongly increase cooperation both bilaterally and on a regional level.

He stated that Myanmar is participating in China's Belt and Road Initiative (BRI) and officially joined the project by signing a Memorandum of Understanding on cooperation during the first Belt and Road International Cooperation Forum in 2017. The MoU was signed between the Governments of Myanmar and China within the framework of the Silk Road Economic Belt and the 21st Century Maritime Silk Road Initial Plan. The BRI project has two main pillars: the land-based Silk Road Economic Belt, which economically links China with European countries, and the Maritime Silk Road, which is a maritime connection with Southeast Asian, African, and European nations.

He stated that the BRI project includes six international corridors, and Myanmar is involved in the Bangladesh-China-India-Myanmar (BCIM) Economic Corridor, which uses both land and sea routes, and the China-Indochina Peninsula Economic Corridor.

He added that the Mandalay-Muse railway project is also included in these projects, and they are striving to implement it as quickly as possible. The railway project is not only an important part of bilateral trade but also contributes to the implementation of the BRI. Therefore, as it is a project that greatly benefits both nations, he called for everyone to cooperate for its speedy completion.

China is leading the Global Development Initiative (GDI), which includes eight priority areas. Many of these areas align with Myanmar's context, making our country one with numerous investment opportunities for businesspeople. We are implementing a direct yuan-kyat payment system for trade, cross-border money transfers, and investments, aiming to facilitate the smooth operation of Chinese partner businesses in Myanmar. We hope to further increase trade and investments through the border trade gates between the two countries. Therefore, we have significantly provided benefits and tax exemptions for our partner businesspeople. We will strive to ensure that those who come to invest and trade in Myanmar do not suffer losses.

A free and fair general election will be held in Myanmar in December, which will further strengthen political stability. As stability increases, economic opportunities will also improve. Combining Myanmar's above-ground, underground, and water resources, human resources, and China's investments will yield significant positive results for both countries.

Myanmar is strategically located close to major economic markets like China, India, and ASEAN countries. Therefore, we maintain friendly relations with all countries worldwide, especially neighbouring countries like China.

I am delighted to have the opportunity to share and discuss cooperation potentials between businesspeople, intellectuals, and technicians from China and Myanmar, which will be highly beneficial for both countries. I sincerely invite you to invest with confidence in economic cooperation with Myanmar. I believe that through this meeting, the relations between the two countries will be long-lasting and stable, and we can achieve better cooperation in the future.

**Chinese businesspeople interested in investing in Myanmar or those who have already invested discuss their inquiries and needs openly**

Following this, the Chinese companies and individuals interested in or already invested in Myanmar openly raised questions and held discussions regarding various matters. These included inquiries about the conditions for making investments in Myanmar, Myanmar's export-import policies, the desire to further expand investments in the EV car assembly and manufacturing industry in Myanmar and to understand tax rates, the willingness to invest in solar power generation and energy production using waste materials, the desire to invest in upgrading Myanmar's mining operations and enhancing the energy production sector, the need to engage in environmental conservation efforts due to resource extraction, the situations in which the Myanmar government can resolve difficulties encountered during investment activities, the conditions under which companies can make investments in Myanmar and the desire to understand Myanmar's export-import policies, the necessity to further open up economic communication channels between the two countries, the need to carry out investment protection measures, the conditions under which China's investment projects can bring significant benefits to Myanmar and its citizens, and they expressed special gratitude to the Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, for taking the time to receive, answer, and discuss the inquiries from Chinese businesspeople.

**Respective Union Ministers provide responses and engage in discussions**

Regarding the questions and discussions raised by the companies from China, the Union Ministers from the relevant ministries accompanying the trip respectively provided explanations and engaged in discussions on the following matters: the current assembly and production of EV cars in Myanmar using the Semi-Knocked Down (SKD) system; the tax exemptions granted for the import licensing of EV cars; the implementation of investment protection measures in Myanmar; and the circumstances surrounding investments related to energy and electric power, which will be discussed and addressed going forward.

**Regarding the discussions, the Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission supplement the discussions**

He stated that Myanmar currently permits the import of EV cars suitable for the country and allows their production and sale under the SKD system. Efforts will be made to enhance production capabilities beyond current levels in the future. Considerations will also be given to reducing taxes and fees. Investment, production, and collaboration with Myanmar businesspeople for re-export to foreign countries can be carried out in the Thilawa Special Economic Zone in Yangon. He expressed his commitment to ensuring the best outcomes for Chinese investments. Reducing the number of fuel-powered vehicles and increasing the use of electric cars in Myanmar is his objective. Therefore, he encouraged Chinese EV manufacturers to come and invest in Myanmar.

Regarding the work on upgrading mineral extraction processes, while the export of raw natural resource materials extracted from our country is not permitted, the export of processed finished products is allowed. Since resource extraction impacts the natural environment, it is essential to carry out environmental conservation activities. Those interested in conducting mineral processing operations in Myanmar are invited to come to Myanmar for discussions.

Then, you are invited to hold discussions on the energy sector and natural gas production. We have given the first priority to the renewable energy sector and are interested in the production of energy from waste as the second priority. It is necessary to take production costs into consideration. Myanmar mainly export rice, pulses and beans and corn to other countries. It is necessary to implement tasks for rapid development of enterprises by forming cooperation teams of Myanmar and Chinese entrepreneurs to ensure development of investment between the two countries.

Afterward, the Senior General made concluding remarks, saying it can be seen that emphasis was placed on development of investment at today's meeting. The two countries are good neighbourly and sibling countries that share common borders. Through the friendship between the two countries, mutual cooperation for development of the two countries can be carried out. It is necessary to facilitate trade for the development of the country. Our country mainly produces agricultural products, some of which are exported to China. Our country boasts fine rice species like Pawhsanhmwe.

Today's discussions were successful ones. Discussions with the President of the People's Republic of China were also successful. We can export goods needed by China from Myanmar. Economic cooperation between the two countries has lasted for many years and market economy has been implemented in the country currently and you can come and discuss investment ventures if you are interested in them. It is necessary to implement them quickly and mutual benefits must be realized. Therefore, I urged all to form Myanmar-China entrepreneurs teams and made cooperation. China has been an emerging country and progressive changes are found whenever I visit the country. We are determined to accelerate development tasks for Myanmar. As doing so requires cooperation of friendly countries, our country needs the efforts of friendly countries to boost economic cooperation as much as possible. You are invited to Myanmar to establish investment ventures in Myanmar and prayed for further successful friendly economic cooperation between Myanmar and China.

After the meeting, the Senior General and party enjoyed the luncheon hosted by the UMFCCI together with China-Myanmar investment venture entrepreneurs. After the luncheon, process for preparing Myanmar tea leaf salad was demonstrated by officials.

Then, the Senior General cordially greeted Chinese entrepreneurs and economists.

Afterward, a ceremony to sign MOUs between Myanmar and China and new sharing and cooperation MOUs between the Ministry of Information and Xinhua News Agency, cooperation MOU between the UMFCCI and the CASME, Myanmar-India-China Cooperation Association (MICA) and the CASME, a cooperation MOU between ShweThanlwin Holdings Company Limited and China Harbor Engineering Co.,Ltd.(CHEC), a cooperation MOU between Royal Green Ocean Co., Ltd. and Jiangxi Longzheng Technology Development Co., Ltd., a cooperation MOU between Yunnan Baoshan Hengyi Industrial Group Co., Ltd. (HYIG) and Transland Public Co., Ltd. (TPC) and a cooperation MOU between Platypus Public Co., Ltd and China Enerever Solutions (Shanghai) Co., Ltd. witnessed by union ministers and responsible officials. **100**

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing receives vice-chancellor of Wuhan University, PRC



Senior General Min Aung Hlaing receives officials led by Vice-Chancellor of Wuhan University of PRC Prof. Gong Wei.

NAY PYI TAW August 31

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, who is in the People's Republic of China to pay a working visit, received officials led by Vice-Chancellor of Wuhan University of PRC Prof. Gong Wei at Tangla Hotel in Tianjin at 2.30 pm local time today.

Also present at the call together with the Senior General were Commission Secretary Joint Executive Chief General Ye Win Oo, Commission members included in the delegation, the Myanmar ambassador to PRC, and senior military officers.

Both sides held cordial discussions on satellite technology, possible areas of assistance Wuhan University can render for generating human resources skilled in technology, history of the university and foreign students pursuing education there, and technology cooperation between the two countries.

After the meeting, the Senior General accepted a commemorative gift from the vice-chancellor of the university, followed by a group documentary photo session. **100**

■■ **From Page - 21**

in honour of the SCO SUMMIT 2025 by PRC President H.E. Mr. Xi Jinping at Tianjin Meijian Convention Center.

Present at the dinner were State leaders of over 20 countries including Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, President of Russian Federation H.E. Mr. Vladimir Putin, and Prime Minister of India H.E. Mr. Shri Narendra Modi, who were there to take part in the SCO SUMMIT 2025, and heads of ten international organizations.

First, the Senior General and other States leaders of over 20 countries and heads of ten international organizations, who would attend the summit, were individually welcomed in a warm and cordial atmosphere by President H.E. Mr. Xi Jinping and wife. Documentary photos were then taken.

The Senior General then cordially greeted attendees of the dinner, State leaders of over 20 countries and heads of ten international organizations.

President H.E. Mr. Xi Jinping extended greetings at the dinner.

The Senior General and members of Myanmar delegation enjoyed the dinner together with the State leaders of over 20 countries and heads of ten international organizations.

During the dinner, traditional cultural dance troupes of PRC staged songs and dances.

**100**

# Vegetables cultivated on more than 1,800 acres of croplands

KALAY August 31

More than 1,800 acres of croplands were placed under vegetables in Kalay Township of Sagaing Region during this monsoon, the Agriculture Department of Kalay Township stated.

In 2025-2026 monsoon cultivation season, local authorities earmarked cultivation of 8,040 acres of vegetables in Kalay Township but local farmers have so far planted 1,821 acres of vegetables against the target cultivation.

"This year, during the monsoon crop season, over 8,000 acres of vegetables are planned to be cultivated in Kalay Township. As of today, more than 1,800 acres have already been planted, and cultivation is ongoing. Efforts are being made to ensure that the targeted acreage is fully cultivated. The crops include roselle, chilli, mustard, culinary herbs, cauliflower, cabbage, potatoes, cauliflower, eggplant, and okra. Farmers are being provided with technical assistance to grow all these vegetables using the GAP (Good Agricultural Practices) system. They are also being trained to cultivate with minimal chemical residues and in a health-conscious manner," said Daw Marn Awe, Head of the Kalay Township Department of Agriculture.

This year, the Kalay Township Department of Agriculture is providing technical training to vegetable farmers to grow crops using the GAP system. It is also offering technical support to ensure that the harvested vegetables meet health standards and helping farmers expand their vegetable cultivation.

All seasonal vegetable plantations are thriving in Kalay Township, which generates incomes for local farmers and their families. Officials of the Township Agriculture Department raise farmer awareness how to apply correct agricultural techniques, prevent vests and make natural fertilizers and pesticides in order to reduce agricultural costs. **SK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing holds talks with Prime Minister of India H.E. Mr. Shri Narendra Modi



Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing holds talks with Prime Minister of India H.E. Mr. Shri Narendra Modi.

NAY PYI TAW August 31

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, who is in the People's Republic of China to pay a working visit, held talks with Prime Minister of India H.E. Mr. Shri Narendra Modi at Wanda Vista Hotel in Tianjin at 5 pm local time today.

First, the Indian Prime Minister cordially greeted the Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, and held discussion with him.

Also present at the call together with the Senior General were Commission Secretary Joint Executive Chief General Ye Win Oo, Commission members included in the delegation, union ministers, the Myanmar ambassador to PRC, and senior military officers. The Indian PM was accompanied by officials of the Indian government.

During the discussions, views on peace and stability of the common border, promotion of trade, friendship and cooperation between the two governments and enhancement of cooperation between two armed forces, continuous Indian support for the success of the elections in Myanmar and provision of election observer teams from India, India's support for Myanmar to become an SCO member and promotion of cooperation in multisectors.

100

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing attends dinner hosted in honour of the SCO SUMMIT 2025





PRC President H.E. Mr. Xi Jinping and wife warmly welcome Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing.

NAY PYI TAW August 31

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing and the high-level Myanmar delegation who are in Tianjin, the People's Republic of China to participate in the Shanghai Cooperation Organisation – SCO SUMMIT 2025, attended the grand dinner hosted

See Page - 20 ■■

## 7000 mAh ဘက်ထရီစွမ်းအားနဲ့ ထွက်ရှိလာတဲ့ Oppo A6 Max




ဘက်ထရီစွမ်းအင်ပမာဏ 7000 mAh ပါတာကို အရင်တုန်းက တက်ဘလက်တွေမှာပဲ မြင်တွေ့ခဲ့ဖူးကြမှာပါ။ အခုတော့ ဖုန်းတွေမှာပါ မြင်တွေ့ရတော့မှာဖြစ်ပါတယ်။ ဒီလိုမျိုးစွမ်းဆောင်ရည်ရရှိနိုင်ဖို့အတွက် စီလီကွန်-ကာဗွန်အတွဲကို အကောင်းဆုံး အသုံးချထားတာပါ။ ဒါကြောင့်လည်း ဘက်ထရီက အရွယ်အစားသေးပေမယ့် စွမ်းအင်ပမာဏအများအပြားကို သိုလှောင်နိုင်စေတာဖြစ်ပါတယ်။

ဒီလိုမျိုး စွမ်းအားများပြားလှတဲ့ ဘက်ထရီကိုအသုံးပြုလာတဲ့စမတ်ဖုန်းတစ်လုံးကတော့ Oppo ကနောက်ဆုံးထုတ်လုပ်လိုက်တဲ့ A6 Max ပဲဖြစ်ပါတယ်။ သူ့ရဲ့အဓိကအကျဆုံးအချက်ကိုပြပါဆိုရင် အပေါ်ကပြောခဲ့သလိုမျိုးပဲ 7000 mAh ပမာဏရှိတဲ့ ဘက်ထရီကိုအသုံးပြုထားတာပါ။

ဒ့ါအပြင် ဖန်သားပြင်ရဲ့အကျယ်က ၆ ဒသမ ၈ လက်မရှိပြီး OLED ဖန်သားပြင်ကိုအသုံးပြုထားတာဖြစ်ပါတယ်။ အတွင်းပိုင်းမှာဆိုရင် Snapdragon 7 Gen 3 ချစ်ဆက်ကို RAM 8GB၊ storage 256GB တို့နဲ့ တွဲဆက်ပေးထားပါတယ်။ ကင်မရာပိုင်းမှာဆိုရင်လည်း 50MP ရှိတဲ့ကင်မရာကို အဓိကအသုံးပြုပေးထားပြီး ရှေ့ကင်မရာကိုတော့ 32MP ရှိတဲ့ကင်မရာအသုံးပြုပေးထားပါတယ်။ လက်ရှိမှာတော့ အဲဒီစမတ်ဖုန်းကို တရုတ်နိုင်ငံမှာသာရရှိနိုင်ဦးမှာဖြစ်ပါတယ်။

**Ref: GA**
**ကိုထက်**

## ပရိုဂျက်တာတစ်ပါတည်းပါတဲ့ တက်ဘလက် Ulefone Armor Pad 5 Ultra




Ulefone Armor Pad 5 Ultra ဆိုတဲ့ တက်ဘလက်က တက်ဘလက်တစ်လုံးဆိုတာထက်ကိုပိုတယ်လို့ ပြောရပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာပရိုဂျက်တာပါ တစ်ပါတည်းပါဝင်လာလို့ပါပဲ။ ပရိုဂျက်တာရဲ့အလင်းအားက 200 lumens ရှိပါတယ်။ ပရိုဂျက်တာကို ချိန်ညှိနိုင်တဲ့ထောင့်က ၂၆ ဒီဂရီအထိရှိကာ ပရိုဂျက်တာကိုထိန်းချုပ်တဲ့ခလုတ်တွေကိုတော့ တက်ဘလက်ရဲ့ထိပ်မှာတပ်ဆင်ထားပါတယ်။

ဒ့ါအပြင် သူ့ရဲ့ထင်ရှားတဲ့စွမ်းဆောင်ရည်တစ်ခုက တက်ဘလက်ကျောဘက်မှာ LED ဓာတ်မီးတွေပါဝင်နေတာပါ။ သာမန်ဓာတ်မီးတွေတော့မဟုတ်ပါဘူး။ သူ့ရဲ့အလင်းအားက 1000 lumens အထိရှိပါတယ်။ နောက်တစ်ချက်က သူ့မှာပါဝင်တဲ့ လက်ကိုင်ပါ။ အဲဒီလက်ကိုင်ကိုအသုံးပြုပြီး သွားလေရာကိုအလွယ်တကူသယ်သွားနိုင်မှာဖြစ်သလို တက်ဘလက်ကိုအသုံးပြုရာမှာ ထောက်အဖြစ်လည်းအသုံးဝင်မှာဖြစ်ပါတယ်။

ပရိုဂျက်တာလည်းပါတယ်။ ဓာတ်မီးတွေလည်းပါနေတဲ့ Ulefone Armor Pad 5 Ultra အတွက်အသုံးပြုထားတဲ့ဘက်ထရီစွမ်းအင်ပမာဏက 24200 mAh အထိရှိပါတယ်။ သူ့ကို 120W အားသွင်းခေါင်းနဲ့ အားသွင်းနိုင်မှာဖြစ်ပြီး သူ့ဆီကနေအားကိုပြန်ယူမယ်ဆိုရင်တော့ 10W ပမာဏနဲ့ ပြန်ထုတ်ပေးနိုင်ပါတယ်။ အထူးခြားဆုံးနောက်တစ်ခုကတော့ သူ့မှာညကြည့်ကင်မရာပါဝင်တာဖြစ်ပါတယ်။

**Ref: GA**
**ကိုထက်**

## အမေရိကန်ရေတပ်ရဲ့ ကာကွယ်ရေးစွမ်းပကားကိုတိုးမြှင့်ပေးမယ့် တန်ချိန် ၂၀၈၀၀ ရှိ ရေငုပ်သင်္ဘောတည်ဆောက်မှုစတင်



အမေရိကန်ရေတပ်ရဲ့ ကာကွယ်ရေးစွမ်းပကားကိုတိုးမြှင့်ပေးမယ့် တန်ချိန် ၂၀၈၀၀ ရှိရေငုပ်သင်္ဘောတည်ဆောက်မှုလုပ်ငန်းကို စတင်နေပါပြီ။ ဒီရေငုပ်သင်္ဘောကို USS Wisconsin လို့အမည်ပေးထားပါတယ်။ သူက ကိုလံဘီယာအတန်းအစား ဒုတိယမြောက်ရေငုပ်သင်္ဘောဖြစ်လာမှာပါ။

ကိုလံဘီယာအတန်းအစားဖြစ်တဲ့ အဲဒီရေငုပ်သင်္ဘောများက အမေရိကန်ရေတပ်ကလက်ရှိအသုံးပြုလျက်ရှိတဲ့ အိုဟိုင်းယိုးအတန်းအစားရေငုပ်သင်္ဘောများနေရာမှာ အစားထိုးသွားမှာဖြစ်ပါတယ်။ ကိုလံဘီယာအတန်းအစားရေငုပ်သင်္ဘောတွေဆိုတာ ရေငုပ်သင်္ဘောမှာအခြေပြုပစ်ခတ်နိုင်တဲ့အမြင့်ပျံဒုံးကျည်များကိုတင်ဆောင်သူများဖြစ်ပါတယ်။

အဲဒီအမြင့်ပျံဒုံးကျည်များဆိုတာ နျူကလီးယားထိပ်ဖူးတပ်နိုင်တဲ့ ဒုံးကျည်တွေချည်းပါပဲ။ ဒီရေငုပ်သင်္ဘောတွေက ကိုယ်ပျောက်ရေငုပ်သင်္ဘောတွေဖြစ်သလို နျူကလီးယားစွမ်းအင်သုံး သင်္ဘောတွေလည်းဖြစ်တာကြောင့် အမေရိကန်နိုင်ငံရဲ့ တခြားနျူကလီးယားအဟန့်အတားတွေ ပျက်စီးသွားရင်တောင်မှ သူတို့ကကျန်ရှိနေမှာဖြစ်ပါတယ်။

**Ref: IE**
**ကိုထက်**

## PHEV တွေထဲမှာ ခရီးအဝေးဆုံးသွား ကားတစ်စီးဖြစ်လာတဲ့ SAIC ရဲ့ ၁၂၇၄ မိုင်သွား M7



တရုတ်နိုင်ငံမှမော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်တဲ့ SAIC က လက်ရှိ plug-in hybrid EV (PHEV) တွေထဲမှာ ခရီးအဝေးဆုံးသွားနိုင်တဲ့ ကားအသစ်တစ်စီးကို ထုတ်ဖော်မိတ်ဆက်လိုက်ပါတယ်။အဲဒါကတော့ M7 ဆိုတဲ့ကားပါပဲ။

M7 က လျှပ်စစ်မော်တာနဲ့ သမားရိုးကျအင်ဂျင်တို့ကို ပေါင်းစပ်အသုံးပြုထားတာဖြစ်ပြီး တစ်ခါအားအပြည့်သွင်းထားရုံ၊ ဆီအပြည့်ဖြည့်ထားရုံနဲ့ မိုင်ပေါင်း ၁၂၇၄ မိုင်အထိသွားနိုင်စေမှာဖြစ်ပါတယ်။ လျှပ်စစ်စွမ်းအင်ချည်းသက်သက်ဆိုရင်တော့ ၉၉ မိုင်သာသွားနိုင်မယ်လို့ဆိုပါတယ်။ အင်ဂျင်အတွက်က မြင်းကောင်ရေ ၁၁၀ အားထွက်ရှိတဲ့ 1.5-liter အင်ဂျင်ကိုအသုံးပြုပေးထားတာပါ။

ဒီကားမှာ အထင်ရှားဆုံးက သူ့ရဲ့ခရီးဝေးသွားနိုင်မှုဖြစ်သလို နောက်ထပ်အထင်ရှားဆုံးတစ်ခုက ဒီဇိုင်းပိုင်းဖြစ်ပါတယ်။ M7 အတွက်ဒီဇိုင်းကို Roll-Royce ကုမ္ပဏီမှ ဒီဇိုင်းဌာနမှူးဟောင်းဖြစ်တဲ့ ဂျိုဆက်ကာဘန်ကရေးဆွဲပေးထားတာဖြစ်နေလို့ပါပဲ။

**Ref: IE**
**ကိုထက်**

## တရုတ်နိုင်ငံထုတ် Hualong One နျူကလီးယားဓာတ်ပေါင်းဖို ကမ္ဘာပေါ်မှာ အသုံးအများဆုံးဖြစ်လာ



တရုတ်နိုင်ငံ General Nuclear Power Group ရဲ့ထုတ်ပြန်ချက်အရ တရုတ်နိုင်ငံက ဒီဇိုင်းရေးဆွဲထုတ်လုပ်ထားတဲ့ Hualong One အမည်ရှိ တတိယမျိုးဆက်နျူကလီးယားဓာတ်ပေါင်းဖိုက အခုဆိုရင် ကမ္ဘာပေါ်မှာ အသုံးပြုမှုအများဆုံး ဓာတ်ပေါင်းဖိုဖြစ်လာတယ်လို့သိရပါတယ်။

ဒီဓာတ်ပေါင်းဖိုအတွက် လိုအပ်တဲ့စက်ပစ္စည်းအစိတ်အပိုင်းအားလုံးကို တရုတ်နိုင်ငံအတွင်းမှာသာ ထုတ်လုပ်တာဖြစ်ပြီး လက်ရှိကမ္ဘာတစ်ဝန်းမှာအသုံးပြုနေတဲ့ ဓာတ်ပေါင်းဖိုအလုံးပေါင်း ၄၁ လုံးအထိရှိတယ်လို့ဆိုပါတယ်။ သန့်ရှင်းစွမ်းအင်ဖြစ်တဲ့ဓာတ်ပေါင်းဖိုတစ်လုံးစီမှ ထုတ်လုပ်ပေးနေတဲ့ လျှပ်စစ်ဓာတ်အားပမာဏက တစ်နှစ်ကို ကီလိုဝပ်နာရီပေါင်း ၁၀ ဘီလီယံအထိရှိပါတယ်။

အထူးသဖြင့် ဓာတ်ပေါင်းဖိုများရဲ့ ဘေးကင်းစိတ်ချရမှုအပိုင်းနဲ့ စွမ်းဆောင်ရည်မြင့်မားမှုတို့ကြောင့် ကမ္ဘာတစ်ဝန်းမှာ လူကြိုက်များနေတာပါ။ လက်ရှိဓာတ်ပေါင်းဖို ၄၁ လုံးအနက် ခုနစ်လုံးက မဟာဓာတ်အားလိုင်းနဲ့ချိတ်ဆက်အသုံးပြုနိုင်တဲ့အထိ လည်ပတ်နေပါပြီ။ ဒီဓာတ်ပေါင်းဖိုကိုပထမဆုံးဝယ်ယူအသုံးပြုသူက ပါကစ္စတန်နိုင်ငံဖြစ်တယ်လို့သိရပါတယ်။

**Ref: IE**
**ကိုထက်**

# ပူတင်၊ ဇီလန်စကီတို့နှင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ဖြစ်မြောက်မည်ဟု ဒေါ်နယ်ထရမ့် ယုံကြည်ထား

**ဝါရှင်တန်၊ နိုင်ငံရေး**

ရုရှားသမ္မတဗလာဒီမာပူတင်၊ ယူကရိန်းသမ္မတ ဗိုလိုဒိုမာဇီလန်စကီတို့နှင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲဖြစ်မြောက်မည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယုံကြည်ထားကြောင်းသိရသည်။

ထရမ့်သည် သတင်းဌာနတစ်ခုနှင့် လုပ်ဆောင်သောအင်တာဗျူး၌ သတင်းထောက်က သုံးပွင့်ဆိုင်ဆွေးနွေးပွဲဖြစ်လာစေရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိ မရှိနှင့်ပတ်သက်၍ မေးမြန်းမှုကို ထရမ့်က ယခုကဲ့သို့တုံ့ပြန်ဖြေထားခြင်းဖြစ်သည်။

"သုံးပွင့်ဆိုင်တွေ့ဆုံမှုက ဖြစ်လာမှာပါ။ ဒါပေမဲ့ သိတဲ့အတိုင်းပဲ။ ဒီလိုတွေ့ဆုံမှုလုပ်ဖို့အတွက်ကို အသင့်မဖြစ်ကြသေးတာပဲ ရှိပါတယ်" ဟု ထရမ့်ကပြောထားသည်။

ထရမ့်က ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အလက်စကာမြို့၌တွေ့ဆုံဆွေးနွေးမှုများလုပ်ပြီးနောက် ပူတင်နှင့်ဇီလန်စကီတို့ကြား မျက်နှာချင်းဆိုင်ဆွေးနွေးမှုတစ်ခု လုပ်ဆောင်နိုင်ရန် တွန်းအားပေးဆောင်ရွက်နေသည်။

ထိုသို့တွေ့ဆုံနိုင်စေရေးအတွက် ရုရှားနိုင်ငံက အသင့်ပြင်ဆင်ထားသော်လည်း ထိုသို့တွေ့ဆုံမှုသည်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏နောက်ဆုံးအဆင့်ဖြစ်သင့်သည်ဟု ရုရှားသမ္မတရုံးက ထုတ်ပြန်ထားကြောင်းသိရသည်။

Ref: RT

# တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့က ပြိုင်ဘက်များမဟုတ်ဘဲ လက်တွဲဖော်များဖြစ်သည်ဟူသောအချက်ကို ရှီကျင့်ဖျင်နှင့်မိုဒီတို့သဘောတူ



**တီယန်ကျင်း၊ နိုင်ငံရေး**

တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ပြိုင်ဘက်နိုင်ငံများမဟုတ်ဘဲ လက်တွဲဖော်နိုင်ငံများဖြစ်သည်ဟူသောအချက်ကို တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီတို့က သဘောတူကြောင်း သိရသည်။

ကမ္ဘာ့လူဦးရေအများဆုံးနှစ်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ခေါင်းဆောင်များသည် တရုတ်နိုင်ငံ တီယန်ကျင်းမြို့၌ဆောင်ရွက်သော နိုင်ငံပေါင်း ၂၀ ကျော်မှ ခေါင်းဆောင်များတက်ရောက်လာသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေးမတိုင်မီ ဩဂုတ်လ ၃၁ ရက်တွင်တွေ့ဆုံဆွေးနွေးစဉ် ယခုကဲ့သို့ သဘောတူခြင်းဖြစ်သည်။

ထိုသို့တွေ့ဆုံစဉ် တရုတ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့သည် တစ်နိုင်ငံက တစ်နိုင်ငံအတွက် အန္တရာယ်ရန်စွယ်မဟုတ်ဘဲ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်သူများသာဖြစ်ကြောင်း ရှီကျင့်ဖျင်ကပြောသည်။

ထို့ပြင် နှစ်နိုင်ငံအနေဖြင့် ဆက်စပ်လွှမ်းခြုံနေသော ဦးတည်ချက်အတိုင်းသာဆက်လက်လျှောက်လှမ်းနေသမျှ ကာလပတ်လုံး နှစ်နိုင်ငံဆက်ဆံရေးတွင် တွေ့ကြုံရမည့် သီးခြားကိစ္စရပ်များမှာ နေရာကျသွားမည်ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံဆက်ဆံရေးသည်လည်း ပုံမှန်တိုးတက်မှုရှိလာမည်မှာအမှန်ပင်ဖြစ်ကြောင်း ရှီကျင့်ဖျင်ကဆက်ပြောထားသည်။

အလားတူ ရှီကျင့်ဖျင်နှင့်ပြီးခဲ့သည့်နှစ်တွင် ကာဇန်မြို့၌ တွေ့ဆုံပြီးကတည်းက နှစ်နိုင်ငံကြားဆက်ဆံရေးသည် အပြုသဘောဆောင်သောလမ်းကြောင်းပေါ်သို့ ပြန်လည်တက်လှမ်းလာကြောင်း၊ နှစ်နိုင်ငံနယ်စပ်ဒေသများ၌ တည်ငြိမ်အေးချမ်းရေးလည်းရှိလာကြောင်းနှင့် နှစ်နိုင်ငံကြား တိုက်ရိုက်လေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲတော့မည်ဖြစ်ကြောင်း မိုဒီကပြောထားသည်ဟုသိရသည်။

Ref: Xinhua

# ဂျာမနီ၌ ပါလက်စတိုင်းကို ထောက်ခံသူပြည်သူ ၁၀၀၀၀ ကျော်က ဆန္ဒပြမှုများပြုလုပ်

**ဖရန့်ဖတ်၊ ပြည်တွင်းရေး**

ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့၌ ပါလက်စတိုင်းကိုထောက်ခံသည့် ပြည်သူထောင်ပေါင်းများစွာက "United 4 Gaza" ခေါင်းစဉ်ဖြင့် ဩဂုတ်လ ၃၀ ရက်တွင် ဆန္ဒပြမှုများလုပ်ဆောင်ကြောင်းသိရသည်။

ယင်းဆန္ဒပြပွဲသို့ ပါလက်စတိုင်းအရေးတက်ကြွလှုပ်ရှားသူ ၁၀၀၀၀ ကျော်ပါဝင်ဆန္ဒပြကြောင်း၊ ထိုပမာဏသည် မူလက ခန့်မှန်းထားသောပမာဏဖြစ်သည့် လူဦးရေအယောက် ၅၀၀၀ ထက် ပိုမိုများပြားနေကြောင်း ဆန္ဒပြပွဲစီစဉ်သူများက ထုတ်ပြန်ထားသည်။

ယခုလုပ်ဆောင်သည့် ဆန္ဒပြမှုသည် ဂါဇာကမ်းမြောင်ဒေသ၌ ပဋိပက္ခများစတင်ဖြစ်ပွားသည့်အချိန်မှစ၍ ဖရန့်ဖတ်မြို့၌ အကြီးဆုံးသော ပါလက်စတိုင်းထောက်ခံဆန္ဒပြပွဲကြီးဖြစ်ကြောင်း၊ ဆန္ဒပြသူအချို့သည် ဂျာမနီနိုင်ငံ၌ တားမြစ်ထားသည့် ဆောင်ပုဒ်များကိုပင် သံပြိုင်ဟစ်ကြွေးကာ ဆန္ဒပြမှုများကို လုပ်ဆောင်ခြင်းဖြစ်ကြောင်း ဆန္ဒပြပွဲစီစဉ်သူများက ပြောသည်ဟုသိရသည်။

Ref: Sputnik

# ထရမ့်၏ ငြိမ်းချမ်းရေး လုပ်ဆောင်ချက်ကို ဥရောပနိုင်ငံကြီးများက ဟန့်တားနေခြင်းဖြစ်ဟု ရုရှားပြော

**မော်စကို၊ ငြိမ်းချမ်းရေး**

ယူကရိန်းအရေးနှင့် ပတ်သက်၍ ငြိမ်းချမ်းရေးရရှိစေရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ကြိုးပမ်းလုပ်ဆောင်ချက်ကို ဥရောပနိုင်ငံကြီးများက ဟန့်တားနေခြင်းဖြစ်ကြောင်းနှင့် ထိုနိုင်ငံများသည် စစ်ပွဲကိုလိုလားသည့်နိုင်ငံများဖြစ်ကြောင်း ရုရှားသမ္မတရုံးမှ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့က ဩဂုတ်လ ၃၁ ရက်တွင် ပြောသည်။

ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းပဋိပက္ခကို နိုင်ငံရေးနည်းဖြင့်သော်လည်းကောင်း၊ သံတမန်ရေးနည်းဖြင့်သော်လည်းကောင်း ဖြေရှင်းနိုင်ရေးအတွက် အသင့်ရှိကြောင်း၊ သို့သော် ယူကရိန်းဘက်မှ အလားတူ အသင့်ရှိမှုကို မမြင်တွေ့ရသေးသမျှကာလပတ်လုံး အထူးစစ်ဆင်ရေးကို ဆက်လက်ဆင်နွှဲသွားမည်ဖြစ်ကြောင်း ပက်စကော့က ဆက်ပြောသည်။

Ref: ST

# နော်ဝေက ပေါင် ၁၀ ဘီလီယံအသုံးပြု၍ ရေတပ်ကိုအဆင့်မြှင့်တင်မည်

**အော်စလို၊ စစ်ရေး**

နော်ဝေအစိုးရက ပေါင် ၁၀ ဘီလီယံအသုံးပြု၍ ရေတပ်ကိုအဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း၊ ထိုသို့အဆင့်မြှင့်တင်ရေးအတွက် ဗြိတိန်နိုင်ငံကို မိတ်ဖက်အဖြစ်ရွေးချယ်ထားပြီး ထိုနိုင်ငံမှ ဖရီးဂိတ်စစ်ရေယာဉ်များကို ဝယ်ယူသွားမည်ဖြစ်ကြောင်း နော်ဝေနိုင်ငံဝန်ကြီးချုပ် ဂျိုးနက်ဂါးစတိုးအာက ဩဂုတ်လ ၃၁ ရက်တွင် သတင်းစာရှင်းလင်းပွဲ၌ ပြောသည်။

နော်ဝေနိုင်ငံအတွက် ဖရီးဂိတ်ဒီဇိုင်းများကိုရေးဆွဲ၍ ပါဝင်ယှဉ်ပြိုင်သည့်နိုင်ငံများမှာ ဂျာမနီ၊ ပြင်သစ်၊ ဗြိတိန်နှင့်အမေရိကန်တို့ဖြစ်သည်။ သို့သော် ထိုနိုင်ငံများအနက် နော်ဝေက ဗြိတိန်နိုင်ငံကိုရွေးချယ်လိုက်ခြင်းဖြစ်သည်။

ဖရီးဂိတ်စစ်ရေယာဉ်များသည် နော်ဝေနိုင်ငံ၏ကာကွယ်ရေးအတွက် အရေးကြီးသောအစိတ်အပိုင်းတစ်ခုဖြစ်ကြောင်းနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ကာကွယ်ပေးမည့်သူများဖြစ်ကြောင်း နော်ဝေနိုင်ငံဝန်ကြီးချုပ်က ပြောထားသည်။

Ref: ST



# အင်ဒိုနီးရှားက လွှတ်တော်အမတ်များ၏ ခံစားခွင့်များကိုပြန်လည်စိစစ်မည်



**ဂျကာတာ၊ ပြည်တွင်းရေး**

အင်ဒိုနီးရှားနိုင်ငံ၌ ဆန္ဒပြမှုများမှသည် ဆူပူအုံကြွမှုများအထိ ဖြစ်ပေါ်စေခဲ့သော အကြောင်းရင်းတစ်ခုဖြစ်သည့် လွှတ်တော်အမတ်များ၏ခံစားခွင့်များ တိုးမြှင့်သတ်မှတ်ပေးမှုကို ပြန်လည်စိစစ်သွားမည်ဖြစ်ကြောင်းနှင့် ပြည်သူများအနေဖြင့် စိတ်အေးအေးထားရန် တိုက်တွန်းကြောင်း အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တိုက ဩဂုတ်လ ၃၁ ရက်တွင်ပြောသည်။

ပြည်သူများအနေဖြင့် ၎င်းဦးဆောင်နေသည့်အစိုးရအဖွဲ့အပေါ် ယုံကြည်ပေးစေလိုကြောင်း၊ အစိုးရအဖွဲ့သည် ပြည်သူများ၏အကျိုးစီးပွားကိုသာ ကြည့်သွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် နောက်ကျကျန်နေခဲ့သူများအပေါ် စာနာကူညီသွားမည်ဖြစ်ကြောင်း ပရာဘိုဝိုဆူဘီယန်တိုကပြောသည်။

အင်ဒိုနီးရှားနိုင်ငံ၌ ဩဂုတ်လ ၂၅ ရက်တွင်စတင်ဖြစ်ပွားသော အဆိုပါဆန္ဒပြမှုများအတွင်း အနည်းဆုံးလူငါးဦးသေဆုံးထားကြောင်းနှင့် ပျက်စီးဆုံးရှုံးမှုများစွာရှိကြောင်းသိရသည်။

Ref: ST

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ သစ်တောစိုက်ခင်းများ၊ သုတေသနစမ်းသပ်ကွက်များနှင့် အမြန်လမ်းဘေးဝဲယာစိမ်းလန်းစိုပြည်ရေး ဆောင်ရွက်



နေပြည်တော် ဩဂုတ် ၃၁

နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ သစ်တောသုတေသနစခန်းအမှတ် ၅ မိုးစွေ၌ သင်တန်းသားအိပ်ဆောင်များ ဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များပျိုးထောင်ထားရှိမှုအခြေအနေကို ယနေ့နံနက်ပိုင်းတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့်တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးသည် ဥတ္တရသီရိမြို့နယ် ပလွေးကြိုးဝိုင်း အကွက်အမှတ် ၇၆ ရှိ ၁/၂၀၁၇ စီးပွားရေးကျွန်းစိုက်ခင်းဧက ၁၀၀ သို့ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက စိုက်ခင်းအောင်မြင်ဖြစ်ထွန်းနေမှုနှင့် ပင်ကျပ်နုတ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် ပလွေးကြိုးဝိုင်း အကွက်အမှတ် ၇၇ ရှိ၁/၂၀၂၀ စီးပွားရေးကျွန်းစိုက်ခင်းဧက ၁၅၀ သို့သွားရောက်၍ စိုက်ခင်းအောင်မြင်ဖြစ်ထွန်းမှုနှင့် ပင်ကျပ်နုတ်ခြင်းလုပ်ငန်းဆောင်ရွက်မည့်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသားများ၏ ပင်ကျပ်နုတ်ခြင်း လက်တွေ့ကွင်းဆင်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဥတ္တရသီရိမြို့နယ် ငလိုက်ကြိုးဝိုင်းအတွင်း သစ်တောသုတေသနဌာနက တည်ထောင်ထားသော ပန္နက်အကွာအဝေးစမ်းသပ်ကွက် ၂ဒသမ ၅ ဧကအတွင်း ပန္နက်အကွာအဝေးအလိုက် အပင်များ၏အမြင့်နှင့်လုံးပတ်ကွာခြားမှု၊ ကျွန်းအနက်စင်းသုတေသနစမ်းသပ်ကွက် ၆ ဧက၊ပိတောက်ကိုင်းချိုင်သုတေသနစမ်းသပ်ကွက် ၁၀ ဧကနှင့် ဝါးမျိုးစုံ သုတေသနစမ်းသပ်ကွက် ၁၅ ဧကအတွင်း ဝါးရုံများပြုပြင်ခြင်း၊ မြေနေရာပြုပြင်ခြင်းဖြင့် ကျွန်းပင်များ၏ ကြီးထွားမှုအပေါ် သက်ရောက်မှုကို လေ့လာခြင်း၊ သုတေသနစမ်းသပ်စိုက်ခင်း ၁၀ ဧကနှင့် ကျွန်းမျိုးသန့်ဥယျာဉ် ၁၀ ဧကတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အတူ ရန်ကုန်-မန္တလေး အမြန်လမ်းဘေးဝဲယာစိမ်းလန်းစိုပြည်ရေးအတွက် ယခုနှစ်မိုးရာသီတွင်စိုက်ပျိုးထားသော မိုင်တိုင် (၂၁၉/၆)ရှိ တစ်အုပ်တစ်မစိုက်ခင်း ၅ ဧကနှင့် မိုင်တိုင်(၃၁၃/၁)ရှိ တစ်အုပ်တစ်မစိုက်ခင်း ၅ ဧကတို့၏ ရှင်သန်အောင်မြင်မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အမြန်လမ်းဘေးဝဲယာနှင့် ကားလမ်းဘေးဝဲယာများ စိမ်းလန်းစိုပြည်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လယ်ဝေးမြို့နယ်ရှိ ၂၀၂၄ မိုးရာသီတွင်စိုက်ပျိုးခဲ့သော ရေဝေရေလဲစိုက်ခင်းဧက ၅၀ သို့သွားရောက်၍ စိုက်ခင်းရှင်သန် အောင်မြင်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

# ပဲပုပ်ဆီထုတ်လုပ်သည့်စက်ရုံအားပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး




နေပြည်တော် ဩဂုတ် ၃၁

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင် ညွှန်ကြားရေးမှူးများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင်ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ဗန်းစက်မှုဇုန်ရှိ ယုဇနကုမ္ပဏီလီမိတက်၏ပဲပုပ်ဆီထုတ်လုပ်သည့်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ အစည်းအဝေးခန်းမ၌ မန်နေးဂျင်းဒါရိုက်တာက စက်ရုံတည်ဆောက်ခဲ့မှု၊ စက်လည်ပတ်၍ ပဲပုပ်ဆီများထုတ်လုပ်ခဲ့မှု၊ ကုန်ကြမ်းလုံလောက်စွာမရရှိသဖြင့် စက်ရုံအား ခေတ္တရပ်ဆိုင်းခဲ့မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ပြည်တွင်း၌ကုန်ကြမ်းလုံလောက်စွာရရှိနိုင်ရေးအတွက် တောင်သူများလိုအပ်သည့် မျိုး၊ နည်းပညာ၊ စိုက်ပျိုးစရိတ်၊ မြေဩဇာများကို ကြိုတင်ဖြန့်ဝေပေးရမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် ပြည်တွင်းမှထွက်ရှိသမျှ သီးနှံများကို ပြည်တွင်း၌ပင် ရောင်းချနိုင်မည်ဆိုပါက ပိုမိုစိုက်ပျိုးလာမည်ဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသဖြင့် စိုက်ပျိုးရေးထွက်ကုန်များမှ ထွက်ရှိသည့်ကုန်ကြမ်းပစ္စည်းများကိုအသုံးပြု၍ ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရှင်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုပဲပုပ်ဆီစက်ရုံ ပြန်လည် လည်ပတ်လျှင် ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိမည့်အပြင် စားသုံးဆီဖူလုံခြင်း၊ တိရစ္ဆာန်အစားအစာများကို ရရှိနိုင်ခြင်းတို့ကြောင့် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်းမှာကြားပြီး စက်ရုံအတွင်း၌ စက်ပစ္စည်းများတပ်ဆင်ထားရှိမှု၊ ကုန်ကြမ်းများသိုလှောင်ထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ




# မိုးစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာသွင်းအားစုပေးအပ်

**နေပြည်တော် ဩဂုတ် ၃၁**

ပျဉ်းမနား - တောင်ညို လမ်းမကြီးဘေးတွင် မြေပဲရိုး၊ နှမ်းရိုးတို့ဖြင့် သဘာဝမြေဩဇာပြုလုပ်နည်း သရုပ်ပြသခြင်းကို ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး သွားရောက်ကြည့်ရှုအားပေးပြီး တောင်သူများအား သဘာဝမြေဩဇာကို တောင်သူများကိုယ်တိုင်ပြုလုပ်သုံးစွဲစေရေး၊ သဘာဝမြေဩဇာပြုလုပ်နည်းကို တောင်သူများအားလုံး ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် အသိပညာပေးရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးတို့ကို မှာကြားသည်။

ထို့နောက်နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တောင်သူဦးအေးလွင်၏ တစ်ဧကတင်း ၁၀၀ ကျော်ထွက်ရှိသော ဆင်းပဒေသာ(၁၁) မြေပဲများခူးဆွတ်ထားရှိမှုကို ကြည့်ရှုအားပေးပြီး မင်းကုန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ကျင်းပသည့် မိုးစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာသွင်းအားစုပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဓာတ်မြေဩဇာများကို တောင်သူများထံပေးအပ်ကာ နေပြည်တော်ကောင်စီဝင်များက လက်ဆွဲမျိုးစေ့ချကိရိယာ(seeder) များကို ပေးအပ်သည်။

ညနေပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် ပိတောက်လမ်းသို့သွားရောက်ပြီး နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော နိုင်လွန်ကတ္တရာလမ်း AC ခင်းကျင်းနေမှုနှင့် ကံ့ကော်အိမ်ရာ ငလျင်ဘေးကြောင့်ထိခိုက်ပျက်စီးခဲ့သည့် တိုက်အမှတ်(၁၀)ပြန်လည်ပြုပြင်နေမှုအခြေအနေ၊ မင်္ဂလာကန်တွင် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောက်စီမြေထိန်းနံရံများ ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပိတောက်အိမ်ရာ တိုက်အမှတ် (၆၀၇)၊ (၆၀၈)နှင့် ခနသိဒ္ဓိရပ်ကွက် တိုက်အမှတ် (၁၃၁၁)တို့ ပြန်လည်ပြုပြင်နေမှုအခြေအနေများနှင့် တိုက်အမှတ် (၁၃၇၃) ဖြိုဖျက်ဖယ်ရှားနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများ ပြန်လည်ပြုပြင်ရာတွင် ရေရှည်ခိုင်ခံ့မှုရှိအောင် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရေး၊ပြင်ဆင်ပြီးသည့်အဆောက်အအုံများ ပတ်ဝန်းကျင်တွင် ရေစီးရေလာကောင်းမွန်စေရေး၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းရေး၊ ရေ၊ မီးများ ပြည့်စုံစွာရရှိရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

ပုဗ္ဗသီရိ(ပြန်/ဆက်)

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၃၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။



မုတ္တမဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

**ဩဂုတ်လ ၂၇ ရက်**တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့ သာယာကုန်းကျေးရွာအနီး၌ မော်တော်ယာဉ်(၈)စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၉၈) မျိုး၊ လူသုံးကုန်ပစ္စည်း (၅၉)မျိုး၊ စားသောက်ကုန်ပစ္စည်း (၅)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၈၁၆၃၃၈၅)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၂)စီး၊ Doh Shwe Myanmar Truck (၁)စီး၊ Toe 12 Wheel Truck (၁)စီး၊ Hino Profia Truck (၁)စီး၊ Nissan Diesel Tractor Head (၂)စီး၊ Man Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၃)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ဘားအံမြို့နယ်၊ ဝါးဘိုးတော-ဒုံသမိ လမ်းဆုံအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၅)မျိုး၊ လုပ်ငန်းသုံး ပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၅၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Forland Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၇၉၇၄၃၃၈၅)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဩဂုတ်လ ၂၈ ရက်**တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့နယ် အတွင်း၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန် ပစ္စည်း (၂၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၅၈၀၁၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux (၁)စီး၊ Ford Ranger Pick Up (၁)စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၇၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ မော်လမြိုင်မြို့နယ်၊ ကျိုက်ထိုမြို့နယ်၊ ပေါင်မြို့နယ်၊ သံဖြူဇရပ်မြို့နယ်နှင့် သထုံမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော် ဆိုင်ကယ် (၈)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ်၁၁၀၅၈၀၁၀၀)**ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၆၅၀၀၀)ကို လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၅၅၄၆၅၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့၊ မင်းဓမ္မ(၈)လမ်း၊ အင်းလေးမြိုင် စက်မှုဇုန်အနီးရှိ ဂိုဒေါင်(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက် အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန် ပစ္စည်း(၂)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆၈၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက် ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေး ယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဩဂုတ်လ၂၉ ရက်**တွင် ပဲခူး တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေး မှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ်(၁ ဒသမ ၄၉၇)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၇၇၁၂)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် (၆)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁၇)မျိုး၊ လုပ်ငန်း သုံးပစ္စည်း (၂)မျိုး၊ လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၈၅၄၂၄၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck (၂)စီး၊ Isuzu Light Truck (၁)စီး၊ Mitsubishi Fuso Truck (၁)စီး၊ Hino Truck (၁)စီး၊ SMK Light Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ ရတနာပုံတံတား(နွားပေါက်) စစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ (၈၅)ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၃၉၉၅)ကို ရေနံနှင့်ရေနံထွက်ပစ္စည်း ဆိုင်ရာဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၄၈၇၈၂၃၅)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိ သည်။

ထို့ပြင် **ဩဂုတ်လ ၂၈ ရက်**တွင် ရန်ကုန် တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှု ဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှု များဆောင်ရွက်ခဲ့ရာ လှိုင်သာယာ စက်မှု ဇုန်(၃)ရှိ ဂိုဒေါင် (၂)လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြ နိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၁၄၄၄၀) ကိုလည်းကောင်း၊ မုတ္တမဆိပ်ကမ်း၌ မြိတ်မြို့မှရန်ကုန်မြို့သို့ ဆိုက်ကပ်လာသော ရေယာဉ်(၁)စင်းပေါ်မှ တရားဝင်စာရွက် စာတမ်းအထောက်အထား တင်ပြနိုင် ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၀၆၈၅၅၈၂)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် MV. Moe Thi Dar ရေယာဉ် (၁)စင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀၀)ကို လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၉၂၄၀၀၀၂၂)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိ သည်။

ယင်းအပြင် **ဩဂုတ်လ ၂၉ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေး မှုများဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၉၀၉၀၀၀) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း ၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၆၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၈၅၀၉၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၃၀ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်(၅)စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် (၃၀)စီး ဖမ်းဆီးရမိ ခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေ များနှင့်အညီ အရေးယူဆောင်ရွက်လျက် ရှိသည်။

ဩဂုတ်လ ၂၇ ရက်၊ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၇၀)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၃၂၅၇၃၄၅၆)**ကို ဖမ်းဆီးရမိခဲ့ သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ် လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက် စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန် ရှိသူများမှ ယခုထက်ပိုမို၍ တားဆီး စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

မြဝတီ

# ဒက္ခိဏသီရိမြို့နယ်၌ ထရန်စဖော်မာများတွင်အသုံးပြုသည့် ကြေးကြိုး/ဒန်ကြိုးများ နှင့်အတူ တွေ့ရှိသူ အမျိုးသားခုနစ်ဦးနှင့် အမျိုးသမီးတစ်ဦး ဖမ်းဆီးအရေးယူ

**နေပြည်တော် ဩဂုတ် ၃၁**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်၌ ယမန်နေ့နံနက် ၁၀ နာရီခွဲက ထရန်စဖော်မာများတွင် အသုံးပြုသည့် ကြေးကြိုး/ဒန်ကြိုးများနှင့်အတူ တွေ့ရှိသူ အမျိုးသားခုနစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒက္ခိဏသီရိမြို့နယ် ဒက္ခိဏသီရိမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့က နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ဒက္ခိဏသီရိ ရပ်ကွက် ရွှေနှင်းဆီ(၁)လမ်းရှိ "ဝင်းမဟာ" အဟောင်းပစ္စည်း ရောင်းဝယ်ရေးဆိုင်ရှေ့တွင် ကုန်တင်ယာဉ်တစ်စီးရပ်တန့်ထားပြီး ပစ္စည်းများတင်ဆောင်နေသည်ကို မသင်္ကာ ဖွယ်တွေ့ ရှိသဖြင့် ဝင်ရောက်စစ်ဆေးရာ ဆိုင်ပိုင်ရှင်ဖြစ်သည့် အဆိုပါရပ်ကွက်နေ ကျော်လွင်(ခ) ဦးကျော် ၄၉ နှစ်၊ တစ်ရပ်ကွက် တည်းနေသူများဖြစ်ကြသည့် ဒေါ်ညွန့်ညွန့် ၅၁ နှစ်၊ အလုပ်သမားများဖြစ်သော ဖိုးချစ်သဲ(ခ)ချက်ကြီး ၂၂ နှစ်၊ မျိုးမင်းထက်(ခ) ဝတုတ် ၃၀ နှစ်၊ ရဲအောင် ၃၆ နှစ်၊ တင်လှိုင် ၄၀ နှစ်၊ မြစ်သားမြို့နယ် ကသဲကုန်းရွာနေ စိုင်းဘဦး(ခ)ရှမ်းလေး ၃၉ နှစ်နှင့် အောင်ချမ်းသာရွာနေ မျိုးဇော်ဝင်း ၂၅ နှစ်၊ စုစုပေါင်းရှစ်ဦးတို့ကို လျှပ်စစ်မီးတိုင်များနှင့် ထရန်စဖော်မာများတွင်အသုံးပြုသည့် လျှပ်စစ်ကြေးကြိုး/ဒန်ကြိုး စုစုပေါင်းအလေးချိန် ၆၁၅ ပိဿာနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ကျော်လွင်(ခ) ဦးကျော်ပါ အမျိုးသား ခုနစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို ဒက္ခိဏသီရိမြို့မရဲစခန်း (ပ)၄၆/၂၀၂၅၊ ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေ ပုဒ်မ ၆(၁) ဖြင့် အမှုဖွင့်အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။




ဒက္ခိဏသီရိမြို့နယ်၌ ထရန်စဖော်မာများတွင်အသုံးပြုသည့် ကြေးကြိုး/ဒန်ကြိုးများ နှင့်အတူ တွေ့ရှိသူ အမျိုးသားခုနစ်ဦးနှင့်အမျိုးသမီးတစ်ဦးတို့အား ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

မြဝတီ

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး)ဗိုလ်လောင်းလျှောက်လွှာများအား ၂၈-၇-၂၀၂၅ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၅-၉-၂၀၂၅** ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာ ထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့ လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ

**လူမှုရေး/စီးပွားရေးကြော်ငြာများ**
**(30 % Discount Off)**

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၅၈
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၂၅၀၅၅၆၆၃၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup@gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

**အများသိစေရန်အသိပေးကြေညာခြင်း**


မွန်ပြည်နယ်၊ မုဒုံမြို့၊ ဘုရားလေးဆူရပ်၊ အင်ကြင်းမြိုင်လမ်း၊ အမှတ်(၃၇)နေ ဦးညဏ်လင်းထွန်း(၁၀/မဒန(နိုင်)၁၀၃၅၄၂)နှင့် ဒေါ်နီနီလွင်(၁၀/မလမ(နိုင်)၁၄၀၃၉၃)ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မုဒုံမြို့၊ မြို့မ(၄)ရပ်ကွက်၊ မြပေါဝန်လမ်း၊ စာစင်ကွင်း၊ ကွင်းအမှတ်(၈၄၄)၊ ဦးပိုင်အမှတ်(၂၅^က)၊ မြေချိန်ဧရိယာ(၀.၉၄)ဧကအနက်မှ (၀.၁၄)ဧကရှိ အလျား(၃၀)ပေ၊ အနံ(၃၅)ပေရှိ ခြံမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဦးညဏ်လင်းထွန်းနှင့်ဒေါ်နီနီလွင်တို့မှ (၁၂-၄-၂၀၂၃)ရက်စွဲဖြင့် မဝင်းသီရိအောင်(၎င်း၏နီးစပ်ရာအုပ်ထိန်းသူဖခင်ဦးအောင်ဇော်ထက်)တို့နှင့်အတူ အဆိုပါခြံမြေကွက်အား ပူးတွဲဝယ်ယူခဲ့ကြပါသည်။ အဆိုပါ ပူးတွဲဝယ်ယူခဲ့သော ခြံမြေကွက်ကို(၂၅-၈-၂၀၂၅)ရက်စွဲဖြင့် မဝင်းသီရိအောင်(၎င်း၏နီးစပ်ရာအုပ်ထိန်းသူဖခင်ဦးအောင်ဇော်ထက်)မှ ကျွန်ုပ်မိတ်ဆွေများထံ ပြန်လည်ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှလည်းဝယ်ယူရန် သဘောတူညီခဲ့ပါသည်။ အဆိုပါနေ့တွင်ပင်ခြံမြေ၏ကာလပေါက်ဈေးအဖြစ်သိန်း(၃၉၀၀)ကျပ်သတ်မှတ်ပြီး မဝင်းသီရိအောင်(၎င်း၏နီးစပ်ရာအုပ်ထိန်းသူဖခင်ဦးအောင်ဇော်ထက်)ရပိုင်ခွင့်ရှိသည့် ခြံမြေကွက်၏ ကာလပေါက်ဈေးတစ်ဝက်ဖြစ်သော(သိန်း၁၉၅၀)ကျပ်အား ကျွန်ုပ်၏မိတ်ဆွေများမှ မဝင်းသီရိအောင်(၎င်း၏နီးစပ်ရာအုပ်ထိန်းသူဖခင်ဦးအောင်ဇော်ထက်)အား ငွေအပြေအကျေပေးချေကာ လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်၊ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေများမှအဆိုပါခြံမြေအား ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးညဏ်လင်းထွန်း ဒေါ်နီနီလွင်

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ရတနာဝင်း(LL.B)
အထက်တန်းရှေ့နေ
(စဉ်-၅၀၇၈၈)(၂၆-၃-၂၀၁၉)
အမှတ်(၉)ဗိုလ်ချုပ်လမ်း၊
မြို့မ(၂)ရပ်ကွက်၊ မုဒုံမြို့
ဖုန်း-၀၉-၇၇၅၄၁၁၃၀၆

# လေဖိအားနည်းဆဲလ် ကယားပြည်နယ်နှင့်ကရင်ပြည်နယ်တို့တွင် လေပွေလှိုင်းအဖြစ် အားလျော့သွား၊ လေပွေလှိုင်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းဖြစ်ပေါ်နိုင်





နေပြည်တော် ဩဂုတ် ၃၁

**လေပွေလှိုင်းအခြေအနေ**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ၊ ကယားပြည်နယ် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်သည် အနောက်ဘက်သို့ရွေ့လျားခဲ့ပြီး ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် လေပွေလှိုင်းအဖြစ် အားလျော့သွားခဲ့သည်။


**နောက် ၂၄ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါလေပွေလှိုင်းသည် အနောက်-အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့သို့ ဆက်လက်ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။




**သတိပေးနှိုးဆော်ချက်**

အဆိုပါလေပွေလှိုင်း၏ အရှိန်ကြောင့် ယနေ့ညမှ စက်တင်ဘာလ ၃ ရက်နေ့အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။




သို့ဖြစ်ပါ၍ လေပွေလှိုင်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့်ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)




## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

**ပျောက်ဆုံးကြောင်း**

နန်းထက်ထက်လွင်(ဘ)ဦးဌေးလွင် ၇/ထတပ(နိုင်)၁၂၉၆၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 527336)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ခိုင်နှင်းဝေ(ဘ)ဦးဝင်းနိုင် ၉/တသန(နိုင်)၂၅၃၃၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 746114)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ကျော်စိုးသူ(ဘ)ဦးသန်းဆွေ ၁၄/ဝခမ(နိုင်)၁၄၃၁၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ဝေစုနိုင်(ဘ)ဦးဖုန်းနိုင် ၁၃/ခလန(နိုင်)၀၀၆၈၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ကွတ်ခိုင်မြို့၊ မန်လွယ်ရွာနေ မောင်ရန်ဆင်လုန့်(ဘ)ဦးရန်ယုန်ဆိန် ၁၃/ကခန(နိုင်)၁၀၃၇၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၃၃၉၀၅၈၁

GLOBAL NEW VISION COMPANY LIMITED

**(ကုမ္ပဏီတွင်ပါဝင်သူများဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းဆဲကုမ္ပဏီ)**

**စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာအပြီးသတ်အထွေထွေအစည်းအဝေး**

**တက်ရောက်ရန် အကြောင်းကြားစာ**

GLOBAL NEW VISION COMPANY LIMITED(ဖျက်သိမ်းဆဲ)၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာစာရင်းများတင်ပြရန်နှင့် ရှင်းလင်းပြောဆိုရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံး တက်ရောက်ပေးပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်နှင့်အချိန် ။ ။ ၂၈ ရက်၊ စက်တင်ဘာလ၊ ၂၀၂၅ ခုနှစ်။
နံနက်(၁၁:၀၀)နာရီ။

ကျင်းပမည့်နေရာ ။ ။ အမှတ်-၂၀၉၊ ၆ လွှာ(ခ)၊ ဗဟိုလမ်း(ရှမ်းလမ်း)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ဦးသိန်းလှိုင်ထွန်း(တရားလွှတ်တော်ရှေ့နေ)(MAIP No-၀၀၂၃၂)**

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

**PAI Consultant Service**

ဖုန်း-၀၉-၄၂၂၂၁၇၅၁၄၊ ၀၉-၇၇၄၇၈၈၈၄၆

## တပ်ကြပ်ကြီး / စာရေး အောင်မျိုးဦး
## အသက်(၅၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်နေ(ဦးတင်မြိုင်-ဒေါ်မြင့်မြင့်(ခ)ဒေါ်တုတ်ခိုင်)တို့၏သားကြီး၊ ဒေါ်စန်းစန်းမိုး၊ ဦးအောင်သိန်းထွဋ်-ဒေါ်စန္ဒာစိုး၊ ဒေါ်ဝါဝါသိမ့်တို့၏အစ်ကို၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ချော်တွင်းကုန်းအိမ်ရာနေ ဒေါ်ခင်အေးစိန်(ခ)မအကြီးမ၏ချစ်လှစွာသောခင်ပွန်း တပ်ကြပ်ကြီး/စာရေး အောင်မျိုးဦးသည် ၃၁-၈-၂၀၂၅ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀:၃၀ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၂၅ ရက်(အင်္ဂါနေ့)မွန်းလွဲ ၁ နာရီတွင် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)မင်္ဂလာဒုံ၊ ငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၆-၉-၂၀၂၅ ရက်(စနေနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းသွတ်တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

**အမည်ပြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ 1 NESS ကိုယ်ပိုင်ကျောင်း၊ G-2မှအဘ ဦးသက်နောင်ထင်း၏သားသူရိန်သစ်အား သီဟန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်သီဟန်**

**ပျောက်ဆုံးကြောင်း**

ရှိုင်းလင်းထိုက်(ဘ)ဦးပေါ်ဦး ၇/ကဝန(နိုင်)၂၄၄၄၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

စိုးဟိန်းထက်(ဘ)ဦးမောင်မောင်စိုး ၈/စလန(နိုင်)၁၁၈၄၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

သိန်းဇော်(ဘ)ဦးအောင်မြင့် ၇/အဖန(နိုင်)၀၉၆၀၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 482051)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

နေအောင်လင်း(ဘ)ဦးတင်ထွန်း ၁၂/ဥကတ(နိုင်)၁၈၀၅၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၁၄၆၀၂၄

**ပျောက်ဆုံးကြောင်း**

ပပလင်း(ဘ)ဦးဝင်းအောင် ၉/ကဆန(နိုင်)၁၂၂၄၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ဖခင်အမည်မှန်**

ကျိုင်းတုံမြို့၊ အမှတ်(၅)ရပ်ကွက်နေ အ.ထ.က(၇)တွင် ဒုတိယအလယ်တန်းပြတာဝန်ထမ်းဆောင်နေသော ဒေါ်နန်းခမ်းစု၏ဖခင်အမည်မှန်မှာ ဦးသာပုဖြစ်ပါကြောင်း။ **ဦးသာပု**

**ပျောက်ဆုံးကြောင်း**

ဝင်းထိုက်(ဘ)ဦးဘိုလင် ၉/ပဘန(နိုင်)၂၆၂၉၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ ဦးမြရပ်ကွက်နေ မဖြိုးဖြိုးဝေ(ဘ)ဦးအုန်း ၁၂/ကမတ(နိုင်)၀၈၈၉၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
## အကောက်ခွန်ဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်
## (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်)

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများတွင် အရည်အချင်းသတ်မှတ်ချက်ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | နေရာ | ပညာအရည်အချင်းသတ်မှတ်ချက် |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၁၅)နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။ |
| (ခ) | ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၁၅)နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။ |
| (ဂ) | ယာဉ်မောင်း-၅ (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | (၁၀)နေရာ | အခြေခံပညာအထက်တန်းအဆင့်ဖြစ်ရမည်။ ယာဉ်မောင်းလိုင်စင်(ခ)အဆင့်ရှိသူဖြစ်ရမည်။ |
| (ဃ) | အကောက်ခွန်ထိန်း (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | (၄၀)နေရာ | အခြေခံပညာအထက်တန်းအဆင့်ဖြစ်ရမည်။ |

၂။ ဌာနကူးပြောင်းလျှောက်ထားခြင်းလက်ခံမည်မဟုတ်ပါ။

၃။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဂ) အပိုဒ် ၁၊ (က)(ခ)ပါရာထူးနေရာများအတွက် လျှောက်ထားသူများသည် ၃၁-၇-၂၀၂၅ ရက်နေ့တွင် အသက်(၂၈)နှစ်ထက်မကျော်လွန်စေရ။

(ဃ) အပိုဒ် ၁၊ (က)(ခ)ပါ ရာထူးနေရာများအတွက် လက်ရှိအကောက်ခွန်ဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသောနေ့စားဝန်ထမ်းများဖြစ်ပါက ၃၁-၇-၂၀၂၅ ရက်နေ့တွင် အသက်(၄၅)နှစ်ထက်မကျော်လွန်စေရ။

(င) အပိုဒ် ၁၊ (ဂ)ပါရာထူးနေရာအတွက် လျှောက်ထားသူများသည် ၃၁-၇-၂၀၂၅ ရက်နေ့တွင် အသက်(၃၅)နှစ်ထက်မကျော်လွန်စေရ။

(စ) အပိုဒ် ၁၊ (ဃ)ပါ ရာထူးနေရာအတွက် လျှောက်ထားသူများသည် ၃၁-၇-၂၀၂၅ ရက်နေ့တွင် အသက်(၂၅)နှစ်ထက်မကျော်လွန်စေရ။

(ဆ) အပိုဒ် ၁၊ (ဂ)(ဃ) ရာထူးနေရာများအတွက် အမျိုးသားများသာလျှောက်ထားနိုင်သည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းများပူးတွဲတင်ပြရမည်-

(က) ကိုယ်ရေးလျှောက်လွှာ

(ခ) ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်

(ဂ) အသက်အထောက်အထားအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူ

(ဃ) အပိုဒ် ၁၊ (က)(ခ)ပါရာထူးအတွက် ပညာအရည်အချင်းစိစစ်ရန် ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မူရင်း/မိတ္တူ

(င) အပိုဒ် ၁၊ (ဂ)ပါရာထူးအတွက် ပညာအရည်အချင်းစိစစ်ရန် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(သို့မဟုတ်)အခြေခံပညာအလယ်တန်းအဆင့်အောင်မြင်ပြီးကြောင်း သက်ဆိုင်ရာကျောင်း၏ထောက်ခံချက်လက်မှတ်မူရင်း/မိတ္တူနှင့် ယာဉ်မောင်းလိုင်စင်မူရင်း/မိတ္တူ

(စ) အပိုဒ် ၁၊ (ဃ)ပါရာထူးအတွက် ပညာအရည်အချင်းစိစစ်ရန် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(သို့မဟုတ်)အခြေခံပညာအလယ်တန်းအဆင့်အောင်မြင်ပြီးကြောင်း သက်ဆိုင်ရာကျောင်း၏ထောက်ခံချက်လက်မှတ်မူရင်း/မိတ္တူ

(ဆ) (၂)လအတွင်း ရိုက်ထားသော ပတ်စ်ပို့အရွယ်(၁.၂" x ၁.၄")ဓာတ်ပုံ(၂)ပုံ(ဓာတ်ပုံကျောဘက်တွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးအမှတ်ရေးသားရန်)

(ဇ) ပြစ်မှုကင်းရှင်းကြောင်းသက်ဆိုင်ရာရဲစခန်း၏ထောက်ခံချက်

(ဈ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ထောက်ခံချက်

(ည) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမူရင်း/မိတ္တူ(အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်ရုံး၊ အမှတ်(၇)နယ်မြေ၊ ကျောက်တံတားမြို့နယ်)(သက်တမ်းတိုးပြီး)

၅။ အပိုဒ် ၁၊ (က)(ခ)ပါရာထူးအတွက် လျှောက်ထားသူများသည် အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကို ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများကို ကွန်ပျူတာနှင့်လူတွေ့စစ်ဆေးခြင်းများဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၆။ အပိုဒ် ၁၊ (ဂ)ပါရာထူးအတွက် လျှောက်ထားသူများသည် ယာဉ်မောင်းကျွမ်းကျင်မှုစစ်ဆေးခြင်းနှင့်လူတွေ့စစ်ဆေးခြင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ အပိုဒ် ၁၊ (ဃ)ပါရာထူးအတွက် လျှောက်ထားသူများသည် မြန်မာစာနှင့်အထွေထွေဗဟုသုတဘာသာရပ်များကို ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများကိုသာ ရေကူးကျွမ်းကျင်မှုနှင့် လူတွေ့စစ်ဆေးခြင်းများဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၈။ လျှောက်လွှာများအား အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm၊ Facebook Page(MACCS) တို့တွင် Download ရယူနိုင်ပြီး လူကိုယ်တိုင်လာရောက်ရယူလိုပါက ၈-၁၀-၂၀၂၅ ရက်နေ့မှ ၁၄-၁၀-၂၀၂၅ ရက်နေ့အထိ အစိုးရရုံးဖွင့်ရက်များတွင် အမှတ်(၂၀၅/၂၁၁)၊ ၄၉ လမ်းနှင့် လမ်း ၅၀ ကြား၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ **(အကောက်ခွန်သင်တန်းကျောင်း)**တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၉။ လျှောက်လွှာများလက်ခံရာ၌ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်ရုံး၊ အမှတ်(၇)နယ်မြေ၊ ကျောက်တံတားမြို့နယ်မှပေးပို့လာသည့် အလလခ(ပုံစံ-၆)တွင် အမည်စာရင်းပါရှိသူများ၏ လျှောက်လွှာများကိုသာ ၂၀-၁၀-၂၀၂၅ ရက်နေ့မှ ၂၄-၁၀-၂၀၂၅ ရက်နေ့အထိ ရန်ကုန်မြို့(အကောက်ခွန်သင်တန်းကျောင်း)တွင် အပိုဒ်(၄)ပါစာရွက်စာတမ်းအထောက်အထားများနှင့်အတူ လူကိုယ်တိုင်လာရောက်လျှောက်ထားမှုများအားလက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၁၀။ အရည်အချင်းသတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းအချက်အလက်မပြည့်စုံသူများနှင့်သတ်မှတ်ရက်ထက်နောက်ကျသောလျှောက်လွှာများကို လုံးဝ(လုံးဝ)ထည့်သွင်းလက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၁။ လျှောက်ထားသောရာထူးနေရာများအလိုက် ဖြေဆိုခွင့်ရရှိသူများ၏ အမည်စာရင်းနှင့်ဖြေဆိုမည့်ရက်စွဲ၊ အချိန်နှင့်နေရာတို့ကို အမှတ်(၁၃၂)၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)**ရှေ့ကြော်ငြာသင်ပုန်း၊ အမှတ်(၂၀၅/၂၁၁)၊ ၄၉ လမ်းနှင့် လမ်း ၅၀ ကြား၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**(အကောက်ခွန်သင်တန်းကျောင်း)**ကြော်ငြာသင်ပုန်းနှင့် အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm၊ Facebook Page(MACCS)တို့တွင် ကြေညာပေးသွားမည်ဖြစ်ပါသည်။

၁၂။ ဖြေဆိုခွင့်ရရှိသူများသည် စာမေးပွဲလာရောက်ဖြေဆိုပါက နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့်အတူ လျှောက်လွှာလက်ခံဖြတ်ပိုင်းအား တစ်ပါတည်းယူဆောင်လာရမည်။

၁၃။ ဝန်ထမ်းအဖြစ်ခန့်အပ်ခြင်းခံရပါက အကောက်ခွန်ဦးစီးဌာနတွင် အနည်းဆုံး(၁၀)နှစ်တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၁၄။ လျှောက်လွှာတွင် ဖော်ပြချက်များနှင့်အထောက်အထားစာရွက်စာတမ်းများသည် မှန်ကန်မှုမရှိကြောင်းစစ်ဆေးတွေ့ရှိရပါက ရာထူးခန့်အပ်ပြီးစေကာမူ ထုတ်ပယ်ခြင်းခံရမည်။

၁၅။ လူတွေ့စစ်ဆေးချိန်တွင် လျှောက်ထားသည့်ရာထူးအလိုက် တင်ပြရန်လိုအပ်သောမူရင်းလက်မှတ်များဖြစ်သည့် ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အခြေခံပညာအလယ်တန်းအဆင့်အောင်မြင်ပြီးကြောင်း သက်ဆိုင်ရာကျောင်း၏ထောက်ခံချက်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အလုပ်သမားမှတ်ပုံတင်ကတ်ပြားတို့ကို တင်ပြရမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း-၀၁-၃၈၀၇၃၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**

## မြဝတီစက်သုံးဆီဖြန့်ဖြူးရောင်းချရေးလုပ်ငန်း




**အရည်အသွေးမှန်၊အရေအတွက်မှန်၊ ကောင်းမွန်သော ဝန်ဆောင်မှုတို့ဖြင့်**

ရန်ကုန်၊ကျောက်တံခါး၊ပဲခူးတိုင်း၊ဖြူး၊နေပြည်တော်၊ သာစည်၊ကျောက်ဆည်၊မန္တလေး၊ကျောက်မဲ၊ပြင်ဦးလွင်၊ ပခုက္ကူ၊အောင်လံ၊ပြည်၊ဝါးဇီတို့တွင်လွတ်လပ်စွာ ဝယ်ယူနိုင်ပါသည်။

ဖုန်း။ ၀၉၅-၀၁-၅၃၆၅၅၇၊ ၅၃၁၁၂၈၊ ၅၃၁၁၂၉

Quality For You — VEGA — **ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ** — VEGA — Quality For You

**အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ**

သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့



ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁




## ပြင်ဦးလွင် နန်းမြိုင်ကော်ဖီ



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော **ကြံ့**၊ **ဆင်နှစ်ကောင်**၊ **Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**




**ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)**

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၇၀၀၄၀၉၇

**ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)**

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန**
**အကောက်ခွန်ဦးစီးဌာန**
**လျှောက်လွှာခေါ်ယူခြင်း**
**၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်**
**(၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်)**

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင်လစ်လပ်လျက်ရှိသော အကောက်ခွန်မှူး(လစာနှုန်းကျပ် ၂၁၆,၀၀၀-၂၀၀၀-၂၂၆,၀၀၀)ရာထူး ကျား(၆)နေရာ၊ မ(၄)နေရာ စုစုပေါင်း(၁၀)နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်သည်။

၂။ ဌာနကူးပြောင်းလျှောက်ထားခြင်းကို လက်ခံမည်မဟုတ်ပါ။

၃။ အထက်ဖော်ပြပါရာထူးနေရာများအတွက်လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၁-၇-၂၀၂၅ ရက်နေ့တွင် အသက်(၃၀)နှစ်ထက်မကျော်လွန်ရ။
(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဃ) အမျိုးသားများအတွက် အနည်းဆုံး အရပ် ၅' ၅"၊ ကိုယ်အလေးချိန် ပေါင် ၁၁၀ ရှိရမည်။
(င) အမျိုးသမီးများအတွက် အနည်းဆုံး အရပ် ၅' ၂"၊ ကိုယ်အလေးချိန် ပေါင် ၉၀ ရှိရမည်။
(စ) ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။
(ဆ) အောက်ပါဘာသာရပ်များဖြင့် မဟာဘွဲ့ရရှိပြီးသူများလျှောက်ထားနိုင်သည်-

| စဉ် | ဘွဲ့အမည် |
|---|---|
| (၁) | မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)[M.A(English)] |
| (၂) | နိုင်ငံခြားဘာသာစကားတက္ကသိုလ်မှချီးမြှင့်သော မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်ဘာသာ/ထိုင်းဘာသာ/ဂျပန်ဘာသာ/ကိုရီးယားဘာသာ/တရုတ်ဘာသာ/ပြင်သစ်ဘာသာ/ရုရှားဘာသာ/ဂျာမန်ဘာသာ[M.A(English, Thai, Japan, Korea, China, French, Russia, German)]၊ |
| (၃) | မဟာဝိဇ္ဇာဘွဲ့(နိုင်ငံတကာဆက်ဆံရေးပညာ)[M.A(IR)] |
| (၄) | မဟာဥပဒေဘွဲ့(LL.M) |
| (၅) | ဝါဏိဇ္ဇဗေဒပညာမဟာဘွဲ့(M.Com)/ဘောဂဗေဒပညာမဟာဘွဲ့[M.Econ(Eco)]/ စာရင်းအင်းပညာမဟာဘွဲ့[M.Econs.(stats)]/ စာရင်းကိုင်ပညာမဟာဘွဲ့(M.Act)/ ဖွံ့ဖြိုးတိုးတက်မှုပညာမဟာဘွဲ့(M.DevS)/ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့(MBA)/ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့(MPA) |
| (၆) | စိုက်ပျိုးရေးသိပ္ပံမဟာဘွဲ့[M.Agr.Sc(Agriculture Science)] |
| (၇) | မဟာသိပ္ပံဘွဲ့(ပတ်ဝန်းကျင်)[M.Sc(Environmental Science)] |
| (၈) | တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့[M.V.Sc.(Pathology)]/[M.V.Sc.(Microbiology)] |
| (၉) | မဟာအင်ဂျင်နီယာဘွဲ့(သတင်းအချက်အလက်သိပ္ပံနှင့်နည်းပညာ)[M.E(Information Science and Technology)] |
| (၁၀) | မဟာအင်ဂျင်နီယာဘွဲ့(သုတနည်းပညာ)[M.E(Information Technology)] |
| (၁၁) | မဟာအင်ဂျင်နီယာဘွဲ့(ကွန်ပျူတာအင်ဂျင်နီယာ)[M.E(Computer Engineering)] |
| (၁၂) | မဟာအင်ဂျင်နီယာဘွဲ့(ချည်မျှင်နှင့်အထည်)[M.E.(Textile)] |
| (၁၃) | မဟာကွန်ပျူတာသိပ္ပံဘွဲ့(M.C.Sc)၊ မဟာကွန်ပျူတာနည်းပညာဘွဲ့(M.C.Tech)၊ မဟာသိပ္ပံဘွဲ့(ကွန်ပျူတာသိပ္ပံ)[M.Sc(Computer Science)] |

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းအထောက်အထားများပါရှိရမည်-

(က) ကိုယ်ရေးလျှောက်လွှာ
(ခ) ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်
(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်း/မိတ္တူ
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူ
(င) ပညာအရည်အချင်းအတွက် မဟာဘွဲ့လက်မှတ်မူရင်း/မိတ္တူ
(စ) (၂)လအတွင်း ရိုက်ထားသောပတ်စ်ပို့အရွယ်(၁.၂" x ၁.၄")ဓာတ်ပုံ(၂)ပုံ(ဓာတ်ပုံကျောဘက်တွင်အမည်နှင့်နိုင်ငံသားစိစစ်ရေးအမှတ်ရေးသားရန်)
(ဆ) ပြစ်မှုကင်းရှင်းကြောင်းသက်ဆိုင်ရာရဲစခန်း၏ထောက်ခံချက်
(ဇ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ထောက်ခံချက်
(ဈ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမူရင်း/မိတ္တူ(သက်တမ်းတိုးပြီး)

၅။ လျှောက်ထားသူသည် အင်္ဂလိပ်စာနှင့်အထွေထွေဗဟုသုတဘာသာရပ်များကို ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်၍ ရေးဖြေအောင်မြင်သူများကို ကွန်ပျူတာနှင့်လူတွေ့စစ်ဆေးခြင်းများဆောင်ရွက်သွားမည်ဖြစ်သည်။

၆။ လျှောက်လွှာများအား အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm၊ Facebook Page(MACCS) တို့တွင် Download ရယူနိုင်ပြီး လူကိုယ်တိုင်လာရောက်ရယူလိုပါက ၈-၁၀-၂၀၂၅ ရက်နေ့မှ ၁၄-၁၀-၂၀၂၅ ရက်နေ့အထိ အစိုးရရုံးဖွင့်ရက်များတွင် အမှတ်(၂၀၅/၂၁၁)၊ ၄၉ လမ်းနှင့် လမ်း ၅၀ ကြား၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ **ရန်ကုန်မြို့(အကောက်ခွန်သင်တန်းကျောင်း)နှင့် နီးစပ်ရာအောက်ဖော်ပြပါမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးများ**တွင် လာရောက်ထုတ်ယူနိုင်ပါသည်-

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| မြစ်ကြီးနား | - | ၀၇၄-၂၅၂၃၇၆၃ | လွိုင်ကော် | - | ၀၈၃-၂၂၂၁၁၇ | မြဝတီ | - | ၀၅၈-၅၀၀၂၄ |
| ဘားအံ | - | ၀၅၈-၂၁၈၀၈ | ဟားခါး | - | ၀၇၀-၂၁၈၀၉ | မန္တလေး | - | ၀၂-၄၀၇၀၃၂၇ |
| မော်လမြိုင် | - | ၀၅၇-၂၀၂၁၀၆၉ | ကျောက်ဖြူ | - | ၀၄၃-၄၆၀၉၈ | စစ်တွေ | - | ၀၄၃-၂၀၂၁၀၁၉ |
| မူဆယ် | - | ၀၈၂-၅၀၅၂၄ | လားရှိုး | - | ၀၈၂-၂၂၀၃၀၆၈ | ပုသိမ် | - | ၀၄၂-၂၁၀၀၈ |
| တောင်ကြီး | - | ၀၈၁-၂၁၂၁၁၅၈ | ကျိုင်းတုံ | - | ၀၈၄-၂၁၀၀၂၈ | တာချီလိတ် | - | ၀၈၄-၅၁၀၀၅ |
| မိုင်းဆတ် | - | ၀၈၄-၆၀၁၇၃ | မုံရွာ | - | ၀၇၁-၂၁၁၆၁ | မကွေး | - | ၀၆၃-၂၈၇၁၆ |
| မြိတ် | - | ၀၅၉-၄၁၀၀၂ | ထားဝယ် | - | ၀၅၉-၂၀၂၁၂၀၃ | ကော့သောင်း | - | ၀၅၉-၅၁၀၀၅ |
| ပဲခူး | - | ၀၂၅-၆၅၄၅၅ | နေပြည်တော် | - | ၀၆၇-၃၄၁၀၀၆၀ | | | |

၇။ စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို ၂၀-၁၀-၂၀၂၅ ရက်နေ့မှ ၂၄-၁၀-၂၀၂၅ ရက်နေ့အထိ **ရန်ကုန်မြို့(အကောက်ခွန်သင်တန်းကျောင်း)နှင့် နီးစပ်ရာအထက်ဖော်ပြပါမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးများ**တွင် အပိုဒ်(၄)ပါ စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လူကိုယ်တိုင်လာရောက်လျှောက်ထားရမည်ဖြစ်သည်။

၈။ အရည်အချင်းသတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက်နောက်ကျသောလျှောက်လွှာများကို လုံးဝ(လုံးဝ)ထည့်သွင်းလက်ခံစဉ်းစားမည်မဟုတ်ပါ။

၉။ ရေးဖြေစာမေးပွဲကျင်းပပြုလုပ်မည့် ရက်စွဲ၊ အချိန်၊ နေရာနှင့် စာမေးပွဲဖြေဆိုရန်အတွက် ဖြေဆိုခွင့်ရရှိသူအမည်စာရင်း၊ ခုံအမှတ်တို့ကို အမှတ်(၁၃၂)၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ **အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)**ရှေ့ ကြော်ငြာသင်ပုန်း၊ အမှတ်(၂၀၅/၂၁၁)၊ ၄၉ လမ်းနှင့် လမ်း ၅၀ ကြား၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ **(အကောက်ခွန်သင်တန်းကျောင်း)**ကြော်ငြာသင်ပုန်းနှင့် အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm၊ Facebook Page (MACCS)တို့တွင်ကြေညာပေးသွားမည်ဖြစ်သည်။

၁၀။ ဖြေဆိုခွင့်ရရှိသူများသည် စာမေးပွဲလာရောက်ဖြေဆိုပါက နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)ပါရှိရမည်။

၁၁။ ရွေးချယ်ခြင်းခံရပါက အကောက်ခွန်မှူး(လစာနှုန်းကျပ် ၂၁၆,၀၀၀-၂၀၀၀-၂၂၆,၀၀၀)ရာထူးနေရာများတွင် ခန့်အပ်တာဝန်ပေးသွားမည်ဖြစ်ပြီး အကောက်ခွန်ဆိုင်ရာကျွမ်းကျင်မှုအခြေခံသင်တန်းသို့ တက်ရောက်ရမည်ဖြစ်သည်။

၁၂။ အကောက်ခွန်ဦးစီးဌာနတွင် အနည်းဆုံး(၁၀)နှစ်တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူများဖြစ်ရမည်။

၁၃။ အကောက်ခွန်ဦးစီးဌာနရှိ ပညာရပ်နှင့်သက်ဆိုင်သော ဌာနခွဲများ၌(၅)နှစ် တာဝန်ထမ်းဆောင်ရန်စာချုပ်ချုပ်ဆိုရမည်ဖြစ်ပြီး တာဝန်ထမ်းဆောင်ချိန်ပြည့်ပြီးမှသာ အခြားဌာနခွဲနှင့် အခြားနယ်မြေရုံးများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

၁၄။ လျှောက်လွှာတွင်ဖော်ပြချက်များနှင့် အထောက်အထားစာရွက်စာတမ်းများသည် မှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာထူးခန့်အပ်ပြီးစေကာမူ ထုတ်ပယ်ခြင်းခံရမည်။

၁၅။ လူတွေ့စစ်ဆေးချိန်တွင် မူရင်းလက်မှတ်များဖြစ်သော ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အခြားအောင်လက်မှတ်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားတို့ကို ထပ်မံတင်ပြရမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း-၀၁-၃၈၀၇၃၁ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

**အကောက်ခွန်ဦးစီးဌာန**

# ရန်ကုန်စတော့အိတ်ချိန်း၌ ဩဂုတ်လနောက်ဆုံးပတ်အတွင်း စတော့ရှယ်ယာအစောင်သုံးသောင်းခွဲကျော် အရောင်းအဝယ်ဖြစ်ခဲ့




ရန်ကုန် ဩဂုတ် ၃၁

ရန်ကုန်စတော့အိတ်ချိန်း၌ ဩဂုတ်လနောက်ဆုံးပတ်တစ်ပတ်တာကာလအတွင်း ငွေကျပ်သန်း ၁၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာ အစောင်သုံးသောင်းခွဲကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် ဘဏ်ပိတ်ရက်များမှအပ နေ့စဉ် စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ ဩဂုတ်လ ၂၅ ရက်မှ ၂၉ ရက်အထိ တစ်ပတ်တာကာလအတွင်း ငွေကျပ် ၁၀၄၁၉၀၂၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၅၅၇၉ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့သည်။

အဆိုပါကာလအတွင်း FMI ကုမ္ပဏီမှ ငွေကျပ် ၂၂၉၈၉၈၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၂၄၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၄၀၁၆၄၂၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၂၉၂၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် လေးပုံသုံးပုံခန့် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၉၉၆၄၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၃၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် ထက်ဝက်ကျော် အရောင်းအဝယ်မြင့်တက်ခဲ့သည်။ FPB ကုမ္ပဏီမှ ငွေကျပ်၁၀၆၇၃၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၅၄၈၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် ၉၀၀ နီးပါး အရောင်းအဝယ်မြင့်တက်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၁၀၁၆၃၄၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၉၀၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် လေးပုံတစ်ပုံခန့်အရောင်းအဝယ်မြင့်တက်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၁၆၃၈၀၆၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၉၀၀၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် သုံးပုံနှစ်ပုံခန့် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၄၉၂၉၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၄၃ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။ MAEX ကုမ္ပဏီမှ ငွေကျပ် ၂၃၂၉၈၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၇၂၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**ခန့်ခန့်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန**
**အကောက်ခွန်ဦးစီးဌာန**
**လျှောက်လွှာခေါ်ယူခြင်း**
**၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်**
**(၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်)**

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အလုပ်သင်ဒုတိယအကောက်ခွန်မှူး(လစာနှုန်းကျပ် ၁၈၀,၀၀၀-၂၀၀၀-၁၉၀,၀၀၀)ရာထူး ကျား(၃၅)နေရာ၊ မ(၁၅)နေရာ၊ စုစုပေါင်း(၅၀)နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်သည်။

၂။ ဌာနကူးပြောင်းလျှောက်ထားခြင်းကို လက်ခံမည်မဟုတ်ပါ။

၃။ အထက်ဖော်ပြပါရာထူးနေရာများအတွက် လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၁-၇-၂၀၂၅ ရက်နေ့တွင် ရိုးရိုးဘွဲ့ရရှိသူများသည် အသက်(၂၈)နှစ်ထက်မကျော်လွန်ရ၊ မဟာဘွဲ့ရရှိသူများသည် အသက်(၃၀)နှစ်ထက်မကျော်လွန်ရ။
(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဃ) အမျိုးသားများအတွက် အနည်းဆုံး အရပ် ၅' ၅"၊ ကိုယ်အလေးချိန် ပေါင် ၁၁၀ ရှိရမည်။
(င) အမျိုးသမီးများအတွက် အနည်းဆုံး အရပ် ၅' ၂"၊ ကိုယ်အလေးချိန် ပေါင် ၉၀ ရှိရမည်။
(စ) ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။
(ဆ) အောက်ပါဘွဲ့/မဟာဘွဲ့ရရှိသူများ လျှောက်ထားနိုင်သည်-

(၁) ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)[B.A(English)]၊ မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)[M.A(English)]
(၂) လုပ်ငန်းသုံးအင်္ဂလိပ်စာဘွဲ့[B.A(EPP)]၊ လုပ်ငန်းသုံးအင်္ဂလိပ်စာမဟာဘွဲ့[M.A(EPP)]
(၃) ကွန်ပျူတာသိပ္ပံဘွဲ့(B.C.Sc)၊ မဟာကွန်ပျူတာသိပ္ပံဘွဲ့(M.C.Sc)၊ ကွန်ပျူတာနည်းပညာဘွဲ့(B.C.Tech)၊ မဟာကွန်ပျူတာနည်းပညာဘွဲ့(M.C.Tech)၊ သိပ္ပံဘွဲ့(ကွန်ပျူတာသိပ္ပံ)[B.Sc(Computer Science)]၊ မဟာသိပ္ပံဘွဲ့(ကွန်ပျူတာသိပ္ပံ)[M.Sc(Computer Science)]
(၄) ဥပဒေဘွဲ့(LL.B)၊ မဟာဥပဒေဘွဲ့(LL.M)
(၅) ဝါဏိဇ္ဇဗေဒပညာဘွဲ့(B.Com)၊ ဝါဏိဇ္ဇဗေဒပညာမဟာဘွဲ့(M.Com)/ဘောဂဗေဒပညာဘွဲ့[B.Econ(Eco)]၊ ဘောဂဗေဒပညာမဟာဘွဲ့[M.Econ(Eco)]/ စာရင်းအင်းပညာဘွဲ့[B.Econ.(Stats)]၊ စာရင်းအင်းပညာမဟာဘွဲ့[M.Econ.(stats)]/စာရင်းကိုင်ပညာဘွဲ့(B.Act)၊ စာရင်းကိုင်ပညာမဟာဘွဲ့(M.Act)/ဖွံ့ဖြိုးတိုးတက်မှုပညာဘွဲ့(B.DevS)၊ ဖွံ့ဖြိုးတိုးတက်မှုပညာမဟာဘွဲ့(M.DevS)/စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့(BBA)၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့(MBA)/ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာဘွဲ့(BPA)၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့(MPA)
(၆) နိုင်ငံခြားဘာသာစကားတက္ကသိုလ်မှချီးမြှင့်သောဝိဇ္ဇာဘွဲ့(အင်္ဂလိပ်ဘာသာ/ထိုင်းဘာသာ/ဂျပန်ဘာသာ/ကိုရီးယားဘာသာ/တရုတ်ဘာသာ/ပြင်သစ်ဘာသာ/ရုရှားဘာသာ/ဂျာမန်ဘာသာ)[B.A(English, Thai, Japan, Korea, China, French, Russia, German)]၊ မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်ဘာသာ/ထိုင်းဘာသာ/ဂျပန်ဘာသာ/ကိုရီးယားဘာသာ/တရုတ်ဘာသာ/ပြင်သစ်ဘာသာ/ရုရှားဘာသာ/ဂျာမန်ဘာသာ)[M.A(English, Thai, Japan, Korea, China, French, Russia, German)]
(၇) ဝိဇ္ဇာဘွဲ့(နိုင်ငံတကာဆက်ဆံရေးပညာ)[B.A(IR)]၊ မဟာဝိဇ္ဇာဘွဲ့(နိုင်ငံတကာဆက်ဆံရေးပညာ)[M.A(IR)]
(၈) အင်ဂျင်နီယာဘွဲ့(ချည်မျှင်နှင့်အထည်)[B.E.(Textile)]၊ မဟာအင်ဂျင်နီယာဘွဲ့(ချည်မျှင်နှင့်အထည်)[M.E.(Textile)]
(၉) အင်ဂျင်နီယာဘွဲ့(မက္ကာထရောနစ်)[B.E.(Mechatronic)]၊ မဟာအင်ဂျင်နီယာဘွဲ့(မက္ကာထရောနစ်)[M.E.(Mechatronic)]
(၁၀) အင်ဂျင်နီယာဘွဲ့(စက်မှု)[B.E.(Mechnical)]၊ မဟာအင်ဂျင်နီယာဘွဲ့(စက်မှု)[M.E.(Mechnical)]
(၁၁) အင်ဂျင်နီယာဘွဲ့(အီလက်ထရောနစ်နှင့် ဆက်သွယ်ရေးနည်းပညာ)[B.E.(Electronic and Communication)]၊ မဟာအင်ဂျင်နီယာဘွဲ့(အီလက်ထရောနစ်နှင့်ဆက်သွယ်ရေးနည်းပညာ)[M.E.(Electronic and Communication)]
(၁၂) အင်ဂျင်နီယာဘွဲ့(လျှပ်စစ်စွမ်းအား)[B.E.(Electrical Power)]၊ မဟာအင်ဂျင်နီယာဘွဲ့(လျှပ်စစ်စွမ်းအား)[M.E.(Electrical Power)]
(၁၃) အင်ဂျင်နီယာဘွဲ့(မြို့ပြ)[B.E.(Civil)]၊ မဟာအင်ဂျင်နီယာဘွဲ့(မြို့ပြ)[M.E.(Civil)]
(၁၄) အင်ဂျင်နီယာဘွဲ့(သတင်းအချက်အလက်သိပ္ပံနှင့်နည်းပညာ) [B.E.(Information Science and Technology)]၊ မဟာအင်ဂျင်နီယာဘွဲ့(သတင်းအချက်အလက်သိပ္ပံနှင့်နည်းပညာ)[M.E.(Information Science and Technology)]
(၁၅) အင်ဂျင်နီယာဘွဲ့(သုတနည်းပညာ)[B.E.(Information Technology)]၊ မဟာအင်ဂျင်နီယာဘွဲ့(သုတနည်းပညာ)[M.E.(Information Technology)]၊
(၁၆) အင်ဂျင်နီယာဘွဲ့(ကွန်ပျူတာအင်ဂျင်နီယာ)[B.E.(Computer Engineering)]၊ မဟာအင်ဂျင်နီယာဘွဲ့(ကွန်ပျူတာအင်ဂျင်နီယာ)[M.E.(Computer Engineering)]
(၁၇) သိပ္ပံဘွဲ့(ရူပဗေဒ)[B.Sc(Phys)]၊ မဟာသိပ္ပံဘွဲ့(ရူပဗေဒ)[M.Sc(Phys)]
(၁၈) သိပ္ပံဘွဲ့(ဓာတုဗေဒ)[B.Sc(Chem)]၊ မဟာသိပ္ပံဘွဲ့(ဓာတုဗေဒ)[M.Sc(Chem)]
(၁၉) သိပ္ပံဘွဲ့(သင်္ချာ)[B.Sc(Maths)]၊ မဟာသိပ္ပံဘွဲ့(သင်္ချာ)[M.Sc(Maths)]
(၂၀) သိပ္ပံဘွဲ့(ရုက္ခဗေဒ)[B.Sc(Botany)]၊ မဟာသိပ္ပံဘွဲ့(ရုက္ခဗေဒ)[M.Sc(Botany)]
(၂၁) သိပ္ပံဘွဲ့(သတ္တဗေဒ)[B.Sc(Zoology)]၊ မဟာသိပ္ပံဘွဲ့(သတ္တဗေဒ)[M.Sc(Zoology)]
(၂၂) သိပ္ပံဘွဲ့(ဘူမိဗေဒ)[B.Sc(Geology)]၊ မဟာသိပ္ပံဘွဲ့(ဘူမိဗေဒ)[M.Sc(Geology)]
(၂၃) သိပ္ပံဘွဲ့(ကုန်ထုတ်ဓာတုဗေဒ)[B.Sc(IC)]၊ မဟာသိပ္ပံဘွဲ့(ကုန်ထုတ်ဓာတုဗေဒ)[M.Sc(IC)]
(၂၄) စိုက်ပျိုးရေးသိပ္ပံဘွဲ့[B.Agr.Sc(Agriculture Science)]၊ စိုက်ပျိုးရေးသိပ္ပံမဟာဘွဲ့[M.Agr.Sc(Agriculture Science)]
(၂၅) သိပ္ပံဘွဲ့(ပတ်ဝန်းကျင်) [B.Sc(Environmental Science)]၊ မဟာသိပ္ပံဘွဲ့(ပတ်ဝန်းကျင်)[M.Sc(Environmental Science)]
(၂၆) သိပ္ပံဘွဲ့(ဇီဝဓာတုဗေဒ)[B.Sc(Biochemistry)]၊ မဟာသိပ္ပံဘွဲ့(ဇီဝဓာတုဗေဒ)[M.Sc(Biochemistry)]

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းအထောက်အထားများပါရှိရမည်-

(က) ကိုယ်ရေးလျှောက်လွှာ
(ခ) ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်
(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်း/မိတ္တူ
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူ
(င) ပညာအရည်အချင်းအတွက် ဘွဲ့/မဟာဘွဲ့လက်မှတ်မူရင်း/မိတ္တူ
(စ) (၂)လအတွင်းရိုက်ထားသောပတ်စ်ပို့အရွယ်(၁.၂" x ၁.၄")ဓာတ်ပုံနှစ်ပုံ(ဓာတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးအမှတ်ရေးသားရန်)
(ဆ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ထောက်ခံချက်
(ဇ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ထောက်ခံချက်
(ဈ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမူရင်း/မိတ္တူ(သက်တမ်းတိုးပြီး)

၅။ လျှောက်ထားသူသည် အင်္ဂလိပ်စာနှင့်အထွေထွေဗဟုသုတဘာသာရပ်များကို ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်၍ ရေးဖြေအောင်မြင်သူများကို ကွန်ပျူတာနှင့်လူတွေ့စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

၆။ လျှောက်လွှာများအား အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm၊ Facebook Page(MACCS) တို့တွင် Download ရယူနိုင်ပြီး လူကိုယ်တိုင်လာရောက်ရယူလိုပါက ၈-၁၀-၂၀၂၅ ရက်နေ့မှ ၁၄-၁၀-၂၀၂၅ ရက်နေ့အထိ အစိုးရရုံးဖွင့်ရက်များတွင် အမှတ်(၂၀၅/၂၁၁)၊ ၄၉ လမ်းနှင့် လမ်း၅၀ကြား၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**(အကောက်ခွန်သင်တန်းကျောင်း)နှင့် နီးစပ်ရာအောက်ဖော်ပြပါမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးများ**တွင် လာရောက်ထုတ်ယူနိုင်ပါသည်-

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| မြစ်ကြီးနား | - | ၀၇၄-၂၅၂၃၇၆၃ | လွိုင်ကော် | - | ၀၈၃-၂၂၂၁၁၇ | မြဝတီ | - | ၀၅၈-၅၀၀၂၄ |
| ဘားအံ | - | ၀၅၈-၂၁၈၀၈ | ဟားခါး | - | ၀၇၀-၂၁၈၀၉ | မန္တလေး | - | ၀၂-၄၀၇၀၃၂၇ |
| မော်လမြိုင် | - | ၀၅၇-၂၀၂၁၀၆၉ | ကျောက်ဖြူ | - | ၀၄၃-၄၆၀၉၈ | စစ်တွေ | - | ၀၄၃-၂၀၂၁၀၁၉ |
| မူဆယ် | - | ၀၈၂-၅၀၅၂၄ | လားရှိုး | - | ၀၈၂-၂၂၀၃၀၆၈ | ပုသိမ် | - | ၀၄၂-၂၁၀၀၈ |
| တောင်ကြီး | - | ၀၈၁-၂၁၂၁၁၅၈ | ကျိုင်းတုံ | - | ၀၈၄-၂၁၀၀၂၈ | တာချီလိတ် | - | ၀၈၄-၅၁၀၀၅ |
| မိုင်းဆတ် | - | ၀၈၄-၆၀၁၇၃ | မုံရွာ | - | ၀၇၁-၂၁၁၆၁ | မကွေး | - | ၀၆၃-၂၈၇၁၆ |
| မြိတ် | - | ၀၅၉-၄၁၀၀၂ | ထားဝယ် | - | ၀၅၉-၂၀၂၁၂၀၃ | ကော့သောင်း | - | ၀၅၉-၅၁၀၀၅ |
| ပဲခူး | - | ၀၂၅-၆၅၄၅၅ | နေပြည်တော် | - | ၀၆၇-၃၄၁၀၀၆၀ | | | |

၇။ စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို ၂၀-၁၀-၂၀၂၅ ရက်နေ့မှ ၂၄-၁၀-၂၀၂၅ ရက်နေ့အထိ **ရန်ကုန်မြို့(အကောက်ခွန်သင်တန်းကျောင်း)နှင့်နီးစပ်ရာအထက်ဖော်ပြပါမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးများ**တွင် အပိုဒ်(၄)ပါ စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လူကိုယ်တိုင်လာရောက်လျှောက်ထားရမည်ဖြစ်သည်။

၈။ အရည်အချင်းသတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းအချက်အလက်မပြည့်စုံသူများ နှင့် သတ်မှတ်ရက်ထက်နောက်ကျသောလျှောက်လွှာများကို လုံးဝ(လုံးဝ)ထည့်သွင်းလက်ခံစဉ်းစားမည်မဟုတ်ပါ။

၉။ ရေးဖြေစာမေးပွဲကျင်းပပြုလုပ်မည့် ရက်စွဲ၊ အချိန်၊ နေရာနှင့်စာမေးပွဲဖြေဆိုရန်အတွက် ဖြေဆိုခွင့်ရရှိသူအမည်စာရင်း၊ ခုံအမှတ်တို့ကို အမှတ်(၁၃၂)၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ **အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)**ရှေ့ ကြော်ငြာသင်ပုန်း၊ အမှတ်(၂၀၅/၂၁၁)၄၉ လမ်းနှင့်လမ်း၅၀ကြား၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ **(အကောက်ခွန်သင်တန်းကျောင်း)**ကြော်ငြာသင်ပုန်းနှင့် အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm၊ Facebook Page(MACCS) တို့တွင် ကြေညာပေးသွားမည်ဖြစ်သည်။

၁၀။ ဖြေဆိုခွင့်ရရှိသူများသည် စာမေးပွဲလာရောက်ဖြေဆိုပါက နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့်အတူ လျှောက်လွှာလက်ခံဖြတ်ပိုင်းအား တစ်ပါတည်းယူဆောင်လာရမည်။

၁၁။ ရွေးချယ်ခြင်းခံရပါက အလုပ်သင်ဒုတိယအကောက်ခွန်မှူး(လစာနှုန်းကျပ် ၁၈၀,၀၀၀-၂၀၀၀-၁၉၀,၀၀၀)ရာထူးနေရာများတွင် ခန့်အပ်တာဝန်ပေးသွားမည်ဖြစ်ပြီး အကောက်ခွန်ဆိုင်ရာကျွမ်းကျင်မှုအခြေခံသင်တန်းသို့တက်ရောက်ရမည်ဖြစ်သည်။ အလုပ်သင်(၁)နှစ်ပြည့်မြောက်၍ လုပ်ငန်းဆောင်ရွက်မှုကျေနပ်ပါက ဒုတိယအကောက်ခွန်မှူး(လစာနှုန်းကျပ် ၁၉၈,၀၀၀-၂၀၀၀-၂၀၈,၀၀၀)ရာထူးနေရာများတွင် ခန့်အပ်တာဝန်ပေးအပ်သွားမည်ဖြစ်သည်။

၁၂။ အကောက်ခွန်ဦးစီးဌာနတွင် အနည်းဆုံး(၁၀)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူများဖြစ်ရမည်။

၁၃။ အကောက်ခွန်ဦးစီးဌာနရှိ ပညာရပ်နှင့်သက်ဆိုင်သော ဌာနခွဲများ၌ (၅)နှစ်တာဝန်ထမ်းဆောင်ရန် စာချုပ်ချုပ်ဆိုရမည်ဖြစ်ပြီး တာဝန်ထမ်းဆောင်ချိန်ပြည့်ပြီးမှသာ အခြားဌာနခွဲနှင့် အခြားနယ်မြေရုံးများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

၁၄။ လျှောက်လွှာတွင် ဖော်ပြချက်များနှင့် အထောက်အထားစာရွက်စာတမ်းများသည် မှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာထူးခန့်အပ်ပြီးစေကာမူ ထုတ်ပယ်ခြင်းခံရမည်။

၁၅။ လူတွေ့စစ်ဆေးချိန်တွင် မူရင်းလက်မှတ်များဖြစ်သော ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အခြားအောင်လက်မှတ်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားတို့ကို ထပ်မံတင်ပြရမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း-၀၁-၃၈၀၇၃၁ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

**အကောက်ခွန်ဦးစီးဌာန**

မိုးသောက်ပန်း ဂျာနယ်
- မျက်နှာဖုံးတွင် ကာတွန်းစိုးပြေ၏ လက်ရာကောင်းနှင့်အတူ ကာတွန်းသိက္ခာ၊ ကာတွန်းပေါ်လွင်ကျော်၊ ကာတွန်းဩဇသနှင့် ကာတွန်းကိုကောင်းတို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
- ကဗျာဆရာ မန်းတင့်မော်၊ ဘအုန်း-ပုသိမ်၊ နိုဦးဇော်၊ တိုးဝေ၊ ချစ်စုအောင်နှင့် ရေနံ့သာမောင်ကျော်ညွန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။
ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့်
(၂၆-၈-၂၀၂၅)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ်
အတွဲ(၂၉)၊ အမှတ်(၃၂)ထွက်ပြီ။
ကလေးငယ်များအတွက်
ပညာလဲပေး၊ ဗဟုသုတလဲရ
ဟာသလဲပါ၊ ဉာဏ်ရည်လဲတိုးမဲ့

◆ အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ ◆

သိပ္ပံနှင့် လူမှုရေး၊ ပညာရေး၊ နိုင်ငံတကာဗဟုသုတ ကဏ္ဍစုံလင်စွာဖြင့်
စာဖတ်ပရိသတ်များ၏လိုအင်များကို အမြဲဖြည့်ဆည်းပေးလျက်ရှိသော

တေဇ ရုပ်စုံ
◆ မိမိရင်သွေးငယ်များအတွက် ပုံပြင်ဗဟုသုတကဏ္ဍ၊ ဝတ္ထုတိုကဏ္ဍ၊ နိုင်ငံတကာသိမှတ်ဖွယ်ရာအဖြာဖြာကဏ္ဍ၊ တေဇသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြထားသည့်စာစောင်
◆ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသည့် ကာတွန်းကဏ္ဍ၊ ကလေးများ အသိဉာဏ်ပညာမြင့်မားစေရေးအတွက် ဉာဏ်စမ်းကဏ္ဍများပါရှိသည့်စာစောင်
◆ ရင်သွေးငယ်လေးများ မြန်မာစကားပုံများကို လေ့လာသိရှိစေရန် အတွက် မြန်မာမှုဥပစာစကားများကို ပုံနှင့်တကွ ဖော်ပြထားသည့် စာစောင်
◆ ရင်သွေးငယ်လေးများ မြန်မာစာအရေးအသား မြင့်မားတိုးတက်လာစေမည့် စာစီစာကုံးပြိုင်ပွဲပါရှိသည့်စာစောင်
◆ ကာတွန်းသရုပ်ဖော်ပန်းချီနှင့်အတူ တေဇကလေးတို့အတွက် စက်တင်ဘာလထုတ် တေဇရုပ်စုံစာစောင်ထွက်ရှိလို့လာပါပြီ။
ဆက်သွယ်ရန် - ဖုန်း ၀၉ ၄၀၃၂၅၈၄၅၁ (စာတည်းဌာန)
၀၉ ၃၂၄၉၈၃၂၄ (ဖြန့်ချိရေး)
မြဝတီစာပေတိုက်က ထုတ်ဝေသည်။

# ၂၀၂၅ ခုနှစ် စက်တင်ဘာလ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၃၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေနှင့်မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ၈ ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၅ ရက်မှ ၇ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ၁ ပေခွဲမှ ၄ ပေခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်ပြီး မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁ ပေမှ ၂ ပေခွဲခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့်မော်လိုက်မြို့တို့တွင် ၂ ပေမှ ၃ ပေခွဲခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်ပြီး ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ ၂ ပေခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်သည်။

ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၁ ပေမှ ၂ ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ပေဝက်ခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၁ ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၂ ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၁ ပေခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်ပြီး မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၁ ပေခွဲခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၂ ပေမှ ၂ ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ၂ ပေခန့်နှင့် ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၁ ပေမှ ၁ ပေခွဲခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်သည်။

(မိုး/ဇလ)

## ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၃၁

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခွဲခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၂ လက်မခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၁ ပေခန့်တွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့၊ မဒေါက်မြို့နှင့်ဘားအံမြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့်မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

## စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၆၄၁၀ ဖြစ်ကြောင်းထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၃၁

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်း ဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁ ရက်မှ ၇ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၄၁၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့်ဈေးနှုန်းထက် ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင်မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်တနင်္လာနေ့တိုင်းထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

မြဝတီ

## ပဲပုပ်တိုးမြှင့်စိုက်ပျိုးထုတ်လုပ်ရေးအတွက် တောင်သူဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၃၁

ဧရာဝတီတိုင်းဒေသကြီး၌ ပဲပုပ်တိုးမြှင့်စိုက်ပျိုးထုတ်လုပ်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ရှိ အစည်းအဝေးခန်းမ၌ တောင်သူဆွေးနွေးပွဲကျင်းပကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မိုးမျိုးတင့်က အဖွင့်အမှာစကား ပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး ပဲ၊ နှမ်း ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌက ပဲပုပ်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုအပေါ် အသင်းအနေဖြင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများအား တင်ပြဆွေးနွေးသည်။

ယင်းဆွေးနွေးပွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ပဲပုပ်ပညာရှင် ဒေါက်တာမာမာဝင်းက ပဲပုပ်တိုးချဲ့စိုက်ပျိုးရေးအတွက် ပဲပုပ်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု နည်းပညာများအားလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးထွန်းမြက မြန်မာနိုင်ငံ စားသုံးဆီနှင့် ပဲပုပ်ကြိတ်ဖတ် ဖူလုံရေးနှင့် ပို့ကုန်နှစ်ဆတိုးမြှင့်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး၏ပဲပုပ်သီးနှံ တိုးချဲ့စိုက်ပျိုးရေးအစီအစဉ်အားလည်းကောင်း၊ Myanmar Soy Development Group မှ ဒေါ်သဲအိဖြူက ပဲပုပ်ဆီနှင့်ပဲပုပ်ကြိတ်ဖတ် ထုတ်လုပ်ခြင်းဆိုင်ရာနည်းပညာအားလည်းကောင်း တင်ပြဆွေးနွေးပေးပြီး မဲခေါင်-လန်ချန်း စီမံကိန်းအစီအစဉ်ဖြင့် ပဲပုပ်စိုက်ပျိုးထုတ်လုပ်ရေးအတွက် ပဲပုပ်မျိုးရေဆင်း(၁၅)မျိုး တင်း ၁၃၀ အား မြို့နယ် ၂၆ မြို့နယ်အတွက် ပေးအပ်သည်။ ဆက်လက်၍ ပဲပုပ်သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအပေါ် တက်ရောက်လာသည့် မြို့နယ်ဦးစီးမှူးများနှင့်တောင်သူများ ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဇော်မျိုး(မြဝတီ)

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၉-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၃၅ | ၃၀၅၀ | ၃၀၁၅ | ၂၉၅၀ | ၃၀၅၅ | ၃၀၇၀ | ၃၀၉၀ | ၃၀၀၅ | ၄၅၀၅ | ၃၃၀၀ | ၃၀၂၅ | ၃၀၂၅ | ၃၀၉၅ | ၃၀၆၀ | ၃၀၈၀ | ၃၃၄၀ |
| 95 Ron | ၃၀၂၅ | ၃၁၄၀ | ၃၁၀၅ | ၃၀၄၀ | ၃၁၄၅ | ၃၁၆၀ | ၃၁၇၅ | ၃၀၉၅ | ၄၅၆၀ | ၃၃၉၀ | ၃၁၁၀ | ၃၁၁၅ | ၃၁၈၅ | ၃၁၅၀ | ၃၁၇၀ | ၃၄၂၅ |
| HSD (500 ppm) | ၂၅၃၅ | ၂၆၅၀ | ၂၆၁၅ | ၂၅၅၀ | ၂၆၅၅ | ၂၆၇၀ | ၂၆၈၅ | ၂၆၀၅ | - | ၂၉၀၀ | ၂၆၂၀ | ၂၆၂၅ | ၂၆၉၅ | ၂၆၆၀ | ၂၆၈၀ | ၂၉၃၅ |
| HSD (50 ppm) | ၃၁၄၀ | ၃၂၅၀ | ၃၂၂၀ | ၃၁၅၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၉၀ | ၃၂၁၀ | ၄၈၃၀ | ၃၅၀၅ | ၃၂၂၅ | ၃၂၃၀ | ၃၃၀၀ | ၃၂၆၅ | ၃၂၈၅ | ၃၅၄၀ |
| HSD (10 ppm) | ၃၁၄၀ | ၃၂၅၀ | ၃၂၂၀ | ၃၁၅၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၉၀ | ၃၂၁၀ | - | ၃၅၀၅ | ၃၂၂၅ | ၃၂၃၀ | ၃၃၀၀ | ၃၂၆၅ | ၃၂၈၅ | ၃၅၄၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၆၈ | ၂၈၅၇ |
| 95 Ron | ၂၈၅၄ | ၂၉၄၅ |
| HSD (500 ppm) | ၂၃၇၉ | ၂၄၅၆ |
| HSD (50 ppm) | ၂၉၆၅ | ၃၀၅၄ |
| HSD (10 ppm) | ၂၉၆၅ | ၃၀၅၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

❖ စိုက်ပျိုးရေးလုပ်ငန်းများတွင် ပန်းတိုင်ရည်မှန်းချက်များပြည့်မီရေးအတွက် လိုအပ်သည့် သွင်းအားစုများကို မှန်မှန်ကန်ကန်ဖြည့်သွင်းပေးနိုင်ရန်လိုအပ်မည်ဖြစ်ပြီး စိုက်နည်းစနစ်များလည်း မှန်ကန်မှုရှိရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေလ ၂၀ ရက်နေ့တွင်ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr. Shri Narendra Modi နှင့်တွေ့ဆုံဆွေးနွေး

## ကုန်သွယ်မှုကဏ္ဍမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ အမြင်ချင်းဖလှယ်ဆွေးနွေး


နေပြည်တော် ဩဂုတ် ၃၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr. Shri Narendra Modi နှင့် ယနေ့ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် တီယန်ကျင်းမြို့ရှိ Wanda Vista ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအား အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ခရီးစဉ်တွင်လိုက်ပါလာသည့် ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ တပ်မတော်အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့်အတူ အိန္ဒိယနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၃ ●



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr. Shri Narendra Modi နှင့် တွေ့ဆုံဆွေးနွေးစဉ်။

## အာရှချန်ပီယံလိဂ် အမျိုးသမီးကလပ်ခြေစစ်ပွဲ အုပ်စုတွင်းပြိုင်ပွဲတွင် မြန်မာကလပ် ISPE အသင်းက ဖိလစ်ပိုင်ကလပ် Stallion Laguna အသင်းကိုအနိုင်ယူ၍ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်

ရန်ကုန် ဩဂုတ် ၃၁

မြန်မာနိုင်ငံကအိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၂၅-၂၀၂၆ ရာသီ အာရှချန်ပီယံလိဂ် အမျိုးသမီးကလပ်ခြေစစ်ပွဲ အုပ်စု(အေ) ပြိုင်ပွဲ မြန်မာကလပ် ISPE အသင်းနှင့် ဖိလစ်ပိုင်ကလပ် Stallion Laguna အသင်းတို့ ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ISPE အသင်းက Stallion Laguna အသင်းကို ၃ ဂိုး ၁ ဂိုးဖြင့်အနိုင်ယူ၍တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်သွားပြီဖြစ်သည်။

စာမျက်နှာ ၁၄ ကော်လံ ၄ ■

လေဖိအားနည်းဆဲလ် ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် လေပွေလှိုင်းအဖြစ် အားလျော့သွား၊ လေပွေလှိုင်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းဖြစ်ပေါ်နိုင် စာ - ၂၆ သို့